ကြေးမုံ
*The Mirror Daily*
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၉ ရက် ကြာသပတေးနေ့။ Thursday, 4 May 2017 (၈၉၁၄)


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိ

စာမျက်နှာ - ၃

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပ

စာမျက်နှာ - ၅

နောက်ဆုတ်ဖို့ ကြိုးစားရင်း ရှေ့မတိုးမိဖို့ လိုပေသည်

စာမျက်နှာ - ၆

မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရန် ဆွေးနွေး

စာမျက်နှာ - ၈

ဒုတိယအကြိမ်မြောက် မီးအလှူပြပွဲတော်ကို မန္တလေးမြို့ ကျုံးတောင်ဘက်အနီး၌ ကျင်းပမည်

စာမျက်နှာ - ၁၀


# ဘက်စုံပညာထူးချွန် နဝမတန်း ကျောင်းသား ကျောင်းသူများ ပင်းတယမြို့နယ်၌ ဆက်လက်လေ့လာပြီး တောင်ကြီးမြို့သို့ ရောက်ရှိ



ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော်အတွင်း လေ့လာကြသည့် ဘက်စုံပညာထူးချွန် နဝမတန်း ကျောင်းသား ကျောင်းသူများအား ကျောက်မောင်းတီးခတ်ပြနေစဉ်။

**ညောင်ရွှေ မေ ၃**

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(အင်းလေး)သို့ ရောက်ရှိနေကြသည့် နဝမတန်း ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် အင်းလေး ခေါင်တိုင် (ဟူပင်ဟိုတယ်)မှ ပင်းတယမြို့သို့ ထွက်ခွာကြပြီး ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ကာ စံကျောင်းတော်ကို လေ့လာကြသည်။

ယင်းနောက် ထူးချွန်လူငယ်များသည် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားသို့ ရောက်ရှိကြပြီး လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ သဘာဝကျောက်ခက်ပန်းဆွဲကြီးများနှင့် ကျောက်စက်မိုးမျှော်များကို လေ့လာကြကာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ကြသည်။ အဆိုပါလိုဏ်ဂူအတွင်းတွင် ရှေးဟောင်းရုပ်ပွားတော် ၈၀၉၄ ဆူ တည်ထားကိုးကွယ်ထားကြောင်း သိရသည်။

ဆက်လက်၍ ထူးချွန်လူငယ်များသည် ပင်းတယမြို့အတွင်းရှိ ရိုးရာထီးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ သံရည်ကြိုလုပ်ငန်း၊ ရွှေနန်းတော် သစ်အချောထည်လုပ်ငန်းနှင့် စိန်ငွေမြပြောင်းအခြောက်ခံလုပ်ငန်းများကို လေ့လာပြီး ညနေပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိရာ မြို့နယ်တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘိ**

KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# နည်းပညာဆိုင်ရာ ဝန်ဆောင်သင်ကြားမှုကို ဖန်တီးကြမယ်

တိုင်းပြည်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးကဏ္ဍမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်ပါသည်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် တစ်သန်းအောက်၌သာရှိခဲ့ပါသည်။ ကိန်းဂဏန်းအရ ပြောရမည်ဆိုပါက ၆၅၃၅၄၉ ဦးသာရှိခဲ့ပါသည်။ သို့သော် ၎င်းကိန်းဂဏန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ၄ ဒသမ ၇ သန်းအထိ တိုးပွားလာခဲ့သည်ကို ကြည့်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၏ တိုးတက်မှုမြန်ဆန်ပုံကို ခန့်မှန်းကြည့်နိုင်ပါသည်။

ကမ္ဘာလှည့်ခရီးသည်တို့ တိုးပွားလာသည်နှင့်အမျှ ၎င်းတိုးပွားလာသော ကမ္ဘာလှည့်ခရီးသည်တို့ တည်းခိုနားနေရန် ဟိုတယ်အကြီးအသေးမျိုးစုံတို့ကို တည်ဆောက်လုပ်ကိုင်ရမည်ဖြစ်ပါသည်။ ဟိုတယ်အကြီးအသေးတို့တည်ဆောက်မှုနှင့်အတူ ဟိုတယ်ဝန်ထမ်းတို့ကို ဆိုင်ရာကဏ္ဍအလိုက် တိုးချဲ့ခန့်အပ်တာဝန်ပေးရမည်ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားလုပ်ငန်း၊ အစားအသောက်လုပ်ငန်းနှင့် အမျိုးမျိုးသောဝန်ဆောင်မှုလုပ်ငန်းတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်မှုနှင့်အတူ ပိုမိုကျယ်ပြန့်အားကောင်းလာမည်ဖြစ်ပါသည်။

၎င်းနေရာ၌ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသည်တို့ကို တခြားကမ္ဘာ့နိုင်ငံတို့၌ ရရှိခံစားလျက်ရှိသော နိုင်ငံတကာစံချိန်မီဝန်ဆောင်မှုမျိုး ပေးအပ်နိုင်စွမ်းရှိရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်လာပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသော သင်တန်းမျိုးစုံတို့ ဖွင့်လှစ်သင်ကြားနိုင်မှုသည် များစွာအားနည်းလျက်ရှိပါသည်။ ၎င်းသို့သောအခြေအနေတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကတက္ကသိုလ်တစ်ခုကို နေပြည်တော်တွင် ဂျပန်ခရီးသွားလုပ်ငန်းတက္ကသိုလ်တစ်ခုက ဒေါ်လာသန်းနှစ်ရာ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်မည်ဟူသော သတင်းသည် မင်္ဂလာသတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းကိုယ်တိုင်က ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးလျက်ရှိသော Osaka University of Tourism ဖြစ်၍ ပိုမိုစိတ်အားတက်စရာဖြစ်ပါသည်။ နေပြည်တော်တွင် တည်ဆောက်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူများက အလုပ်သင်အဖြစ်လက်တွေ့လုပ်ငန်းခွင် လေ့လာနိုင်ရန် နိုင်ငံတကာအဆင့်မီဟိုတယ်ပါ ထည့်သွင်းတည်ဆောက်သွားမည်ဟုလည်း သိရသည်။ သို့ဖြစ်ပါ၍ Osaka University of Tourism ၏ နှစ် (၁၀၀)ပြည့်နှင့်တိုက်ဆိုင်၍ နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်ရန် ရည်မှန်းထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကတက္ကသိုလ်သည် တိုင်းပြည်၏လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးမည့် တက္ကသိုလ်ဟု ဆိုချင်ပါသည်။ တိုင်းပြည်၏ အခြားသောကဏ္ဍများ၌လည်း ၎င်းကဲ့သို့ တိုင်းပြည်၏လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပံ့ပိုးပေးမည့် နည်းပညာဆိုင်ရာ ဝန်ဆောင်သင်ကြားမှုတို့ကို ဆတက်ထမ်းပိုး ကြိုးပမ်းအကောင်အထည်ဖော်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မဲပလဲ့-ကော့ကော်-ထိဝါကလေး နယ်စပ်ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် မေ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ မဲပလဲ့-ကော့ကော်-ထိဝါကလေး နယ်စပ်ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော့ကရိတ်ခရိုင်တာဝန်ခံက နယ်စပ်ပတ်လမ်းနှင့် ပတ်သက်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံပြည်သူ ဦးစောတင်နုက လမ်းဖောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစောရင်နု၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ နယ်စပ်ပတ်လမ်းသည် သက်နှံးညီနောင်၊ မဲပလဲ့မှ ကလေဖိုးခွီးအထိ (၆၈/၀)မိုင်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မဲပလဲ့-ကော့ကော်-ထိဝါကလေးလမ်း (၁၇/၀) မိုင်အား ကျောက်ရောမြေခင်းခြင်းနှင့် တံတားများ တည်ဆောက်ခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များတွင် ထိဝါကလေး-တာလေ - ဝါးမီးကုလား (၄၀/၀) မိုင်အား ကျောက်ခင်းခြင်းနှင့် တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ယနေ့ဖွင့်လှစ်ခဲ့သော မဲပလဲ့-ကော့ကော်-ထိဝါကလေး လမ်းပိုင်းမှ (၁၅/၄)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများအတွက် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၇၈၃၅ ဒသမ ၂၉၁ သန်း ကျခံသုံးစွဲဆောင်ရွက်ခဲ့သည်။

ဆက်လက်၍လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝါးမီးကုလား-ကလေဖိုးခွီး လမ်း(၁၁/၀) မိုင်အား မြေသားလမ်းဖောက်လုပ်ပေးခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ရာ မကြာမီကာလအတွင်း ကလေဖိုးခွီးမှတစ်ဆင့် ခလယ်ဒေး-လေးဝါး-မဲသဝေါဒေသအထိ တစ်ဆက်တည်းဖောက်လုပ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသောနယ်စပ်ပတ်လမ်းကြီးတစ်ခု ပေါ်ပေါက်လာမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြဝတီမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်း ကျောင်းအုပ်နှင့် နည်းပြများအား တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ကော့ကရိတ်မြို့မှ ဆက်လက်ထွက်ခွာပြီး မွန်ပြည်နယ် ဘီးလင်းမြို့ မဲလံ(အောက်)-ဖားကဒူး ကတ္တရာခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းအမှတ်စဉ်(၇/၂၀၁၇)ဖွင့်ပွဲကို မေ ၂ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးရှိ ဇမ္ဗူသီရိပိမာန်တော်၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အဖွင့်အမှာစကားပြောကြားစဉ်။ **(ကြေးမုံ)**

# တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ပလောက် မေ ၃**

ပလောက်မြို့ အမှတ်(၁)ရပ်ကွက်တွင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ရီရီသိန်းနှင့်အဖွဲ့သည် တစ်နှစ်အောက်ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုထိုးဆေးများထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေးများ တိုက်ကျွေးခြင်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး(PCV) ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ပလောက်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃**

ရန်ကုန်(ရွှေဈေး) ၉၀၄၀၀၀ - ၉၀၄၀၀၀ မန္တလေး(ရွှေဈေး) ၉၀၄၀၀၀ - ၉၀၄၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၂၅ ကျပ်၊ | ၇၄၅/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၃/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၅/၆၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၃၅၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၄. ၂၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၀. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၁၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၃. ၂၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကို မိုးညှင်းတွင်ပြုလုပ်

**မိုးညှင်း မေ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မရပ်ကွက် ကမ္ဘာကျော်ကဖေးနှင့် အအေးစင်တာတွင် မေ ၃ ရက် မွန်းလွဲ ၂ နာရီက ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ်အတွင်းမှ တက်ရောက်လာကြသော သတင်းစာ၊ ဂျာနယ်အသီးသီးမှ မီဒီယာများကသတင်းရယူခြင်း၊ ရေးသားခြင်း အတွေ့အကြုံများအကြောင်းကို တက်ရောက်လာကြသူများက အသီးသီး ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားသို့ မိုးညှင်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် နာယကများ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **(ဝ၅၈)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

## ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းတက်ရောက်သူများမှ ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်မည်

**နေပြည်တော် မေ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်သော ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့ရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီးဒေါက်တာမင်းသန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နိပွန်ဖောင်ဒေးရှင်းမှ Programme Director ဖြစ်သူ Mr. TakehiroUmemura က သင်တန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိပွန်ဖောင်ဒေးရှင်း၊ ဂျပန်နိုင်ငံတကာတက္ကသိုလ်နှင့် AAT Business Centre မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းကို မေ ၂ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၁ ဦး စုစုပေါင်း ၃၉ ဦး တက်ရောက်ကြမည်ဖြစ်ရာ သင်တန်းတက်ရောက်သူများမှ ၁၀ ဦးမှ ၂၀ ထိကို ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ရက်သတ္တတစ်ပတ် လေ့လာရေးခရီးစေလွှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ)ပွဲစဉ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၃**

၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ) ပွဲစဉ်ကို ရေပြာတပ်မတော်ဂေါက်ကွင်း နေပြည်တော်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများသည် သတ်မှတ်ခုံ၌ နေရာယူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ Mottama Holdings Co.,Ltd. မှ Chairman ဦးရန်မော်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ပထမနေ့ ၁၈ ကျင်းကိုကျင်းပသည်။

ပြိုင်ပွဲတွင် Professional ၃၇ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၁၃၀၊ ဝါသနာရှင်(အမျိုးသမီး) ၁၁ ဦး စုစုပေါင်း ၁၇၇ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီနိုင်ငံ ရောမမြို့သို့ရောက်ရှိ

**အီတလီ (ရောမ) မေ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့်ဇနီး၊ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ အကြီးတန်းအရာရှိ Mr. Andrea Cavalari နှင့် သံရုံးဝန်ထမ်းများက ရောမမြို့ Fiumicino အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အီတလီဝန်ကြီးချုပ်ဟောင်း Mr. Romano Prodi နှင့် ဒေသစံတော်ချိန်ညနေ ၄ နာရီတွင် ရောမမြို့ရှိ ခေတ္တတည်းခိုသည့် Boscolo Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မဒေးကျွန်းရှိ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး စီမံကိန်းဝင်းအတွင်း သဘာဝဓာတ်ငွေ့နှင့် ရေနံသိုလှောင်ကန်ကြီးများ၊ ပိုက်လိုင်းများ သွယ်တန်းထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက်စက်ရုံပင်မထိန်းချုပ်ခန်းတွင် တာဝန်ခံ Mr. CHEV XIANG QIU နှင့် တာဝန်ရှိသူများက ပိုက်လိုင်းများကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ တည်ဆောက်ထားခြင်း၊ ထုတ်လုပ်ရေးကုမ္ပဏီနှင့် စက်ပစ္စည်းများ ရွေးချယ်ခြင်းတို့ကို Video Clip များဖြင့် ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ၎င်းလုပ်ငန်းအား ဆက်လက် အားပေးကူညီမည်ဖြစ်ကြောင်း၊ မျှတသောအကျိုးစီးပွားဖြစ်ထွန်းပါက နိုင်ငံ့အကျိုးစီးပွားပင်ဖြစ်ကြောင်း၊ လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးသွားသည့် သစ်ပင်၊ သစ်တောနှင့် ငါးဖမ်းခြင်းလုပ်ငန်းများကို ပြန်လည်တည်ဆောက်နိုင်အောင် ကူညီပေးရန်လိုအပ်ကြောင်း၊ မဒေးကျွန်းရှိ ပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများ ပို့ချပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသခံပြည်သူများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ညနေ ၃ နာရီတွင် ကျောက်ဖြူမြို့ ငလပွေကျေးရွာ ငလပွေကျောင်းတိုက်သို့ ရောက်ရှိပြီး ဒေသတွင်းရှိ ကျေးရွာအုပ်စုများမှ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုပြီး ကျောက်ဖြူမြို့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးစီးသည့် ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံ၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆည်နဲ့ရေ
ရေနဲ့တော
သည်ဆည်တွေ
ရွှေရေကိန်းဖို့
ထိန်းရှာတဲ့ တော

# ပြုံယမ်းအရေး သမ္မတထရန့်နှင့် ပူတင်တို့ဆွေးနွေး

**ဝါရှင်တန် မေ ၃**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် မြောက်ကိုရီးယား နျူကလီးယားလက်နက် ဖွံ့ဖြိုးရေးအစီအစဉ်နှင့်ပတ်သက်ပြီး ကိုင်တွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းကောင်းများထွက်ပေါ်လာရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၂ ရက်တွင် သမ္မတထရန့်နှင့် ရုရှားသမ္မတပူတင်တို့သည် တယ်လီဖုန်းမှတစ်ဆင့် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တင်းမာမှုများ ပြေလျော့လာစေရန် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်သင့်သည်ဟု သမ္မတပူတင်က ပြောကြားခဲ့ကြောင်း ရုရှားသမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ထိန်းချုပ်နိုင်ရေးနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ရည်ရွယ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ခြင်းဖြစ်သည်ဟု အဆိုပါကြေညာချက်တွင် ပါရှိသည်။

ဆီးရီးယားနိုင်ငံအရေးနှင့်ပတ်သက်ပြီး ပြည်တွင်းစစ်ပွဲများရပ်တန့်သွားရန် နှစ်နိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်သမျှ အရာအားလုံးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်ဟု အိမ်ဖြူတော်ကဆိုသည်။ ထို့ပြင် သမ္မတနှစ်ဦးက အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အကြမ်းဖက်မှုများ ပပျောက်စေရန် အကြမ်းဖက်အဖွဲ့အစည်းများကို ပူးပေါင်းတိုက်ဖျက်ချေမှုန်းသွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါခေါင်းဆောင်နှစ်ဦး၏ တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများသည် အလုပ်သဘောဆွေးနွေးမှုဖြစ်သော်လည်း အပြုသဘောဆောင်သည်ဟု ကရင်မလင်ရုံးနှင့် အိမ်ဖြူတော်က ဆိုသည်။

ဇူလိုင်လတွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကျင်းပမည့် ဂျီ-၂၀ အစည်းအဝေးပွဲ၏ ပြင်ပအစည်းအဝေးပွဲများအတွက် တိုင်ပင်ညှိနှိုင်းမှုများလုပ်ဆောင်ရန် တယ်လီဖုန်းမှတစ်ဆင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**




# အာဖဂန်နစ္စတန်ရှိ အမေရိကန်သံရုံးအနီး အိုင်အက်စ်တို့ ကားဗုံးခွဲမှုကြောင့် ရှစ်ဦးသေဆုံး

**ကဘူး မေ ၃**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်ရှိ အမေရိကန်စစ်ဘက်ယာဉ်တန်းကို မေ ၃ ရက်တွင် အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)တို့က အသေခံကားဗုံးဖောက်ခွဲမှု တစ်ခုပြုလုပ်ခဲ့သည့်အတွက် အရပ်သားရှစ်ဦး သေဆုံးခဲ့ရသည်။

အဆိုပါ တိုက်ခိုက်မှုမှာ အိုင်အက်စ်တို့၏ လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် ဗာဆေသတင်းဝက်ဘ်ဆိုက်က အာရဗီဘာသာစကားဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ နေတိုးအဖွဲ့က ထောက်ပံ့ထားသည့် လုံခြုံရေးဝန်ထမ်း သုံးဦး အပါအဝင် ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်သံရုံးနှင့် အာဖဂန်တရားရုံးချုပ်တို့အနီးတွင်ဖြစ်ပွားသည့် အဆိုပါဗုံးပေါက်ကွဲမှုကြောင့် စစ်ဘက်သုံးသံချပ်ကာကားတစ်စီးအပါအဝင် ကားသုံးစီးပျက်စီးခဲ့ရသည်။ ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်ဟု သိရသည်။

ဧပြီ ၁၃ ရက်တွင် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့က အိုင်အက်စ်တို့ ပုန်းအောင်းနေသည့် နန်ဂါဟာပြည်နယ်အရှေ့ပိုင်း ဥမင်လိုဏ်ဂူတစ်ခုကို နျူကလီးယားဗုံးမဟုတ်သည့် အကြီးဆုံးဗုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အိုင်အက်စ်တိုက်ခိုက်ရေးသမား ၁၀၀ နီးပါးသေဆုံးခဲ့ရသကဲ့သို့ စစ်သွေးကြွများ ပုန်းခိုနေသည့် ကတုတ်ကျင်းများနှင့် ဥမင်လိုဏ်ခေါင်းများကို ဖျက်ဆီးနိုင်ခဲ့သည်။ **ဆင်ဟွာ။**




# ခေတ်မီပုံစံသစ် ဘရာမို့စ်ခရုဇ်ဒုံးကျည် အိန္ဒိယကြည်းတပ် စမ်းသပ်ပစ်ခတ်မှုအောင်မြင်

**နယူးဒေလီ မေ ၃**

အိန္ဒိယကြည်းတပ်သည် ခေတ်မီပုံစံသစ်ဘရာမို့စ်အမျိုးအစား ခရုဇ်ဒုံးကျည်တစ်စင်းကို မေ ၂ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာန အေအိုင်အာရ်က သတင်းထုတ်လွှင့်သည်။

မြေပြင်မှ မြေပြင်ပစ် ခရုဇ်ဒုံးကျည်အမျိုးအစားသစ်ကို ကပ္ပလီနှင့်နီကိုဘာကျွန်းစုတွင် စမ်းသပ်ပစ်ခတ်ခြင်းဖြစ်ကြောင်း အေအာရ်အိုင်က ဖော်ပြသည်။ ယင်းဒုံးကျည်ကို ရွေ့လျားလောင်ချာပစ်စင် အသုံးပြု၍ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်ပစ်ခတ်ခဲ့သော ဒုံးကျည်သည် အတုပြုလုပ်ထားသောပစ်မှတ်၏အလယ်ဗဟိုကို တိကျစွာ ထိမှန်ခဲ့ကြောင်း၊ ပြိုင်ဘက်ကင်းသော အစွမ်းထက်လက်နက်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက် အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ယခုနှစ်ဧပြီလအတွင်းက အသံထက်မြန်သော မူကွဲအမျိုးအစား ဘရာမို့စ်မြေပြင်တိုက်ခိုက်ရေးဒုံးကျည်တစ်စင်းကို အိန္ဒိယရေတပ်က အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့သည်။

အိန္ဒိယရေတပ်၏ ရှေ့တန်းတာဝန်ထမ်းဆောင်နေသည့် စစ်ရေယာဉ်အများစုသည် အဆိုပါအမျိုးအစားဒုံးကျည်ကိုပစ်လွှတ်နိုင်သည့် စွမ်းရည်ရှိကြောင်း ကာကွယ်ရေးဌာနတာဝန်ရှိသူများက ပြောကြားကြသည်။

**ဆင်ဟွာ။**



# တရုတ်နိုင်ငံနှင့် အပြုသဘောဆောင်သည့်ဆက်ဆံရေး ဖြစ်ပေါ်စေရန် အမေရိကန်သံအမတ်သစ် ကတိပြု

**ဝါရှင်တန် မေ ၃**

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ဆက်ဆံရေးဖြစ်ပေါ်တိုးတက်စေရန် ဆောင်ရွက်နိုင်မည့် သံအမတ်တစ်ဦးကို မိမိခန့်အပ်လိုက်ကြောင်း သမ္မတဒေါ်နယ်လ်ထရန့်က မေ ၃ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် မေ ၂ ရက်တွင် ခန့်အပ်ခံရသူမှာ တယ်ရီဘရန်တက်ဆိုသူဖြစ်ပြီး အသက် (၇၀)အရွယ်ရှိပြီဖြစ်သည်။ ဘရန်တက်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှစ၍ အိုင်အိုဝါပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လာခဲ့သူဖြစ်သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်၊ အမေရိကန်-တရုတ်ကုန်သွယ်ရေး အငြင်းပွားမှုများ၊ လူ့အခွင့်အရေးကိစ္စရပ်များတို့နှင့် ပတ်သက်နေသော ပြဿနာများနှင့်ပတ်သက်၍ တရုတ်နှင့်ထိတွေ့ဆက်ဆံရာတွင် တိကျခိုင်မာသော သဘောထားရပ်တည်ချက်ကို ကိုင်စွဲသွားရန် ဘရန်တက်က ကတိပြုသည်။

အိုင်အိုဝါပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် တရုတ်နှင့် အမေရိကန်အကြား အပြုသဘောဆောင်သည့်ကုန်သွယ်ရေးဆက်ဆံမှု အခိုင်အမာ ဖွံ့ဖြိုးတိုးတက်ရေးအရေးကြီးပုံကို မိမိကောင်းစွာနားလည်သိရှိကြောင်း ဘရန်တက်က ပြောကြားသည်။

တရုတ်နှင့်အမေရိကန်အကြား ကုန်သွယ်ရေးဆက်ဆံမှုတိုးတက်ရေးအရေးကြီးပုံကို ဘရန်တက်က အမေရိကန်အမတ်များအား ရှင်းလင်းတင်ပြခဲ့သည်။

မြို့ပြလေကြောင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၊ စက်မှုနည်းပညာဖြင့် ထုတ်လုပ်သောကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အီလက်ထရွန်နစ်ထုတ်ကုန်များ၊ အခြားထုတ်ကုန်များကို တရုတ်နိုင်ငံသို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းဖြင့် အမေရိကန်စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ၂၀၂၀ ပြည့်နှစ်၌ အာဏာသက်ဝင်ရန် အာဘေးမျှော်လင့်

**တိုကျို မေ ၃**

ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ်လွန်ကာလ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကို ဦးတည်သော ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ ပြင်ဆင်ရေးဆွဲကာ အတည်ပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေ ၃ ရက်တွင် ပြောကြားလိုက်သည်။

နှစ်ပေါင်း ၇၀ သက်တမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရန် ရည်ရွယ်သည့် အစီအစဉ်ကို ဝန်ကြီးချုပ် အာဘေးက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး သိမ်းပိုက်သူ အမေရိကန်က ရေးဆွဲပေးခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေအရ ဂျပန်နိုင်ငံ၏ တပ်မတော်အား ကာကွယ်ရေးတပ်ဖွဲ့အဆင့်အတန်းကိုသာ ပေးခဲ့သည်။ ပြုပြင်ပြောင်းလဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ တပ်မတော်၏ အဆင့်အတန်းကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးယား၏ အပြုအမူများနှင့်ပတ်သက်၍ ဒေသတွင်း၌ တင်းမာမှုများမြင့်တက်နေချိန်အတွင်း ဝန်ကြီးချုပ် အာဘေးက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာမှု နှစ် ၇၀ ပြည့်မြောက်သည့်ကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အစီအစဉ်ကို ဝန်ကြီးချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။ **ရိုက်တာ။**

## မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီပေါနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဘင်းကေအူးဒက်စ်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဘင်းကေအူးဒက်စ် ကို ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၇၀ ပြည့်နှစ်တွင် နီပေါနိုင်ငံ Tribhuwan တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ Peshawar တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၈၁ ခုနှစ် ဇန်နဝါရီလမှစတင်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တွင် နှစ်ပေါင်း ၃၀ ကြာ တာဝန်အသီးသီးထမ်းဆောင်ခဲ့ရာ ရုရှား၊ ဂျော်ဒန်၊ ဆွစ်ဇာလန်၊ အာမေးနီးယား၊ အီတလီနှင့် ပါကစ္စတန်နိုင်ငံတို့တွင် လည်းကောင်း၊ ၂၀၀၃ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံ၌ လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ အိန္ဒိယနိုင်ငံ၌လည်းကောင်း၊ ၂၀၀၆ ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလအထိ တောင်အာဖရိကနိုင်ငံ၌လည်းကောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ရာထူးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဂျော်ဒန်ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၄**

Mrs. Riikka Laatu ကို ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mrs. Riikka Laatu ကို ၁၉၅၆ ခုနှစ်တွင် ဖင်လန်နိုင်ငံ ကာဗီယာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ ပထဝီအထူးပြုဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မဝင်ရောက်မီက ဟယ်လ်ဆင်ကီးတက္ကသိုလ်၌ ပထဝီဘာသာရပ်ဆိုင်ရာ နည်းပြအဖြစ်လုပ်ကိုင်ခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှစတင်၍ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအဖွဲ့နှင့် ရောမမြို့အခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဖင်လန်နိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒရေးရာဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန္ဒာဦးကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးသာအောင်ညွန့်အား ဖီဂျီနိုင်ငံသံမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဖီဂျီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၃**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ သတင်းသမားများအတွက် မေ ၃ ရက်သည် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)ဖြစ်ရာ အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကစတင်၍ နှစ်စဉ် ကျင်းပခဲ့သည်။

ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က "မေ ၃ ရက်ကို စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အဖြစ် နှစ်စဉ် ဆောင်ပုဒ်အသီးသီးချမှတ်ပြီး ကျင်းပလာခဲ့ရာ ယခုနှစ်ဆောင်ပုဒ်မှာ အရေးကြီးသောအချိန်တွင် ပိုင်းခြားဝေဖန်တတ်စေရန်၊ ငြိမ်းချမ်းသော၊ တရားမျှတသော၊ အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများဖြစ်ပေါ်ရေးအတွက် ကမ္ဘာတစ်လွှားရှိ မီဒီယာသမားများ စွမ်းဆောင်နိုင်ကြပါစေ (CRITICAL MINDS FOR CRITICAL TIMES: MEDIAS ROLE IN ADVACING PEACEFUL JUST AND INCLUSIVE SOCIETIES) ဟု သတ်မှတ်ထားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတကာမှ အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်များက ရွေးချယ်ချမှတ်လိုက်သည့် ဆောင်ပုဒ်ဖြစ်သည့်အတွက် အနှစ်သာရပြည့်ဝပြီး မိမိတို့တိုင်းပြည်အတွက် လျော်ကန်သင့်မြတ်သည်ဟု မြင်မိပါကြောင်း၊ ယနေ့ကမ္ဘာ၏ နိုင်ငံတကာအခြေအနေများအပေါ် မူတည်၍ ယခုကဲ့သို့ ဆောင်ပုဒ်အသုံးအနှုန်းများ ပေါ်ပေါက်လာသည်ဟု မြင်မိပါကြောင်း" အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာနှင့် လူ့အဖွဲ့အစည်းအတွင်း မီဒီယာ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ "ယနေ့ကမ္ဘာကြီးတွင် မငြိမ်းချမ်းမှု၊ မတရားမှုများအားလုံးပါဝင်နိုင်မှုကို ခွင့်မပြုမှုများ လွှမ်းမိုးနေသည့် ကမ္ဘာကြီးဟု ပြော၍ရပါကြောင်း၊ ယခုကမ္ဘာကြီးမှာ ငြိမ်းချမ်းမှု၊ တရားမျှတမှု အားလုံးပါဝင်မှုများ ထွန်းကားသည့် လူ့အဖွဲ့အစည်းများပေါ်ပေါက်ရန်အတွက် မီဒီယာက တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းနှိုးဆော်ထားပါကြောင်း။

ယနေ့ ကမ္ဘာကြီးတွင် မတရားမှု တစ်ဖက်စောင်းနင်းအတွေးအခေါ်များကြောင့် ပဋိပက္ခများ၊ ထိခိုက်ပျက်စီးနိုင်သည့် အန္တရာယ်များကြုံတွေ့နေရပါကြောင်း၊ ထိုအချိန်တွင် စာနယ်ဇင်းသမားများက အကြောင်းအကျိုးသင့်မြတ်စဉ်းစားတတ်သည့် ဉာဏ်ဖြင့် ရပ်တည်ပေးကြစေလိုကြောင်း၊ ငြိမ်းချမ်းသော၊ တရားမျှတသော၊ အားလုံးတန်းတူညီမျှ




ပါဝင်ခွင့်ရှိသော လူ့အဖွဲ့အစည်းများဖြစ်ရန် ဝိုင်းဝန်းတည့်မတ်ဆောင်ရွက်ပေးကြပါဟု ဆိုလိုသည့်အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အလေးအနက်ထောက်ခံပါကြောင်း။

ယနေ့ မိမိတို့တိုင်းပြည်တွင် အစိုးရနှင့် နိုင်ငံတော်အကျိုးကို လိုလားသည့် အခြားသောပုဂ္ဂိုလ်အဖွဲ့အစည်းများက ဦးတည်ကြိုးပမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုသည်မှာ တရားမျှတပြီး တန်းတူညီမျှ ပါဝင်ခွင့်ရသည့် လူ့အဖွဲ့အစည်းကို ရည်မျှော်ခြင်းဖြစ်ပါကြောင်း" ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "နယ်စည်းမခြား သတင်းထောက်များအဖွဲ့က စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ နှစ်စဉ်နိုင်ငံအလိုက် စာရင်းများ ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်များတွင် မိမိတို့နိုင်ငံသည် ၂၀၁၁- ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇၉ နိုင်ငံအနက် အဆင့် (၁၆၉) နေရာတွင် တည်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် နိမ့်ကျနေရာမှ ကြိုးစားရုန်းထွက်ခဲ့ရာ အဆင့် (၁၅၁)နေရာကို ရောက်ရှိလာခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဆင့် (၁၄၅)၊ ၂၀၁၅ ခုနှစ်တွင် အဆင့်(၁၄၄)၊ ၂၀၁၆ ခုနှစ်တွင် အဆင့် (၁၄၃)စသည်ဖြင့် တစ်ဆင့်ချင်းတိုးတက်လာခဲ့ပါကြောင်း၊ ယခုနှစ် တွင် အဆင့် ၁၂ ဆင့်ထိမြင့်တက်လာပြီး အဆင့် (၁၃၁)သို့ ရောက်ရှိလာသည်ကို တွေ့ရပါကြောင်း။

နိုင်ငံပေါင်း ၁၈၀ ရှိသည့် ကမ္ဘာကြီးတွင် အဆင့် (၁၃၁)သည် ဂုဏ်ယူစရာ၊ ကြွေးကြော်စရာ မဟုတ်ပါကြောင်း၊ သို့သော် ယခုကဲ့သို့ တိုးတက်လာသည့်အတွက် ဝမ်းမြောက်စရာဖြစ်သည်ဟု ပြောလိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုအဆင့်မှာ ကျေနပ်မနေဘဲ ယခုထက် ပိုမိုတိုးတက်စေရန် သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အားပေးမြှင့်တင်လိုသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ UNDP ဌာနေကိုယ်စားလှယ် Ms. Renata Lok-Dessallien က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောကြားချက်ကို ဖတ်ကြားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောကြားချက်တွင် သတင်းထောက်များသည် အသံမဲ့ပြည်သူများကို ကိုယ်စားပြုနိုင်ရန် အန္တရာယ်ရှိသည့်နေရာများကို သွားရောက်နေကြရပါကြောင်း၊ ထို့ကြောင့် သတင်းထောက်များအတွက် တရားမျှတမှုရစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့်မှာ ခရီးရောက်ခဲ့ပြီဟုလည်း ပြော၍ရပါကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံရှိ AP သတင်းဌာနမှ ပထမဆုံး ပူလစ်ဇာဆုရရှိခဲ့ပါကြောင်း၊ နိုင်ငံပေါင်း ၁၈၀ တွင် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်မှာ အဆင့် (၁၃၁) တွင် ရှိနေသည့်အတွက် သတင်းလွတ်လပ်ခွင့် ၁၂ ဆင့်အထိ တက်လာခဲ့ပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံရှေ့တွင် နိုင်ငံပေါင်း ၁၃၀ ရှိနေသေးသည့်အတွက် ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မီဒီယာလွတ်လပ်ခွင့်မှာ အတိုင်းအတာတစ်ခုအထိ ရနေပြီဖြစ်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်သည် ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့်နိုင်ငံများအတွက် အရေးပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံအဖွဲ့(ယူနက်စကို) ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ယူနက်စကို ရန်ကုန်ရုံးဌာနေကိုယ်စားလှယ် Ms. Min Jeong Kim က ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး ကောင်စစ်ဝန်ချုပ် Mr. Johan Hallenborg က "မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် ပါဝင်ခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ သတင်းသမားများသည် သတင်းစာအတတ်ပညာကို အသုံးပြုပြီး အမုန်းစကားများကို ပြောဆိုရန်မဟုတ်ဘဲ သမာသမတ်ကျရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့(BNI)၊ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ် (သတင်းအတတ်ပညာဌာန)တို့မှ ကိုယ်စားလှယ်များကလည်း ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ် သဝဏ်လွှာများကို အသီးသီးဖတ်ကြားကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ယူနက်စကိုမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ သတင်းမီဒီယာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်စဉ် မေ ၃ ရက်နေ့ကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အဖြစ် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ယူနက်စကို အထွေထွေညီလာခံမှ ထောက်ခံအတည်ပြုခဲ့သည်။

**သတင်း-ဝင်းနန္ဒာ**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## The Embassy of Mastership ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် မေ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ The Embassy of Mastership ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌ မေ ၈ ရက် ညနေ ၆ နာရီခွဲတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာစာ အနာဂတ်

**အောင်ကျော်ညို(ဆင်ချဆိပ်)**

၂၀၁၇ ခုနှစ် မတ်လတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၇၁၄၅၂၂ ဦးအနက် ကိုယ်တိုင်ရွေးချယ် ဖြေဆိုရသည့် စိတ်ကြိုက် မြန်မာစာဖြေဆိုခဲ့သူများမှာ နှစ်ဦးသာရှိကြောင်း သိရသည်။ ဖြေဆိုရန်စာရင်းပေးသွင်းသူ သုံးဦးရှိခဲ့ပြီး အမှန်တကယ်လာရောက်ဖြေဆိုသူနှစ်ဦးအနက် တစ်ဦးမှာ နိုင်ငံရပ်ခြားစာစစ်ဌာန စင်ကာပူနိုင်ငံမှဖြစ်ပြီး ကျန်တစ်ဦးမှာ မိမိတို့နိုင်ငံ၏ ဗဟိုချက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်မှ ဖြစ်ကြောင်း သိရသည်။ မိမိတို့နိုင်ငံ၏ မိခင်ဘာသာရပ် အနာဂတ်အတွက် ရင်လေးစရာဖြစ်လာပြီလား။

တစ်ချိန်က နိုင်ငံ့မျိုးချစ်ကြီးများကိုယ်တိုင် လက်သီးလက်မောင်းတန်းကာ ကြွေးကြော်ခဲ့သော "ဗမာစာသည် ဒို့စာ" "ဗမာစကားသည် ဒို့စကား" ဟူသည့် ရာစုနှစ်တစ်ခု မတိုင်သေး။ တဖြည်းဖြည်း မှေးမှိန်လာသယောင်ရှိလာနေပါပြီ။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ မြန်မာစကားလုံးဝပျောက်ကွယ်သွားမည် မဟုတ်ပါ။ အကြောင်းမှာ မိမိတို့နိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်နေ၍ ဖြစ်ပါသည်။

ယခုနှစ် စိတ်ကြိုက်မြန်မာစာဖြေဆိုသူတစ်ဦး၏ ထူးခြားချက်မှာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသူဖြစ်နေခြင်း။ ကိုယ့်နိုင်ငံမှာရှိနေတုန်း မြန်မာစာကို အလေးမမူရှိနေခဲ့ငြားလည်း တိုင်းတစ်ပါးသို့ ရောက်ရှိနေချိန်မှာ ကိုယ့်နိုင်ငံနှင့် ကိုယ့်စာပေကိုအလေးထားတတ်လာမှုက မိမိတို့နိုင်ငံသားများ၏ ချစ်စရာအမူအကျင့်ကောင်းတစ်ခုဟုဆိုရပါမည်။ စင်ကာပူမှာ မပီကလာပီကလာနှင့် အင်္ဂလိပ်စကားကို ပြောနေရာမှ ကိုယ့်ဘာသာစာစကားကို လွမ်းဆွတ်သတိရလာမှုမှာ နိုင်ငံ့သားကောင်းတစ်ဦး၏ လက္ခဏာဟုလည်း ပြောနိုင်ပါသည်။

မြန်မာစာမပျောက်ကွယ်စေနိုင်သည့် အမာခံအင်အားစုတစ်ရပ်မှာ မိမိတို့နိုင်ငံရှိနေရာအနှံ့ ရပ်တိုင်းရွာတိုင်းမှာ ရှိနေသည့် ဘုန်းတော်ကြီးကျောင်းများပင်ဖြစ်ပါသည်။ ထက်၊ လယ်၊ မူ စသည့်အခြေခံပညာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ မပေါ်ပေါက်ခင်ကတည်းက ရှိနှင့်ပြီးကျောင်းများဖြစ်သည်။ ယခုကျောင်းများကဲ့သို့ပင် ဘုန်းတော်ကြီးကျောင်းများတွင်လည်း အယုတ်အလတ် အမြတ်မရွေးပါ။ အားလုံးတန်းတူ ပညာယူနိုင်သော တစ်နည်း အခမဲ့ပညာသင်ကျောင်းများ ဖြစ်နေသည်။

မိမိတို့နိုင်ငံ၏ ပဒေသရာဇ်ခေတ်အဆက်ဆက် လက်ရုံးရည်နှလုံးရည်ပြည့်ဝသော ပုဂ္ဂိုလ်ထူးများ ပညာသင်ကြားခဲ့သောကျောင်းများ ဖြစ်သည်။ ဤကျောင်းများတွင် မိခင်ဘာသာစကားများအပြင် တိုင်းတစ်ပါးစာ ပါဠိဘာသာကို အဓိကထားသင်ကြားပေးကြသည်။ မြန်မာစာနှင့်ပတ်သက်၍ သတ်ပုံသတ်ညွှန်း အမှားအယွင်းမခံ၊ မမှားသင့်သည့်အရာ မှားပြီဆိုပါက ထိရောက်စွာ အပြစ်ပေးအရေးယူကြောင်း သမိုင်းအထောက်အထားများ ရှိခဲ့သည်။ နမူနာအားဖြင့် သာလွန်မင်းတရားကြီးလက်ထက် "မြို့ဝန်ကို မြို့ဝံဟု မှားရေးလိုက်မိ၍ သင်မြို့ဝန်မဟုတ်တော့ပြီ။ တောမှာနေသည့်တောဝံ ဖြစ်သွားပြီ။ မြိုင်ရပ်သို့နှင်ထုတ်ကာ ပြစ်ဒဏ်ပေးခဲ့ဖူးသည်။"

မျက်မှောက်ကာလတွင်ဆိုလျှင်ကား အပြစ်ပေး၍ဆုံးမည်မထင်။ သတ်ပုံအမှားအယွင်းများ နေရာအနှံ့မှာ မြင်တွေ့နေရသည်။ စာဆိုလျှင်ကြည့်မြင်တတ်သည့် မိမိ၏ ကျောင်းဆရာအကျင့်ဟုဆိုရမည်။

တစ်နေ့ ဖျာပုံသို့သွားရင်း အပြန်မှာ ကျိုက်လတ်၊ မအူပင်ဘက်မှပြန်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစပ်တွင်တည်ရှိသော "ပန်းတိုင်" ရွာကလေး ရွာအမည်ကိုကွန်ကရစ်တိုင်နှင့်ကမ္ပည်းတင်ထားသည်။ ကျောင်းအမည်လည်း ပန်းတိုင်အထက်တန်းကျောင်းခွဲဖြစ်နေပါလျက် ရွာနှင့်ကပ်လျက်နေရာတွင် ရှိနေသော ရေလွှဲဆည်မှာ "ပန်တိုင်ရေလွှဲဆည်" ဖြစ်နေသည်။ ပန်းတိုင်လား၊ ပန်တိုင်လား ရေးတော့အမှန်ဖတ်တော့အသံဆိုစကားအတိုင်းပင် ဒေသခံများက ယင်းရွာကို "ပန်းတိုင်" ဟု မခေါ်ကြ "ပန်တိုင်" ဟုသာပြောကြသည်။ ပန်တိုင်နှင့် ပန်းတိုင်ကား အရေးနှင့်အဖတ် ရောယှက်နေပြီလား။

ဤကဲ့သို့ပင် အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် မမှားသင့်သည့်သတ်ပုံသတ်ညွှန်းအမှားများကို မမြင်ချင်အဆုံးပါ။ ယခုလို ပွင့်လင်းမြင်သာသောကာလမျိုးတွင် သေချာစိစစ်မှုပြုသင့်ပါသည်။ ကိုယ့်စာပေနှင့် ကိုယ့်နိုင်ငံသားနားလည်မှုပေးနိုင်ငြားလည်း မြန်မာစာကို လေ့လာနေသော တိုင်းတစ်ပါးသားများအမြင်မှာ အရှက်ရစရာဖြစ်နေပါသည်။

လက်ရှိကာလတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းဖွဲ့စည်းကာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေကြသလို တာဝန်ရှိသူများကလည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးတွင် စာရေးသူ၊ ပုံနှိပ်သူ၊ စာဖတ်သူသုံးဦးသုံးဖလှယ် သဟဇာတဖြစ်ရေးကြိုးပမ်းလာနေသည်။ မြန်မာစာပေအနာဂတ်အတွက် ဝမ်းသာစရာမင်္ဂလာသတင်းကောင်းဖြစ်သည်။ မိမိတို့တစ်ခုသတိပြုသင့်သည်မှာ ပုံနှိပ်သူနှင့် စာဖတ်သူကြားဆက်သွယ်ပေးမည့် "ဖြန့်ဝေသူ"ကိုလည်း သတိမူသင့်သည်။ အကြောင်းမှာ ထုတ်ဝေသူတိုင်း ဖြန့်ဝေသူမဟုတ်၍ဖြစ်ပါသည်။

ဤသို့ဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးတွင် စာရေးသူ၊ ပုံနှိပ်ထုတ်ဝေသူ၊ ဖြန့်ဝေသူနှင့် စာဖတ်သူဟူ၍ ကဏ္ဍခွဲခြားကွဲပြားလျက်ရှိရာ အားလုံးသည် ကိုယ်စီအကျိုးရှိနေကြသည်ကို မိမိတို့သတိမူကြရပါမည်။ အကျိုးမရှိသော အလုပ်ကို အလဟဿမည်သူမျှ မလုပ်သည်မှာ လူ့အမူအကျင့်ဟု ဆိုနိုင်ပါသည်။ စာရေးသူ၊ ပုံနှိပ်သူ၊ ဖြန့်ဝေသူတို့၏ စေတနာကို ပမာမခန့်ပြုခြင်း မဟုတ်ပါ။

"Money makes everything" အဆိုအမိန့်အတိုင်းပင် အရာရာတွင် ငွေသည်ဘုရားသခင်ဟုပင် တင်စားနေရသည့် မျက်မှောက်ခေတ်ကာလတွင် အရှုံးအမြတ်ကို ငွေနှင့်တိုင်းတာစမြဲပင်။ ယင်းတို့အနက် စာဖတ်သူကား ငွေကြေးကိုပေးနေရသူ။ သို့သော်လည်း ထိုပုဂ္ဂိုလ်မရှုံးပါ။ "အလိမ္မာစာမှာရှိ"ဆိုစကားအတိုင်းပင် ဘဝခရီးမှာ ကြုံလာရမည့် လောကဓံကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ထိုထိုသောစာများက အထောက်အကူဖြစ်စေပါသည်။ အတိုင်းအဆမရှိသော အမြတ်အစွန်းကို ရသူဖြစ်နေ၍ ဖြစ်ပါသည်။

မည်သို့ဆိုစေ မြန်မာစာပေအနာဂတ်သည် မိမိတို့လက်မှာရှိနေရာ ကြားဖူးနားဝပုံပြင်ကလေးတစ်ပုဒ်ကို အမှတ်ရစေပါသည်။ တစ်ခါက ပညာရှိတစ်ဦးကို အရှက်ခွဲမည်ကြံတင်စီစဉ်ပြီး ငှက်ကလေးတစ်ကောင်ကို အသေလားမေးမည်၊ အရှင်ဆိုက သတ်ပစ်မည်၊ အသေဆိုက လွှတ်လိုက်မည်။ သို့သော် ပညာရှိကား သူတို့ အမေးအတိုင်းမဖြေခဲ့ သူတို့မထင်မှတ်သော အဖြေစကားကို ပေးသွားသည်။ "မောင့်သဘောအတိုင်းပါပဲ"တဲ့။

ယခုလည်း မြန်မာစာအနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဟာ မိမိတို့လက်တွင်းမှာရှိနေရာ ဘိုးစဉ်ဘောင်ဆက်စဉ်ဆက်မပြတ် ထိန်းသိမ်းလာခဲ့သော မြန်မာစာပေအတွက် မိမိတို့သမိုင်းပေးတာဝန်ကျေပွန်ကြရပါဦးမည်။ ။

**အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် မမှားသင့်သည့်သတ်ပုံ သတ်ညွှန်းအမှားများကို မမြင်ချင်အဆုံးပါ။ ယခုလို ပွင့်လင်းမြင်သာသော ကာလမျိုးတွင် သေချာစိစစ်မှုပြုသင့်ပါသည်။ မြန်မာစာအနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဟာ မိမိတို့လက်တွင်းမှာရှိနေရာ ဘိုးစဉ်ဘောင်ဆက်စဉ်ဆက်မပြတ် ထိန်းသိမ်းလာခဲ့သော မြန်မာစာပေ အတွက် မိမိတို့သမိုင်းပေးတာဝန်ကျေပွန်ကြရပါဦးမည်။**

## စီးပွားရေးလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**မြိတ် မေ ၃**

မြိတ်ခရိုင်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရနောင်းခရိုင် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်လမ်းရှိ Grand Jade Hotel အစည်းအဝေးခန်းမ၌ မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒု-ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အတွင်းရေးမှူး ဦးထွန်းထွန်း၊ မြိတ်ခရိုင် ငါးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသက်စိုး၊ မြိတ်ခရိုင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျောက်စိမ်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံ ရနောင်းခရိုင်ဝန် Mr. Chatuot Piyamputra ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ရနောင်းခရိုင်ဝန် Mr. Chatuot Piyamputra နှင့် ခရိုင်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒု-ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြိတ်ခရိုင်နှင့် ရနောင်းခရိုင်တို့၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ဆွေးနွေးရာတွင် ရနောင်းခရိုင်၏ အဓိက စီးပွားရေးလုပ်ငန်းသည် ရေထွက်ကုန်ပစ္စည်းများဖြစ်ကြောင်း၊ ယင်းရေထွက်ကုန်ပစ္စည်းများအား ကော့သောင်းခရိုင်နှင့် မြိတ်ဒေသများမှ အဓိကတင်ပို့လျက်ရှိကြောင်း၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်မှုနှင့်ပတ်သက်ပြီး အခက်အခဲများ၊ စီးပွားရေးနှင့်ပတ်သက်သော လေ့လာမှုများ လာရောက်ပြုလုပ်မည်ဆိုပါက ၎င်းတို့အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ သတ္တုလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင်အတွင်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကျွန်းများအား လာရောက်လေ့လာမည်ဆိုပါက ကျွန်းများ မပျက်စီးအောင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ရနောင်းခရိုင်စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြိတ်ခရိုင်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံရေလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရနောင်းခရိုင်အတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် မြိတ်ခရိုင်အတွင်း လာရောက်၍ မိမိတို့လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် ရင်းနှီးမြှုပ်နှံလိုပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မိမိတို့သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

**ပုလော မေ ၃**

ဇွန်လ ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကွန်ပျူတာ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲတွင် ပုလောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ပိုစတာပြိုင်ပွဲ တွင် တစ်ဦး၊ ကာတွန်း ရှစ်ဦးနှင့် အထက်တန်းအဆင့် ကွန်ပျူတာပန်းချီ ၁၃ ဦး စုစုပေါင်း ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို အနာဂတ် ကျောင်းသား လူငယ်လေးများ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးကို သိရှိနားလည်ခံစားတတ်စေရန်နှင့် မူးယစ်ကင်းစင်သော လူငယ်လေးများ ဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေးက ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်

**ကန်ကြီးထောင့် မေ ၃။ ။** (၇၁)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်၊ စက်လှေဆိပ်နှင့် မြို့မဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မီးပေါ့ဆစွာမသုံးမိစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးအသိပညာပေး ခြင်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

**နန်းထိုက် (ပြန်/ဆက်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နောက်ဆုတ်ဖို့ ကြိုးစားရင်း ရှေ့မတိုးမိဖို့ လိုပေသည်

## မင်းသိမ်း(နေပြည်တော်)

ယနေ့မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ ဝါဒရေးရာအရလည်းကောင်း ကွဲပြားခြားနားမှုများ ရှိနေဆဲပင်ဖြစ်ပါသည်။ တစ်ဦးပေါ် တစ်ဦး ယုံကြည်မှု၊ သဘောထားကြီးစွာဖြင့် သည်းခံမှု၊ ကူညီရိုင်းပင်းမှုစသည့် ပြဟ္မစိုရ်တရား နည်းပါးနေမှုများ ရှိနေဆဲပင်ဖြစ်ရာ သံသယစိတ်ရှိနေကြသည့် ကာလပတ်လုံး ပြဿနာရပ်များကို ယထာဘူတကျစွာဖြေရှင်းရန် ခဲယဉ်းပါမည်။ တစ်ဦးနှင့်တစ်ဦး ဖြူစင်မွန်မြတ်သည့် စေတနာထားရမည့်အစား မစ္ဆရိယစိတ်များသာ ပွားများနေကြ၍ စစ်မီးတောက်လောင်နိုင်သည့် မီးပွားများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်၍သာနေပါမည်။ ယခုအခါ လောကဓာတ်ပညာရပ်များ အံ့မခန်းလောက်အောင် တိုးတက်ထွန်းကားခဲ့သော်လည်း ပြည်သူပြည်သားများ၏ ဘဝရပ်တည်မှုအတွက် ထောက်ပံ့မှုပေးနိုင်သည့် အပြုသဘောထက် လူသားအားလုံး ပျက်သုဉ်းစေနိုင်သည့် အဖျက်သဘောဘက်တွင် ပိုမိုထွန်းကားလာ၍ အေးချမ်းစွာနေထိုင်လိုသည့် လူသားများအတွက် ကျီးလန့်စာစားဖြင့်ပင် နေနေကြရသည်ကို တွေ့နေရပေသည်။

လူသားများ၏ မတော်မတရားစိတ်ဓာတ်နှင့် အခြေခံမူဝါဒစနစ်များ ကွဲပြားခြားနားမှုကြောင့် အမျိုးမျိုးသော ဘေးဒုက္ခမျိုးစုံနှင့် ရင်ဆိုင်နေရဆဲကာလတွင် ငတ်မွတ်ခေါင်းပါးခြင်း၊ အသိပညာကင်းမဲ့ခြင်း၊ ရောဂါဘယထူပြောခြင်းနှင့် တရားမျှတမှု ကင်းခြင်းတို့ကို စုပေါင်းအားဖြင့် သာတူညီမျှ ရရှိမှုအတွက် ကျွန်ုပ်တို့အားလုံး အားထုတ်ကြရမည့်အချိန်ကျရောက်လို့ လာပါပြီ။

စနစ်တစ်ခုကို ထူထောင်သည့်အချိန်တွင် သွားချင်သည့်လမ်းစဉ်၊ ဆောင်ရွက်နေသည့်ကိစ္စရပ်တိုင်းအတွက် အတွင်းရေး အပြင်ပါ အနှောင့်အယှက်များရှိနေတတ်စမြဲဖြစ်ပါသည်။ အထူးသဖြင့် အခြေခံလူတန်းစားများအတွက် ၎င်းတို့၏ဘဝကို ၎င်းတို့ကိုယ်တိုင်ဖြစ်သလို ဖန်တီးနေကြခြင်းထက် တိုင်းရင်းသားလူမျိုးစုများ၏ လူအင်အားကို စနစ်ကျသော စီမံကိန်းများ၊ အများအတွက် အကျိုးရှိမည့် စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားကြရပါမည်။

အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးကိစ္စဖြစ်၍ ညီညွတ်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မဖြစ်မနေလိုအပ်နေသည့် လူမှုရေးဆိုသည့်အရာကို ဆောင်ရွက်နိုင်ပါမည်။ မည်သည့်လုပ်ငန်းမဆို ကြိုတင်မြော်တွေးဆန်းစစ်နိုင်မှသာ အခြေအနေမှန်ကိုသိရပြီး မည်သို့ဆောင်ရွက်မည်၊ မည်သည့်လမ်းစဉ်ကိုသုံးလျှင် ကောင်းမည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပေသည်။ အမှန်တကယ်လိုအပ်နေသည့်အရာကိုသိမှ စိစစ်ဆွေးနွေးမှုလုပ်ဖို့ လိုပါမည်။ ဂယနဂဏမသိဘဲ လိုလိုမည်မည်ဆိုသည့် အတွေးအခေါ်ဟောင်းများကို ထားရစ်ခဲ့ရပါမည်။

စည်းရုံးသည့် နေရာတွင်ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံသည့် နေရာတွင်ဖြစ်စေ စိတ်ရှည်ဖို့ လိုအပ်ပါသည်။ ယနေ့ကဏ္ဍအသီးသီးတွင် တာဝန်ယူ၊ တာဝန်ခံထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူများဖြစ်၍ ထက်ထက်မြက်မြက် တက်တက်ကြွကြွရှိနေကြသည်ကို တွေ့မြင်နေရပါသည်။ သို့ရာတွင် လူဆိုသော သတ္တဝါသည် အသက်အရွယ်အရ၊ ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာခြင်း၊ အင်အားတောင့်တင်းခြင်း၊ တက်ကြွလွန်းခြင်းတို့ကြောင့် တစ်ခါတစ်ရံ ထိန်းသိမ်းရန်ခက်ခဲတတ်ပါသည်။ အလုပ်လုပ်သူတိုင်း မှားတတ်ပါသည်။ သို့သော် ခေါင်းဆောင်လုပ်သူသည် အမှားနည်းရပါမည်။ အသိနှင့်သတိရှိကြသည့် လူသားတိုင်းတွင် မိမိဆံပင်တစ်ချောင်းဖြူလာလျှင်ပင် စိတ်ဓာတ်ပျော့လာတတ်ပါသည်။ ထို့ထက်သွားတစ်ချောင်းကျိုးလာပြီဆိုရင်ဖြင့် စိတ်အားငယ်တတ်ပြန်၏။ အဆိုးဆုံးမှာ မျက်မှန်တပ်ရရင်တော့ ဟိုတုန်းကတွေ့နေကျ ငယ်သူငယ်ချင်းရှေ့မှာပင် မျက်မှန်တပ်ဖို့ ဝန်လေးတတ်ကြသည့် သဘောရှိ၏။ သို့ရာတွင် အသက်အရွယ်ကြီးသူများသည် စိတ်ရှည်၍ ညင်သာမှုရှိပြီး အသက်အရွယ်ငယ်သူများကျတော့ စိတ်မြန်သည်၊ ထက်မြက်သည်။ သို့သော် အတွေ့အကြုံအရ ဆင်ခြင်တုံတရားတွင် အားနည်းတတ်ပါသည်။

သို့ဖြစ်၍ Old way of thinking ဖြင့် ဆောင်ရွက်နေသူများကို စုဆောင်းထားဖို့လိုသလို New way of thinking ဖြင့် ဆောင်ရွက်နေသူများကိုလည်း တွဲဖက်ထားဖို့ လိုပါသည်။ အသက်အရွယ်နှင့်အတွေ့အကြုံရလာသည့်အချိန်တွင် ချင့်ချိန်တတ်လာ၍ လုပ်နိုင်သည့် အလုပ်ပမာဏဖြစ်အောင် ခွဲပေးတတ်ဖို့နှင့် လုပ်နိုင်သည့်အလုပ်မျိုးဖြစ်ဖို့က အရေးကြီးပါသည်။

မိတ်ဆွေသစ်များ ရှာဖွေပေါင်းသင်းဆက်ဆံခြင်း၊ မိတ်ဆွေဟောင်းများနှင့် ရှိပြီးရင်းနှီးမှုကို ပိုမိုခိုင်မြဲစေခြင်းသည် လူတိုင်းလူတိုင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း ပြုလုပ်ကြရမည့် လောကဝတ်ပင်ဖြစ်ပေသည်။ မိတ်ဆွေဆိုသည်မှာ အလွတ်ရနေလောက်အောင် မှတ်မိနေသည့်လူဖြစ်ရပါမည်။ အသိအကျွမ်းလောက် အရေအတွက် မများသော်လည်း လက်ချိုးရေတွက်ရုံရရင်ပဲ တစ်သက်အတွက် လုံလောက်ပါသည်။ သာမန် အပေါင်းအသင်းမဟုတ်၊ အသိအကျွမ်းမည်ကာမျှလည်းမဟုတ်၊ သူ့အရေးကို ကိုယ့်အရေးလို ထိတွေ့ခံစားပြီး သာစေနာစေ မရှိကာ၊ ကောင်းတူဆိုးဖက် စောင့်ရှောက်ပေါင်းသင်းသူဖြစ်ပါသည်။ မိတ်ဆွေများအနက် ရိုးရိုးမိတ်ဆွေလို လူမျိုးက အသစ်ရောက်လာတတ်သလို အလျှိုလျှိုခွာ၍လည်း သွားတတ်ပါသည်။ မိတ်ဆွေစစ်များကျတော့ လာခဲပါသည်။ ရောက်ခဲပါသည်။ ရှာ၍ယူရပါသည်။ ဖွဲ့၍ယူရပါသည်။ သို့ဖြစ်၍ မိတ်ဆွေစစ်သည် တစ်သက်တာအတွက် မိမိရဲ့ကိုယ်စား၊ အားထားမှီခိုရာ အဖော်သဟဲဖြစ်၍ မိတ်ဆွေဟောင်းများနှင့် ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေခြင်းဖြင့် မိတ်ဆွေစစ်များ ဖြစ်လာနိုင်ပါသည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် နေထိုင်သူများအတွက် မိတ်ဆွေ၊ မိတ်ဆွေစစ်များရှိရန် လိုအပ်ပါသည်။ သို့ရာတွင် "မိန်းမပေါပေမယ့်ဇနီးကောင်းရှား"သည့် သဘောကို နားလည်ဖို့လိုပေသည်။

လူလူချင်း၊ နိုင်ငံအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ခင်မင်ရင်းနှီးမှုသည် အဓိကပင်ဖြစ်ပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပြေပြစ်မှုရှိသလို ပြဿနာပေါ်သည့်အခါမျိုးလည်း ရှိတတ်ပါသည်။ ဆက်ဆံမှု၊ ရင်းနှီးမှုရှိနှင့်ပြီးဖြစ်သည့် လူပုဂ္ဂိုလ်များ၊ တိုင်းပြည်များအကြား အကယ်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့သော် ရှိနှင့်ပြီးသား ဆက်ဆံမှုနှင့် ရင်းနှီးမှုတို့က ပြဿနာကို အလွယ်တကူဖြေရှင်းရန် အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် မိတ်သစ်ကို ရှာ၍ မိတ်ဟောင်းကို ပိုမိုရင်းနှီးစေရန် အားဖြည့်နိုင်ခြင်းသည် ပြဿနာကို အတတ်နိုင်ဆုံးပြေလည်စေသည့် နည်းလမ်းပင် ဖြစ်ပေသည်။

ဒီပြည်မှာမွေးပြီး ဒီပြည်မှာကြီးကာ ဒီမှာပဲအခြေချနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ရာတွင်ဖြစ်စေ တရားမျှတမှု၊ လွတ်လပ်မှု၊ အခွင့်အရေးတူညီမှု ရှိဖို့သာလိုပေသည်။ အထူးသဖြင့် ဦးစီးဦးဆောင်ပြုနေသူများသည် အကျင့်သိက္ခာနှင့် စည်းကမ်းစောင့်ထိန်းကြဖို့ လိုပေသည်။ သဘောတရားမည်မျှပင် ပြည့်ဝပြည့်ဝ၊ ခံယူချက်မည်မျှပင်ရှိရှိ အကျင့်သိက္ခာ စည်းကမ်းနှင့် စာရိတ္တမထိန်းသိမ်းကြလျှင် ပျက်ပြားကြလျှင်အဆိုပါစိတ်ဓာတ်၊ အဆိုပါ ခံယူချက်များ၏ တန်ဖိုး သည် သုညပင်ဖြစ်ပေလိမ့်မည်။

လိုအပ်ချက်အရ လုပ်ငန်းသစ်တစ်ခုကို တီထွင်ဆောင်ရွက်ရာတွင် တုန်လှုပ်မှုကင်းစွာနှင့် စိုးရိမ်ကြောင့်ကြမှု မရှိဖို့လိုပေသည်။ ပြဿနာကြုံတိုင်း စိတ်ဓာတ်ခိုင်မာမှုသည် အရေးကြီး၍ ပြဿနာတစ်ခုကိုဖြေရှင်းပြီးလျှင် နောက်တစ်ခုကြုံရဦးမည်ကို အမြဲတွေးထားဖို့လိုပေသည်။ အလုပ်လုပ်သည့်သူတိုင်းတွင် အမှားရှိတတ်ပါသည်။ သဘောရိုးနှင့် စေတနာအမှားသာ ဖြစ်ဖို့လိုပေသည်။ အမှားတွေ့လျှင် နောက်တစ်ကြိမ် အလားတူအမှားမျိုး မဖြစ်အောင် သင်ခန်းစာယူတတ်ရပါမည်။ လုပ်သင့်သည်ကို ရဲရဲဝံ့ဝံ့ လုပ်နိုင်ဖို့လိုသလို မလုပ်ခင်တွင် လုပ်သင့်၊ မလုပ်သင့် သေချာစဉ်းစားဖို့လိုပေသည်။ တွေဝေတုံ့ဆိုင်းပြီး ဆုံးဖြတ်သင့်သည့်အချိန်တွင် မဆုံးဖြတ်နိုင်ခဲ့ပါက ဆုံးရှုံးမှုတစ်ရပ်နှင့်တွေ့ကြုံနိုင်ကြောင်း သိဖို့လိုပေသည်။ ဆုံးဖြတ်ချက်အကြိမ် ၁၀၀ တွင် ၈၀ မှန်အောင် ဆုံးဖြတ်နိုင်လျှင် အောင်မြင်သည်ဟုယူဆနိုင်ပါသည်။ အောင်မြင်မှုတစ်ခုကို ရယူရာတွင် အသေးအဖွဲ့ကိစ္စဖြစ်ပါစေ ရအောင်လုပ်ပြီး လူအများယုံကြည်မှုရလာသည်နှင့်အမျှ တိုးတက်မှုရှိလာမည်ကို တာဝန်ယူ၊ တာဝန်ခံများသိဖို့လိုပေသည်။

**စနစ်တစ်ခုကို ထူထောင်သည့်အချိန်တွင် သွားချင်သည့်လမ်းစဉ်၊ ဆောင်ရွက်နေသည့်ကိစ္စရပ်တိုင်းအတွက် အတွင်းရေး အပြင်ပါ အနှောင့်အယှက်များ ရှိနေတတ်စမြဲဖြစ်ပါသည်။ အထူးသဖြင့် အခြေခံလူတန်းစားများအတွက် ၎င်းတို့၏ဘဝကို ၎င်းတို့ကိုယ်တိုင်ဖြစ်သလို ဖန်တီးနေကြခြင်းထက် တိုင်းရင်းသားလူမျိုးစုများ၏ လူအင်အားကို စနစ်ကျသောစီမံကိန်းများ၊ အများအတွက် အကျိုးရှိမည့်စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားကြရပါမည်။**

မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ပြီး မိမိဘဝတွင် အများအကျိုးအတွက် ဆောင်ရွက်သည့် ကိစ္စရပ်များတွင် မိမိအတွက် ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်မရှိဘဲ ဘာတွေလုပ်ခဲ့ပြီးပြီလဲ၊ တန်ဖိုးရှိတဲ့လူ၊ အဓိပ္ပာယ်ရှိတဲ့လူအဖြစ် ရပ်တည်ခဲ့ပါသလား၊ လောကကြီးအပေါ် မည်သည့်အရာမှ စိတ်မချနိုင်သူတစ်ယောက်လို နိုးကြားပြနေပုံမျိုး မဖြစ်ရန်သာ လိုပါပေသည်။

ခေါင်းဆောင်သည် ခေါင်းဆောင်ကောင်းပီသရန်လိုသလို နောက်လိုက်များကလည်း အရည်အသွေး ရှိဖို့လိုပေသည်။ အင်္ဂလိပ်စကားတစ်ခုတွင် "If the blind lead the blind both shall fall into the ditch" လို့ဖော်ပြထားပေသည်။ အဓိပ္ပာယ်ကတော့ "အကယ်၍ အကန်းက အကန်းကို ဦးဆောင်လျှင် နှစ်ယောက်စလုံး မြောင်းထဲကျတတ်သည်"တဲ့။ နှစ်ဦးစလုံးအမြင်ရှိဖို့၊ တင်ပြချက်ကို လက်ခံဖို့" တက်ညီလက်ညီဆောင်ရွက်တတ်စေလိုတဲ့ စကားလို့ နားလည်ထားပါသည်။ အချို့ကိစ္စရပ်များတွင် ပြတ်သားမှု လိုအပ်ပါသည်။ အခြေအနေနှင့် အချိန်အခါအရ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ အရည်အသွေးကို ကာကွယ်စောင့်ရှောက် ခြင်း၊ ချို့ယွင်းချက်များကို ပြန်လည် အစားထိုးဆောင်ရွက်ခြင်းမျိုးပြုလုပ်ရန် အချိန်ကျရောက်ပါက အမြန်ဆုံးဆောင်ရွက်ခြင်းသည် အောင်မြင်မှုလမ်းကြောင်းရှိ အဝင်ဝတံခါးခေါင်းလောင်းသံအား အချက်ပေးထိုးလိုက်ခြင်းပင်ဖြစ်သည်။

လောကကြီးတွင် စာနာမှုဆိုသည့် အရာသည် အပြောလွယ်သလောက် လုပ်ရခက်ကြောင်း သိထားပါသည်။ ထပ်တူခံစားမှုကျတော့ ပို၍ပင်ခက်ပါသည်။ သို့ရာတွင် ပင်ကိုပုံရိပ်ကောင်းသူအနေဖြင့် ကောင်းစွာ သုံးသပ်တတ်ပါသည်။ "အေးစက်နေသော ရေနွေးအပြည့်ရှိနေသည့် မိမိခွက်ထဲသို့ ပူပူနွေးနွေး ရေနွေးထည့်ချင်ပါက ရေနွေးအအေးကို သွန်ပစ်ဖို့လိုကြောင်း"သာ သိဖို့လိုပေသည်။


ကောင်းကင်ယံတွင် ပျံ့လွင့်နေသည့်မီးခိုးများကို မြင်ဖူးကြပါလိမ့်မည်။ အထက်သို့တလူလူလွင့်နေခြင်းသည် ၎င်းတို့၏ သဘာဝပင်ဖြစ်ပေသည်။ အောက်သို့ ပြန်ဆင်းခြင်းမရှိပါ။ မြင့်သထက်မြင့်သွားသော်လည်း ၎င်းတို့သည် သဘာဝအရဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ လောင်မြိုက်မှုတစ်ခုမှနေ၍ ပေါ်ထွက်လာခြင်းသာ ဖြစ်ပေသည်။ လောင်မြိုက်သည်ဆိုမှတော့ အလောင်ခံရသည့်အရာသည် တဖြည်းဖြည်း ပါးလွှာပျောက်ကွယ်သွားဖို့သာ ရှိရမည့်အစား အချို့လောင်မြိုက်ခံပစ္စည်းများသည် အချိန်ကြာလာသည်နှင့်အမျှ ပါးလွှာခြင်းမရှိဘဲ ထုထည်ပိုမိုကြီးထွားလာခြင်းမျိုးတွေ့ဖူးပါသည်။ သဘာဝမဟုတ်သည်မှာ သေချာနေ၍ သဘာဝနှင့်လွန်ဆန်သည့်အရာတိုင်း ကြာရှည်မတည်မြဲကြောင်း သိနေကြဖို့လိုပါသည်။

အဖွဲ့အစည်းတစ်ခုကို တဖြည်းဖြည်းချင်းပြောင်းလဲယူရာတွင် အဓိကအားဖြင့် ပညာရေးနှင့် ပတ်သက်သည့် ပညာရှင်လိုအပ်ပါသည်။ မိမိကိုယ်တိုင်က ကမ္ဘာကြီးကို ခေတ်မီမီ မကြည့်တတ်၊ မမြင်တတ်ဘူးဆိုရင် ပညာလူ့အဖွဲ့အစည်းကို မြင်နိုင်လောက်သည့် ကိုယ်ရည်ကိုယ်သွေးမျိုး ၎င်းတွင် မရှိနိုင်ပါ။ အဆိုပါ ပုဂ္ဂိုလ်မျိုးနိုင်ငံ၏ ကံကြမ္မာကို ဖန်တီးခွင့်ရသူများနေရာတွင် ရှိနေပါက နိုင်ငံ၏ အနာဂတ်သည် မရေရာမသေချာသည့် သဘောမျိုးဖြစ်တတ်ပါသည်။ လူမှန် နေရာမှန်ဖြစ်ရေးသည် အောင်မြင်မှု၏ သော့ချက်ပင်ဖြစ်ပါသည်။

၂၄-၄-၂၀၁၇ ရက်က ကျင်းပပြီးစီးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်မှာခဲ့သည့် စကားရှိပါသည်။ "စကားဆိုသည်မှာ သူခံသာသည့် စကားနှင့်သူမခံသာသည့် စကားရှိပါကြောင်း၊ စကားတစ်ခုသည်မှန်သလား မမှန်သလားဆိုတာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ပြီးလျှင် အကျိုးရှိသလား၊ အကျိုးမရှိဘူးလား ဆိုသည်ကို ဆင်ခြင်ရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် စကားများဖြစ်ရန်လိုသလို အကျိုးရှိသည့် စကားများဖြစ်ရန်လည်းလိုပါကြောင်း လက်ခံခြင်း၊ လက်မခံခြင်းသည် အမြဲတစေ မပြောင်းလဲအခြေအနေမဟုတ်ပါကြောင်း၊ အချို့စကားများသည် တစ်ချိန်က လက်မခံနိုင်သော်လည်း နောင်တစ်ချိန်တွင် လက်ခံနိုင်သည်ဟုဖြစ်လာမည်ဖြစ်ကြောင်း၊ ငါပြောတာရမှ၊ ငါလိုချင်တာရမှ အလုပ်ဖြစ်မယ်ဆိုတဲ့စိတ်ဓာတ်တွေကနေ ပြောင်းလဲလာတယ်လို့ မြင်မိပါကြောင်း" မိန့်မှာချက်များသည် ငြိမ်းချမ်းရေးကို လိုလားသူတိုင်း၊ မျှော်လင့်သူတိုင်း ထားသင့်ထားထိုက်၊ ရှိသင့်ရှိထိုက်သည့် စိတ်ထားမျိုးဖြစ်က "နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့မတိုးမိဖို့" တပ်လှန့်နှိုးဆော်လိုက်သည့် စကားဖြစ်သလို မျှဝေခံစားခြင်းသည် တင်းမာမှုကို လျော့ပါးစေပြီး စာနာထောက်ထားမှုနှင့် ကျွမ်းကျင်မှုကို ပြသလိုက်ခြင်းပင် ဖြစ်ပေသည်။

အဓိကတင်ပြလိုသည်မှာ ယနေ့တိုင်းပြည်တွင် မည်သည့် အရေးသည် အရေးကြီး၍ ပြည်သူလူထုအတွင်းမှာရော မည်သို့ဖြစ်စေချင်ကြသည်ကို အမြဲသုံးသပ်နေရပါမည်။ အထက်ဖော်ပြပါအကြောင်းအရာများသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေလိုသည့် ဆန္ဒဖြင့် လူ့သဘောသဘာဝအရ ဖြစ်တတ်မှု၊ ဖြစ်နေမှုနှင့် ဖြစ်ရိုးဖြစ်စဉ်များအပေါ် ကောင်းမွန်သော ဆန္ဒမွန်ဖြင့် မီးမောင်းထိုးပြခြင်းသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

# မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရန် ဆွေးနွေး



**နေပြည်တော် မေ ၃**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် သံအမတ်ကြီးက မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခမှာ ဖြစ်ပေါ်လာခဲ့သည့်သမိုင်းကြောင်း ရှည်လျားသည့်အပြင် ပါဝင်သည့် အဖွဲ့အစည်းများလည်း များပြားကြောင်း၊ ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းသည် ကမ္ဘာပေါ်ရှိ အခက်အခဲဆုံး စစ်ပွဲကြီးတစ်ခုကို အောင်နိုင်ခြင်းဟု မှတ်ယူရမည်ဖြစ်ကြောင်း ဦးစွာပြောကြား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တချို့နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးတွင် အဖွဲ့အားလုံး ပါဝင်တွေ့ဆုံနိုင်မည့် အခွင့်အလမ်းများအပေါ် သိရှိလိုသည်များ ဆွေးနွေးမေးမြန်းသည်။

အဆိုပါ ဆွေးနွေးမေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မကြာမီပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအား များစွာမျှော်လင့်ချက်ထားကြောင်း၊ မိမိတို့အနေဖြင့် အကောင်းဘက်မှ ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးကို နိုင်ငံရေးအရ ဆွေးနွေးနိုင်သည့် လမ်းကြောင်းများစွာ၊ အခွင့်အရေးများစွာ ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံရေးလုပ်နေခြင်း မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဖြစ်စဉ်များ ချုပ်ငြိမ်းရန်၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးမှာ တပ်မတော်၏ အလိုလားဆုံးဆန္ဒဖြစ်ကြောင်း ပြောကြား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံရေးအရ တရားဝင်ပြောဆိုဆွေးနွေးရန်အတွက် NCA အား လက်မှတ်ရေးထိုးရန်လိုအပ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်၍ စွပ်စွဲပြောဆိုမှုများအပေါ် တပ်မတော်ပိုင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ခဲ့မှုများနှင့် မြန်မာ-အမေရိကန်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရန်ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



## အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ စလေရုပ်စုံကျောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် နန်းတော်ရာတူးဖော်မှုတို့ကို လေ့လာ

**ညောင်ဦး မေ ၃**
ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)၌ ရောက်ရှိနေသည့် အဋ္ဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ချောက်မြို့နယ်အတွင်းရှိ အထင်ကရနေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ အထင်ကရနေရာများကို လေ့လာကြသည်။

ရှေးဦးစွာ အဋ္ဌမတန်းဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် ချောက်မြို့နယ်အတွင်း စလေရုပ်စုံကျောင်းကို သွားရောက်လေ့လာကြသည်။ စလေရုပ်စုံကျောင်းသည် အိမ်တော်ပုံကျောင်းအမျိုးအစားဖြစ်ပြီး ကျောင်း၏ ပမာဏမှာ အလျားပေ ၁၅၀၊ အနံ ၈၉ ပေ၊ တိုင်ပေါင်း ၁၅၄ လုံး၊ ကျောင်းဆောင်ပေါင်းခုနစ်ဆောင်ရှိသည်။ ယင်းနောက် ရှင်ပင်စာကြိုလှဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်အား သွားရောက်လေ့လာကြသည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် ပုဂံဒေသတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ကမ္ဘာ့အဆင့်မီ ရှေးဟောင်းသုတေသနပြတိုက်ဖြစ်ကာ ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါပြတိုက်တွင် အထူးပင်မပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်နန်းမြို့ပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်း၊ ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း စသည်ဖြင့် ပြခန်း ၁၀ ခန်း ခင်းကျင်းပြသထားသည်။

ဆက်လက်၍ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာတူးဖော်မှုကိုလည်းကောင်း၊ သိရီဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

**(နိုင်လင်းကြည်)**

## ငွေဆောင်စခန်းမှ ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ဒေသခံများ၏ လူနေမှုဘဝများသွားရောက်လေ့လာ

**ငွေဆောင် မေ ၃**
ဘက်စုံပညာထူးချွန်စခန်း(ငွေဆောင်)၌ ရောက်ရှိနေသည့် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက ငွေဆောင်မြို့နယ်ရှိ ယုဇနပုစွန်သားဖောက်စခန်းနှင့် သဇင်ကျေးရွာ ငါးဖမ်း၊ ငါးလှန်း လုပ်ငန်းခွင်သို့ သွားရောက်၍ ပင်လယ်ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ လူနေမှုဘဝများကို လေ့လာကြသည်။

ရှေးဦးစွာ ထူးချွန်မောင်မယ်များသည် ယုဇနပုစွန်သားဖောက်စခန်းသို့ သွားရောက်လေ့လာကြပြီး ငွေဆောင်မြို့နယ် သဇင်ရွာသို့သွားရောက်ကာ ငွေဆောင်အထက(ခွဲ)တွင် ဂျာမနီနိုင်ငံ Morkwater Solutions မှ လှူဒါန်းထားသည့် ရေငန်မှ ရေချိုထုတ်လုပ်သည့် R.O ရေသန့်စက်မှ ရေသန့်ထုတ်လုပ်ပုံ အဆင့်ဆင့်ကို လေ့လာကြသည်။

အဆိုပါရေသန့်စက်သည် တန်ဖိုးငွေကျပ်သိန်း ၅၀၀ ခန့်ရှိပြီး ပင်လယ်ရေကို ရေချိုရေသန့်အဖြစ်ထုတ်လုပ်ကာ ပိုးမွှားများ သန့်စင်ပေးသည်။ Solar System ဖြင့် လည်ပတ်၍ နံနက်စတင် လည်ပတ်ချိန်၊ ညနေ စက်ရပ်ချိန်တို့မှာ Auto System ဖြစ်သည်။ ရေထွက်နှုန်းမှာ တစ်နာရီ ၁၂၅ လီတာဖြစ်ပြီး ဒေသတွင်းသုံးစွဲမှု တစ်နေ့ ပျမ်းမျှ ၂၄၀ လီတာနှင့် ကျောင်းအတွက် တစ်နေ့ ပျမ်းမျှ လီတာ ၄၀၀ ကျော် သုံးစွဲနိုင်ကြောင်း သိရသည်။

ထို့နောက် သဇင်ကျေးရွာ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ထူးချွန်မောင်မယ်များအား ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ငါးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ လုပ်ငန်းခွင်တွင် နေခြောက်လှန်းထားသည့် ငါးပုစွန်များ၊ ငါးဖမ်းပိုက်များနှင့် မှန်ပေါင်ငါးကန်များအတွင်း ပင်လယ်ကဏန်းများ၊ ငါးအမျိုးမျိုး၊ ပင်လယ်ပုစွန်ထုပ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ပုသိမ်ခရိုင် ပညာရေးမှူး ငွေဆောင်စခန်း လက်ထောက်စခန်းမှူး ဦးညဏ်သိန်းက "ပင်လယ်ကမ်းခြေဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ဘဝ ဘယ်လိုရုန်းကန်လှုပ်ရှားရတယ်ဆိုတာ သူတို့ မျက်မြင်ကိုယ်တွေ့တွေ့လာမယ်။ သူတို့တတ်ထားတဲ့ပညာနဲ့၊ အတွေ့အကြုံတွေနဲ့၊ စွမ်းရည်ထူးချွန်မှုတွေနဲ့ ပြည်သူတွေကို ဘယ်လိုကူညီမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရလာအောင်၊ တကယ်ပဲ ပြည်သူတွေရဲ့ဘဝကို စာနာထောက်ထားပြီး ပြည်သူတွေဘဝအတွက် တိုးတက်အောင်လုပ်ချင်တဲ့စိတ်တွေရှိလာအောင် အခုလိုလေ့လာစေတာပါ"ဟု ပြောသည်။

တောင်ငူမြို့အထက(၇)မှ နှစ်ထပ်ကွမ်းလူရည်ချွန် မောင်သာထက်စံက "ငွေဆောင်ဒေသရဲ့ လူနေမှုဘဝတွေက ပင်လယ်ဒေသဖြစ်တဲ့အတွက် ငါးဖမ်းလုပ်ငန်းအပေါ်မှာပဲ မှီခိုပြီး လုပ်ကိုင်စားသောက်နေတာ တွေ့ရတယ်။ ကျေးရွာဒေသခံတွေက ရိုးသားဖြူစင်ကြတယ်။ ကျွန်တော်တို့ဝင်လာတာနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံကြတယ်"ဟု ပြောသည်။

မွန်းလွဲပိုင်းတွင် ငွေဆောင်ဒေသရှိ ဟိုတယ်ဇုန်သို့ သွားရောက်လေ့လာကြပြီး ငွေဆောင်ရွာဈေးတန်းတွင် ဒေသထွက် အမှတ်တရပစ္စည်းများ ဝယ်ယူကြသည်။

မေ ၂ ရက်ကလည်း ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင်မှ မိုင် ၃၀ ခန့်ကွာဝေးသော ပုသိမ်မြို့ရှိ မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ပုသိမ် ဟာလဝါလုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်းများနှင့် ပုသိမ်စက်မှုဇုန်ရှိအထည်ချုပ်လုပ်ငန်းများသို့ သွားရောက်လေ့လာကြသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ကျော်စိုးထိုက်(ပညာရေး)**



## နတလ ခွင့်ပြုရန်ပုံငွေဖြင့်ဖောက်လုပ်သော ကျေးရွာချင်းဆက်လမ်းဖွင့်

**လဟယ် မေ ၃**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျော်ရတနာသိန်းကုမ္ပဏီက ဖောက်လုပ်သော တိုက်ရံ-ရောင်ဖွန်-ခမ္မလားမြေသားလမ်း (၁၀/၀)မိုင်၊ တိုက်ရံ-မော်ဖွန်-နောက်ညူခါဆန်-နောက်ညူကျထောက်-ယမ်းကြုံးလမ်း ၃၅ မိုင်အနက် မြေသားလမ်း (၁၀/၀)မိုင်ဖွင့်ပွဲကို မေ ၁ ရက်က တိုက်ရံကျေးရွာလမ်းခွဲနှင့် နောက်ညူမန်ဆွေလမ်းခွဲတို့တွင် ကျင်းပသည်။

အဆိုပါလမ်းဖွင့်ပွဲသို့ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသက်နောင်၊ နာဂဒေသဦးစီးအဖွဲ့အလုပ်အမှုဆောင်ဦးရိထင်(စီးပွား)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကယ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ကျော်ရတနာသိန်းကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခင်က ဆိုင်ကယ်လမ်းဖြင့်သာခက်ခဲစွာ သွားခဲ့ရပြီး ယခုအချိန်တွင် နွေရာသီကာလမှာကားငယ်ဖြင့်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခင်ကရွာတွင် ဈေးဆိုင်မဖွင့်နိုင်ခဲ့သော်လည်း ယခုကားလမ်းတစ်ကြောင်းထိုး ဖောက်လုပ်ပေးထားသည့်အတွက် ကျေးရွာတိုင်းဈေးဆိုင်များရှိလာသဖြင့် ဝမ်းသာပီတိဖြစ်မိကြောင်းနှင့် လူနေမှုဘဝလည်း ပြောင်းလဲလာပြီဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် လုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) နိုင်ငံတော်သမ္မတရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူးနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင် တက်ရောက်သည်။ **(သတင်းစဉ်)**

# ဥပဒေရေးရာကိစ္စရပ်များ၊ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာကာတာသံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ကာလရှည်ကြာစွာ ကူညီဆောင်ရွက်ပေးလျက်ရှိနေသည့် International IDEA အဖွဲ့၏ အကြီးအကဲဖြစ်သူ H.E. Mr.Mark McDowellနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၌ သီးခြားစီ တွေ့ဆုံသည်။

ကာတာသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ International IDEA အကြီးအကဲနှင့်တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် International IDEA အဖွဲ့အနေဖြင့် အကူအညီပေးအပ်နိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

## ✪ ပြည်ထောင်စုအဆင့်မှ

ချိုးဖောက်ခြင်းမရှိဘဲ လေးစားလိုက်နာဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ အစိုးရနဲ့ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား အချို့ကိစ္စတွေမှာ မြေပြင်တပ်မှူးအချင်းချင်းညှိနှိုင်းပြီး ကြီးတဲ့ကိစ္စငယ်သွားအောင်၊ ငယ်တဲ့ကိစ္စပပျောက်သွားအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်အောင်လည်း ကျွန်တော်တို့ အရင်ကတည်းက ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S )လိုက်လံဖွဲ့စည်းတဲ့နေရာမှာ JMC-S မှာပါဝင်တဲ့ တပ်မှူးအချင်းချင်း ဆောင်ရွက်နိုင်အောင်၊ ညှိနှိုင်းဆောင်ရွက်နိုင်ဖို့အတွက် ဆက်သွယ်ဆောင်ရွက်နိုင်အောင် ဖုန်းနံပါတ်တွေ ဖလှယ်မယ်ဆိုပြီး ညှိနှိုင်းခဲ့ကြတာရှိပါတယ်။

ကျွန်တော်တို့ မေလမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပသွားဖို့ဆိုတဲ့ သဘောတူညီမှုရခဲ့ပြီးဖြစ်ပါတယ်။ ကျင်းပတော့မယ့် ကာလအတွင်းမှာ ကျွန်တော်တို့ လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေအနေနဲ့ မြေပြင်မှာ ထိတွေ့တိုက်ခိုက်မှုမရှိအောင် တစ်ခုနဲ့တစ်ခု၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာ သံသယစိတ်တွေကို အောက်ခြေမှာပဲ ပြေလည်အောင်ညှိနှိုင်းဖြေရှင်းသွားမယ်။ မဖြေရှင်းနိုင်ဘူးဆိုတာ မရှိပါဘူး။ စားပွဲဝိုင်းပေါ်မှာ သေချာညှိနှိုင်းပြီးတော့မှ သူ့ရဲ့လိုအပ်ချက်၊ ကိုယ့်ရဲ့လိုအပ်ချက်ကို ညှိနှိုင်းပြီးတော့မှ အပေးအယူ အလျှော့အတင်း လုပ်မယ်ဆိုရင် ဒါတွေဟာ ပပျောက်သွားနိုင်မယ့်အနေအထားရှိပါတယ်" ဟု နှုတ်ခွန်းဆက်အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် အရပ်သားကိုယ်စားလှယ်များအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

စောအိုင်းဇက်ဖိုးက ယခု မိမိတို့ ငြိမ်းချမ်းရေးဆွေးနွေးနေသည့် တပ်များအကြား နယ်မြေသတ်မှတ်မှု၊ တပ်နေရာချထားမှုများ၊ NCA စာချုပ်အချက်အလက်ပါ ကြားကာလအပါအဝင် အချို့အကြောင်းအရာများတွင် ဝိဝါဒကွဲပြားနေမှုများ ရှိနေသေးကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဝိဝါဒ ကွဲပြားနေမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် စိတ်ရင်းစေတနာမှန်နှင့် ဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ တွေ့ဆုံမှုတိုင်းသည် ငြိမ်းချမ်းရေးအတွက် ပေါင်းစပ်ညှိနှိုင်းရန်နှင့် ရလဒ်ကောင်းများရလာစေရေး ဖြစ်ကြောင်း၊ JMC သက်တမ်း တစ်နှစ်ကျော်ကာလအတွင်း NCA လမ်းညွှန်ချက်အတိုင်း ပြည်နယ်အဆင့် JMC-S ငါးခုကို ပူးတွဲဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

NCA နှင့်ပတ်သက်၍ နှစ်ဖက်အောက်ခြေများတွင် နားလည်သဘောပေါက်ရန် လိုအပ်သကဲ့သို့ အောက်ခြေနယ်မြေခံ လူထုများအကြားတွင်လည်း NCA နှင့်ပတ်သက်ပြီး နားလည်သဘောပေါက်ရန် ပူးတွဲဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ NCA သည် ပြည်သူလူထုအတွက် လွတ်လပ်မှုနှင့်လုံခြုံရေးအာမခံမှုများ အပြည့်အဝပါဝင်သည်ဖြစ်ရာ ပြည်သူလူထုက NCA ကို ယုံကြည်သက်ဝင်ပြီး JMC အကောင်အထည်ဖော်ရာတွင်လည်း ပူးပေါင်းပါဝင်ပါက အောင်မြင်မှုရလဒ်ကောင်းများ ရလာမည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ဦးမောင်မောင်ငြိမ်းက "JMC ကို ပြန်ကြည့်မယ်ဆိုရင် JMC သက်တမ်းဟာ တစ်နှစ်နဲ့ ရှစ်လကျော်ကျော်လောက်ရှိပါပြီ။ အချိန်ရွေ့လျားတာနဲ့အမျှ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုများပြားလာတာကို တွေ့ရပါတယ်။ ပြည်သူလူထုအများစုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး သိလိုတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေး ဘယ်တော့ရမလဲမေးတယ်။ ဒီဟာကို ကျွန်တော်တို့ ကြည့်ခြင်းအားဖြင့် JMC နဲ့ ငြိမ်းချမ်းရေးအပေါ် လူထုရဲ့ စိတ်ပါဝင်စားမှု တော်တော်လေး ရှိလာပြီဆိုတာ တွေ့ရတယ်"ဟု ပြောသည်။

JMC-U ၏ (၁၀)ကြိမ်မြောက် အစည်းအဝေးတွင် JMC ကော်မတီဝင်များအနေဖြင့် ရပ်ကွက်၊ ကျေးရွာများအလိုက် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့်ဒေသခံများ၏ လုပ်ငန်းလမ်းညွှန်များအား ဆွေးနွေးအတည်ပြုခြင်း၊ လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)တို့ကို ဆွေးနွေးအတည်ပြုခြင်း၊ ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) ဖွဲ့စည်းရေး၊ မိုင်းရှင်းလင်းရေးနှင့် နယ်မြေသတ်မှတ်ခြင်း ကိစ္စရပ်များအား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်က "ဒီနေ့ကသုံးလစာ JMC ရုံးတွေရဲ့ လုပ်ငန်းအစီရင်ခံစာကို ဆွေးနွေးတယ်။ နောက်ဒေသခံ စောင့်ကြည့်မယ့် သူတွေရဲ့ လုပ်ငန်းလမ်းညွှန်(ToR) ကိုဆွေးနွေးအတည်ပြုတယ်။ ကျန်တာနောက်နှစ်ရက်မှ ဆက်ဆွေးနွေးမယ်"ဟု ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB)က ဖေဖော်ဝါရီ နောက်ဆုံးပတ်က နေပြည်တော်တွင် ပြုလုပ်သည့် JCB အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့သည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ် အရာရှိကြီးများ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များနှင့်နည်းပညာအထောက်အကူပြုအဖွဲ့များတက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊**
**ဓာတ်ပုံ-ဖိုးထောင်**

## ❒ ဆီးဂိမ်းအကြိုပြင်ဆင်မှုမှ

ယင်းပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်း အပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မူလက အသင်းငါးသင်းယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့မှာ နုတ်ထွက်ခဲ့သောကြောင့် သုံးသင်းဖြင့်သာ ကျင်းပမည်ဖြစ်သည်။ (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်သောကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အမျိုးသားပြိုင်ပွဲအမျိုးအစား လေးမျိုးကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာခြင်းလုံးအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၁၀ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြများအဖြစ် ဦးတင်ဝင်းနိုင်နှင့် ဦးအောင်ဇော်လင်းတို့က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာခြင်းလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာမှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး မလေးရှားဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပထမဆုံးယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး မြန်မာ့ရိုးရာအားကစားနည်း နိုင်ငံတကာသို့ ထိုးဖောက်ပျံ့နှံ့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

## ❖ မြဝတီအသင်းမှ

မြဝတီအတွက် ဦးဆောင်ဂိုးကို ထောင့်ကန်ဘောမှတစ်ဆင့် ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် စီးတီးရန်ကုန်အသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အန်းနက်က ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ထပ်ရသော်လည်း အသုံးမချနိုင်ခဲ့၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အချိန်ပို မိနစ် ၃၀ တွင်လည်း အဖြေမပေါ်၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပင်နယ်တီ ကန်ရာတွင် စီးတီးရန်ကုန်က ငါးလုံးကန်ရာ နှစ်လုံးသာဝင်ပြီး ကျန်သုံးလုံးကို မြဝတီဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ မြဝတီအသင်းက လေးလုံးကန်ရာ သုံးဂိုးဝင်သောကြောင့် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ စုစုပေါင်းဂိုးရလဒ် လေးဂိုး-သုံးဂိုးဖြင့် နောက်တစ်ဆင့်တက်ခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဖီးနစ်အသင်းက မောရဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဖီးနစ်အသင်းသည် နှစ်ဂိုးအရှုံးမှ လေးဂိုးပြန်သွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပထမအဆင့် တတိယနေ့ကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ နေပြည်တော်အသင်းနှင့်ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ချိန်းချောင်းတံတားပွင့်



**ညောင်လေးပင် မေ ၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ ချိန်းချောင်းတံတား သစ်ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက အဆိုပါ တံတားသစ်၌ ကျင်းပရာ ပဲခူး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာ အရှည်ပေ ၁၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၉ ပေဖြစ်ပြီး အောက်ခံ သံချည်သံကွေး ကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ ကွန်ကရစ်ကြမ်းခင်းဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် သိန်း ၄၀၀ နှင့် ဒေသခံပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၅၀၀ စုစုပေါင်း ကျပ်သိန်း ၉၀၀ ခန့်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တံတားသစ်ဆောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့်အတွက် ညောင်လေးပင်မြို့နယ်မှ ကျေးရွာအုပ်စုများ၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျေးရွာနေပြည်သူများသည် ယခုအခါ တံတားသစ်ကြီးမှ လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာ ရေး၊ ပညာရေး၊ စီးပွားရေးတို့ ပိုမိုအဆင်ပြေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်**



# ကျေးရွာနေပြည်သူများအား မျိုးစပါးတင်းတစ်ရာ ထုတ်ပေး

**နေပြည်တော် မေ ၃**
ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှု ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံ ကိန်းသုံးခုဖြင့် အခြေခံပြီးဆောင်ရွက် ရမည့် ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ ကျေးရွာ ၂၈ ရွာတို့တွင် ဆောင်ရွက်ပေးလျက်ရှိရာ ဒက္ခိဏ သီရိမြို့နယ် ရွာသစ်ကျေးရွာ ဆယ်မားအူးလ်အွန်ဒုံ ကော်မတီမှ ကြီးမှူးပြီး သက်ဆိုင်ရာအဖွဲ့အစည်း များဖြင့် ပူးပေါင်း၍ ဆင်းသုခစပါး မျိုးများ ထုတ်ပေးခြင်းကို နေပြည် တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဒိုးနွယ်အုပ်စု ရွာသစ်ကျေးရွာ၌ မေ ၁ ရက်က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် စိုက် ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးက ကျေးရွာနေပြည်သူ ၂၇ ဦးတို့အား ဆင်းသုခမျိုးစပါး တင်းတစ်ရာကို ပေးအပ်ခဲ့သည်။

"မနှစ်က ဆယ်မားအူးလ်အွန်ဒုံစီမံ ကိန်းကို ဆောင်ရွက်နိုင်ဖို့ ငွေကျပ် ၂၃၃ သိန်းရတယ်။ စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်ရတယ်။ ဒီနှစ်တော့ လမ်း ဘေးဓာတ်တိုင်တွေနဲ့ ဖြည့်စွက်ဓာတ် တိုင်တွေ သွယ်တန်းပြီးတော့ ခန်းမ အဆောက်အအုံ တစ်လုံးကိုလည်း တည်ဆောက်နေပါတယ်"ဟု ရွာသစ် ကျေးရွာ ဆယ်မားအူးလ်အွန်ဒုံ စီမံ ကိန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေက ပြောကြားသည်။

အဆိုပါ မျိုးစပါးများထုတ်ပေးခြင်း ကို ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းဝင် ကျေးရွာနေပြည်သူများ ဝင်ငွေတိုး တက်ရရှိရေးစီမံကိန်းအရ ဆောင် ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ထောက်ပံ့ငွေများကို လူနေမှုပတ်ဝန်း ကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေး အတွက် ၅၀ ရာခိုင်နှုန်းနှင့် စွမ်း ဆောင်ရည် မြှင့်တင်ရေးအတွက် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြု နိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက် ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့် ဆောင်ရွက်ရကြောင်း၊ ဆောင်ရွက် ထားရှိမှု မှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းတွင် ပွင့်လင်းမြင်သာ စွာ ချပြထားရမည်ဖြစ်ကြောင်း သိရ သည်။

**(သန့်မောင်)**

# မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေ ပေးအပ်


**စစ်တွေ မေ ၃**
ရခိုင်ပြည်နယ် မင်းပြားမြို့နယ် တောင်ပုတ်ကေကျေးရွာ အနီး မင်းကြောင်းမြစ်တွင် ဧပြီ ၁၃ ရက် နံနက် ၆ နာရီက ကျားပိုက်ထောင်ထားသည့် ကြိုးနှင့်ငြိစွန်းပြီး ဘုရားဖူး ရေယာဉ်တစ်စင်းနစ်မြုပ်သွားရာ ရေယာဉ်နစ်မြုပ်ရာ၌ သေဆုံးသွားသူရှစ်ဦးတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှု အာမခံ လျော်ကြေးငွေများပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ပေးအပ် ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဗိုလ်မှူးကြီး ထိန်လင်းက အဖွင့် အမှာစကားပြောကြားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေး ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရေယာဉ်နစ်မြုပ်ရာ၌ သေဆုံးသူရှစ်ဦး ကို တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းနှင့် စုစုပေါင်း ငွေကျပ် သိန်း ၈၀ ကို ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပေးအပ်ရာ အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စား လှယ်တစ်ဦးက လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ရခိုင်ပြည်နယ် အတွင်း ရေးမှူး ဦးတင်မောင်ဆွေနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ဒုတိယအကြိမ်မြောက် မီးအလှုပြပွဲတော်ကို မန္တလေးမြို့ ကျုံးတောင်ဘက်အနီး၌ ကျင်းပမည်

**ရန်ကုန် မေ ၃**
မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် မီးအလှုပြပွဲတော် (Myanmar International Lighting Festival 2017) ကို မန္တလေးမြို့ရှိ ကျုံးဘေးတောင် ဘက်အနီး၌ စက်တင်ဘာလအတွင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးအလှုပြပွဲတော်၌ မန္တလေးမြို့၏ အငွေ့အသက်များပါဝင်မည့် မြန်မာ့ရိုးရာယဉ်ကျေးမှုခလေ့ ရုပ်တုများ၊ မန္တလေးတောင်ပုံစံငယ်ရုပ်တုများ၊ မြို့ရိုးပုံစံငယ် ရုပ်တုများ အပါအဝင် အခြားရုပ်တုများအား LED လျှပ်စစ်မီးအလှုဆင်ဖန်တီးမှုများနှင့်အတူ မြန်မာမှုပုံစံ ပြကွက်အသစ်များဖြင့် ပါဝင်ခင်းကျင်းပြသမည်ဖြစ်ပြီး ပိုမိုထူးခြားသော နည်းပညာပိုင်းဆိုင်ရာ LED လျှပ်စစ်မီး အလှုဆင်ဖန်တီးမှုရုပ်တုများ ပါဝင်မည်ဖြစ်ကြောင်း မြန်မာ နိုင်ငံ၏ ပထမဦးဆုံးသော မီးအလှုပြပွဲတော် (Myanmar International Lighting Festival 2017) ကို ကြီးမှူးကျင်းပခဲ့သည့် DN Development Group မှ စီမံကိန်းဒါရိုက်တာ ဦးဟိန်းထက်က ပြောသည်။

"ဒုတိယအကြိမ်မြောက် ကျင်းပမယ့် မီးအလှု ပြပွဲတော်မှာလည်း ပြည်သူတွေအတွက် ပျော်ရွှင်မှုရစေရ မှာပါ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာက အများပြည်သူတွေ အတွက် Green Space တွေ လိုအပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေရရှိဖို့အတွက် အစိုးရနဲ့ပြည်သူ ပူးပေါင်း ဆောင်ရွက်ပြီး နိုင်ငံမှာရှိနေတဲ့ ပြည်သူတွေပျော်ရွှင်ဖို့ လုပ်ဆောင်သင့်သလို ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံ တော်အစိုးရနဲ့ပူးပေါင်းပြီး ပြည်သူတွေ စိတ်ချမ်းမြေ့အောင် ပြုလုပ်သွားမှာပါ။

"ကျွန်တော်တို့အနေနဲ့ ဒီပွဲတော်ကျင်းပဖို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ခွင့်ပြုချက်တောင်းခံ သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်မှာ ပြုလုပ်ခဲ့တဲ့ LED လျှပ်စစ်မီးလုံးလေးတွေကတော့ အလုံး ရေသန်း ၇၀ မကျန်တော့ပါဘူး။ သန်း ၅၀ ပဲရှိတော့တာပါ၊ LED မီးလုံးသန်း ၂၀ ကလည်း မိုးရွာတဲ့ဒဏ်ထိတာနဲ့၊ လူတွေ မတော်တဆတက်နင်းမိတာနဲ့ ပျက်စီးသွားပါတယ်။ ဘာပဲပြောပြော ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်မှာ ပထမဦးဆုံး ကျင်းပတဲ့ မီးအလှုပြပွဲတော်ထက် ပိုမိုထူးခြားအောင် လုပ်ဆောင်သွားဖို့စီစဉ်နေပါပြီ။ ပွဲတော်လာပြည်သူတွေ စိတ်ချမ်းမြေ့ကြည်နူးစေရမှာပါ"ဟု ၎င်းက ပြောသည်။

မေ ၁ ရက် ညပိုင်းက အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သော မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီးအလှုပြ ပွဲတော်၏ ဆုပေးအပ်ပွဲမတိုင်မီ၌ ပွဲတော်ဝင်ကြေးရရှိငွေ ၃၀ ရာခိုင်နှုန်းကို ရန်ကုန်ကလေးဆေးရုံကြီး၊ မင်္ဂလာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတသင်တန်းကျောင်းနှင့် မြန်မာ နိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယတို့အတွက် အလှူငွေကျပ်သိန်း ၃၀ စီ ပေးအပ်လှူဒါန်းခဲ့ပြီး ပွဲတော် လူမှုကွန်ရက်စာမျက်နှာသို့ ပေးပို့နေသည့် Photo Contest ဆုဆွတ်ခူးရရှိသူနှစ်ဦးအား iphone 7 plus တစ်လုံးစီ ပေးအပ်ချီးမြှင့်ခဲ့ကာ ကျန်ကံထူးရှင် ၁၁ ဦးအား ဆုလက် ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါ မြန်မာ နိုင်ငံ၏ ပထမဦးဆုံးသော မီးအလှုပြပွဲတော်၏ ဆုပေးအပ် ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ တက်ရောက်အမှာစကား ပြောကြားခဲ့ကြကြောင်း သိရ သည်။

**(စိုးဝင်း-MLA)**



# ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းလှုပ်ရှားမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Dr. Luan Thuy Duong အား ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၅)ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဗီယက်နမ်ဆက်ဆံရေးရုံးခန်းဖွင့်လှစ်သည့် နှစ် (၇၀)ပြည့်အထိမ်းအမှတ်နှင့် မြန်မာ-ဗီယက်နမ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၄၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြားတည်ရှိနေသော ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းလှုပ်ရှားမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေပြင်းတိုက်၊ မိုးသီးကြွေခြင်းများကြောင့် နေအိမ်များပျက်စီးမှုဖြစ်ပွား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကူညီထောက်ပံ့မှုများဆောင်ရွက်



**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာ၌ မေ ၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်၊ မိုးသီးကြွေကျခြင်းများကြောင့် လူနေအိမ်သွပ်မိုးလန်၊ သစ်ပင်ပိခြင်းများဖြစ်ပွားခဲ့ရာ မေ ၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် လေဘေးသင့် ဒေသခံများအား ကူညီကယ်ဆယ်ရေး ပစ္စည်းများ လက်ရောက်ပေးအပ်ခဲ့သည်။

ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာသည် အိမ်ထောင်စု ၃၀၉ စုတွင် လူဦးရေ ၁၆၁၃ ဦး နေထိုင်ပြီး ယခင်က ယခုကဲ့သို့ လေပြင်းတိုက် မိုးသီးကြွေခြင်းမျိုးမဖြစ်ခဲ့ဖူးသလို ယခုကဲ့သို့ အိမ်ခြေ ၄၀ နီးပါး ပြိုကျအမိုးလန်၊ သစ်ပင်ပိခြင်းမျိုးမဖြစ်ခဲ့ဖူးကြောင်း ဒေသခံများထံမှ သိရသည်။ လေပြင်းတိုက်၊ မိုးသီးကြွေကျခြင်းများကြောင့် လူနေအိမ် ၃၃ လုံး အချို့သွပ်မိုးလန်ပြီး သစ်ပင်ပိခဲ့ခြင်းများရှိခဲ့သလို နှစ်ထပ်ယွန်းကျောင်းတိုက်နှင့် နှစ်ထပ် ဥပုဒ်ကုန်းကျောင်း အမိုးအားလုံးလန်ကာ ဉာဏ်တော် ၅၀ ရှိ မနောယမံကျောင်း စေတီထီးတော် နှစ်ပေခွဲခန့် ပျက်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြိုပျက်သည့် အိမ်တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှင့် အမိုးလန်သည့်အိမ်၏ ပျက်စီးမှုအပေါ်မူတည်၍ စုစုပေါင်းငွေကျပ် ၁၈ သိန်းခြောက်သောင်းကို ထောက်ပံ့ပစ္စည်း ငါးမျိုး၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီက သွပ်အချပ် ၅၀ တို့နှင့်အတူ ပေးအပ်ထောက်ပံ့ကူညီခဲ့သည်။

အလားတူ ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် မုဋ္ဌောကျေးရွာအုပ်စု ဒဟတ်တောကျေးရွာ လူနေအိမ်တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ အမိုးလန်ထိခိုက်ပျက်စီးခဲ့သလို နတ်ကြီးကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ဝက်ချောင်းကလေးကျေးရွာတွင် လူနေအိမ် ၂၇ လုံး၊ အခြားအဆောက်အအုံ နှစ်လုံး၊ အေးသာယာကျေးရွာတွင် လူနေအိမ် ၁၁ လုံး၊ အခြားအဆောက်အအုံ တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး ချိုင်ကျေးရွာတွင် လူနေအိမ်လေးလုံး၊ အထက်တန်းကျောင်းဆောင် တစ်ဆောင်၊ ဒင်ပေါက်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သရက်ပင်ကျေးရွာတွင် လူနေအိမ် ၁၄ လုံးနှင့် မူလတန်းကျောင်းဆောင် နှစ်ဆောင် အမိုးလန်ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကနီမြို့နယ်အတွင်း လေပြင်းတိုက်၍ ပျက်စီးနေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် အစိုးရအဖွဲ့က သွားရောက်ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ပဉ္စမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ပဉ္စမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသီဟစောက MJA ၏ ဥယျောဇဉ်အား ဖတ်ကြားပြီး ဒု-ဥက္ကဋ္ဌ ဦးမြတ်ခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်+မိုး)၏ သဝဏ်လွှာ၊ မြန်မာဂျာနယ်လစ်ကွန်ရက်၏ သဝဏ်လွှာ၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၏ သဝဏ်လွှာ၊ မြန်မာ့သတင်းအဖွဲ့ BMI ၏ သဝဏ်လွှာ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဝဏ်လွှာတို့အား အသီးသီးဖတ်ကြားပြီး အမျိုးသားသတင်းဆုကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းငြိမ်း၏ ပဉ္စမအကြိမ် အမျိုးသားသတင်းဆုနှင့်ပတ်သက်သည့် ရှင်းလင်းချက်ကို ဖတ်ကြားသည်။

အမျိုးသားသတင်းဆု ချီးမြှင့်ပွဲတွင် ဟံသာဝတီဦးအုန်းကြိုင်အား သတင်းသူရဲကောင်းဆု၊ ဦးခင်မောင်မြင့်(မော်ကွန်း)အား အကောင်းဆုံးသတင်းဆောင်းပါးဆု၊ ကိုစိုးမိုးအောင်အား အကောင်းဆုံး သတင်းဓာတ်ပုံဆု၊ ကာတွန်းမောင်မောင်လေးအား အကောင်းဆုံးကာတွန်းဆု၊ DVB အား အကောင်းဆုံးရုပ်သံဆု စသည့် သတင်းထူးချွန်ဆု ငါးဆုအား ရွေးချယ်ချီးမြှင့်ပြီး အကောင်းဆုံးသတင်းဆုအား ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။ **(ဝဝ၂)**






# ရေနံရှာဖွေရေးလုပ်ငန်းကို အမြန်ဆုံးရုပ်သိမ်းပေးရေး ဒေသခံတချို့ ဆန္ဒထုတ်ဖော်



**ပန်းတောင်း မေ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ရေနံရှာဖွေရေးနှင့် ပတ်သက်၍ ဒေသခံတချို့က မေ ၃ ရက် နံနက်ပိုင်းက စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာအုပ်စု နတ်မောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများက ပွင့်လင်းမြင်သာမှုမရှိ၊ လူထုကျေနပ်မှုမရှိသော ရေနံရှာဖွေရေးလုပ်ငန်းကို အမြန်ဆုံးရုပ်သိမ်းပေးရေး၊ တာဝန်ရှိပုဂ္ဂိုလ်များက ရေနံရှာဖွေရေးလုပ်ငန်းနှင့် ဆက်စပ်နေသော မင်းမဲ့စရိုက်ဆန်လုပ်ရပ်များအား အမြန်ဆုံးဖြေရှင်းပေးရေး၊ နတ်မောက်ကျေးရွာမှ ပြည်သူများ အလိုမရှိသော ရေနံရှာဖွေရေးလုပ်ငန်းအား အမြန်ဆုံးဖျက်သိမ်းပေးရေးတို့အတွက် မေ ၂ ရက် နံနက် ၉ နာရီတွင် ပန်းတောင်းမြို့ ပေါ်တော်မူရှင်ဖြူမြတ်စွာဘုရားကြီးရှေ့၌ စုရပ်စတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့အထိ ပန်းတောင်း-တောင်ကုတ်ကားလမ်းအတိုင်း ဒေသခံပြည်သူအင်အား ၃၀၀ ခန့်က "တာဝန်ရှိပုဂ္ဂိုလ်များက ရေနံရှာဖွေရေးလုပ်ငန်းနှင့် ဆက်စပ်နေသော မင်းမဲ့စရိုက်ဆန်လုပ်ရပ်များအား အမြန်ဆုံးဖြေရှင်းပေးရေး ဒို့အရေး ဒို့အရေး ဒို့အရေး" ဟု ရေးသားထားသော ပိုစတာများကို ကိုင်ဆောင်ကာ ကြွေးကြော်ပြီး စီတန်း လှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၂၅ စီး၊ သွင်းကုန် ၅၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၁၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၇၃ ဒသမ ၅၀၉ သန်းခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၂ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးစဉ် Myanmar Eastern Airline ဖြင့် ကူမင်းမှ မန္တလေးသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ထွင်းရုပ်တု ခြောက်ခုနှင့် အဆိုပါ ရုပ်တုများတင်ဆောင်သည့် သစ်သားခုံ သုံးခု စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၅ ဒသမ ဝ၆ သန်းခန့်အားတွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ထွင်းရုပ်တု။**



# မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆောက်လက်စကွန်ဒိုအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၃**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း မေ ၃ ရက်မွန်းတည့်က ဆောက်လက်စကွန်ဒိုအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက်မွန်းတည့် ၁၂ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဦးအောင်မြတ်လမ်းရှိ Asia Myanmar Shining Star ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်နေသော အကျယ်အဝန်း(ပေ၁၅၀×ပေ၁၈၀)ဆောက်လက်စကွန်ဒို (၂၂)ထပ် ပထမထပ်ရှိ စာရင်းစာအုပ်များထားရှိသည့် သစ်သားစားပွဲပေါ်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် (၁×၈) ပေကြိတ်သားပြား ၁၀၀ ကျော်ခန့်၊ PVC ပိုက်အဆက် ၁၀၀ ကျော်ခန့်၊ သစ်တိုသစ်စများနှင့် စွန့်ပစ်အမှိုက်များ မီးလောင်ခဲ့ကာ မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီးအပါအဝင် အခြားမြို့နယ်များမှ မီးသတ်ယာဉ် ၁၀ စီး၊ ဌာနချုပ်မှ နှစ်စီးဖြင့် စုစုပေါင်း မီးသတ်ယာဉ် ၁၄ စီး၊ ကွပ်ကဲမှုယာဉ် ၁၂ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀ ဦးတို့ဖြင့် မီးငြိမ်း သတ်ခဲ့ခြင်းကြောင့် မွန်းလွဲ ၁၂ နာရီ ၂၂ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၂ နာရီ ၂၆ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အထွေထွေအလုပ်သမားဖြစ်သူ ဦးတေဇာလင်း(၁၉)နှစ်အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ (ပ)၂၄၃/၂၀၁၇၊ပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊**
**ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့**

# ထန်းတပင်မြို့နယ်တွင် မူးယစ်ဆေးပြားများနှင့်လက်နက်များ သိမ်းဆည်းရမိ

**တောင်ငူ မေ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် မူးယစ်ဆေးဝါးများနှင့်လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် နံနက် ၃ နာရီခန့်က တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာနေ နိုင်ကြီး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဇရပ်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးကောင်းရွာရှိ နိုင်ကြီး၏ ခတ်ဆီဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ရာ နိုင်ကြီး၏ သားဖြစ်သူ အောင်စန်းဦးနှင့် ညီဖြစ်သူ ဦးစိုးအောင်တို့အား တွေ့ရှိရပြီး ဆီဆိုင်အတွင်းရှာဖွေခဲ့ရာ ခတ်ဆီဆိုင် အနောက်ဘက်ခြံဝင်းအတွင်း ပုံထားသည့် ဘီယာဘူးခွံအပုံအတွင်းမှ Myanmar Beer သံဘူးတစ်ဘူးအတွင်းထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ စီပါ အပြာရောင်ကပ်ခွာအိတ် ၁၀ အိတ် စုစုပေါင်း အပြား ၂၀၀၀ အား ကနဦးရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ရွာတန်းရှည်ရွာရှိ နိုင်ကြီး၏ နေအိမ်သို့ ဆက်လက်ရှာဖွေခဲ့ရာ နိုင်ကြီး၏ နေအိမ်တွင် နိုင်ကြီး၏ဇနီးဖြစ်သူ မစန်း၊ ညီဖြစ်သူ ဝင်းမြင့်နှင့် အတူမှတ်တား(ခ)စန္ဒာတို့သုံးဦးအား တွေ့ရှိခဲ့ကြောင်း၊ ထို့နောက်နိုင်ကြီး၏ နေအိမ်ခြံဝင်းအတွင်း ရှာဖွေခဲ့ရာ နေအိမ်နောက်ဖေးရှိ ဝါးရုံပင်နှင့် သရက်ပင်ကြားတွင် လုပ်ထားသည့် မိုးကာပျောက်ကျားပုခက်စင်ပေါ်တွင်အိပ်နေသည့် နိုင်ကြီးအားတွေ့ရှိခဲ့သော်လည်း နိုင်ကြီးမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ နိုင်ကြီး အိပ်နေသည့်ပုခက်စင်ပေါ်မှ JIU စာတန်းပါ အသားရောင် ဂျင်းဘေးလွယ်အိတ်တစ်လုံး တွေ့ရှိရပြီး ဂျင်းလွယ်အိတ်အတွင်းမှ NO.6964 နံပါတ်ပါ ပစ္စတိုတစ်လက်၊ ကျည်အိမ်အတွင်း ကျည်ဆန် ငါးတောင့်အားထည့်ထားလျက်တွေ့ ရှိရကြောင်း၊ ပစ္စတိုသေနတ်ထည့်ထားသောအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြားအား ထပ်မံတွေ့ရှိကြောင်း၊ ဆက်လက်ပြီး နေအိမ်ခြံဝင်းအတွင်း ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ငွေသားအချို့အား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇရပ်ကြီးနယ်မြေရဲစခန်းမှ လက်ရှိဖမ်းဆီးရမိထားသည့် အောင်စန်းဦး၊ ဦးစိုးအောင်၊ မစန်း၊ ဝင်းမြင့်နှင့်မှတ်တားတို့အား အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်သွားသော နိုင်ကြီးအား ဖမ်းဆီးရမိရေးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**





# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် SUPER CUSTOM ယာဉ် တိမ်းမှောက်

**နေပြည်တော် မေ ၃**

ရန်ကုန် -မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၃၅/၇)နှင့် (၂၃၆/၀) အကြား မန္တလေးမှနေပြည်တော်သို့ ယာဉ်မောင်း လှိုင်သင်း မောင်းနှင်လာသော Super Custom ယာဉ်မှာ ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်က ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခုနစ်ဦးအနက် သံဃာတစ်ပါး၊ အမျိုးသမီး လေးဦး၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ဘုရားတောင်အမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ပါ၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူယာဉ်မောင်းအား ယာဉ်(ပ)၁၆/ ၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**




# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲ ရှုံး/ထွက်ပွဲစဉ်များကျင်းပ



**နေပြည်တော် မေ ၃**

တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲ ရှုံး/ထွက်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C) ၌ ကျင်းပခဲ့သည်။

အမျိုးသား ရှုံး/ထွက် ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ထို့နောက် အမျိုးသမီး ရှုံး/ထွက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၄ ရက် နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C) တွင် ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သဖြင့် အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# လေးနှစ်အတွင်းချန်ပီယံလိဂ်ဗိုလ်လုပွဲ သုံးကြိမ်မြောက်တက်လှမ်းရန် ရီးယဲလ်နီးစပ်လာ



ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ လေးနှစ်တာကာလအတွင်း သုံးကြိမ်မြောက်တက်လှမ်းရန် နီးစပ်လာခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးစီရော်နယ်လ်ဒို၏ ဟက်ထရစ်သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပွဲကစားချိန် ၁၀ မိနစ်၊ ၇၃ မိနစ်နှင့်၈၆ မိနစ်တို့တွင် သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသွင်းဂိုးကြောင့် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် သွင်းဂိုး ၅၀ ပြည့်မြောက်သည့်ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် နောက်ဆုံးကစားခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်သုံးပွဲတွင် နှစ်ကြိမ်မြောက်ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# လီဗာပူးနည်းပြဂျာဂန်ကလော့ ဖာဘရီဂတ်စ်ကို ခေါ်ယူရန်အသင့်ရှိနေ

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူရန်အသင့်ရှိနေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ပိုင်းတွင် ကန်တီသည် ပရီမီယာလိဂ်ပွဲစဉ် ၃၃ ပွဲ၊ မာတစ်သည် ၂၈ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဖာဘရီဂတ်စ်မှာမူ ၁၀ ပွဲသာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းက ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူရန်ပစ်မှတ်ထားနေပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အသင့်ရှိနေကြောင်း ပြောကြားထားသည်။

ဖာဘရီဂတ်စ်သည် ၂၀၁၄ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေခြင်းကြောင့် အသင်းပြောင်းရွှေ့မည့် အလားအလာရှိနေသည်။ **(ငွေကြယ်)**

အီတလီစီးရီးအေရင်ခုန်သံ-၃၅

## ရိုးမားကိုအိမ်ကွင်းမှာအနိုင်ရယူဖို့ခက်ခဲနေတဲ့ အေစီမီလန်

ရှိုင်း မင်း မင်း

**စီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် (၃၅) ကိုလာမယ့် မေ ၆၊ ၇၊ ၈ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဥရောပဝင်ခွင့်မှန်းနေတဲ့ မီလန်နဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်အတွက်အားစိုက်ကစားနေတဲ့ ရိုးမားတို့ထိပ်တိုက်ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိလာနိုင်ပါတယ်။**

### နာပိုလီ - ကယ်ဂလီယာရီ ည ၁၀း၃၀ (၆-၅-၁၇)

ချန်ပီယံလိဂ်တိုက်ရိုက် ဝင်ခွင့်ရယူနိုင်ဖို့အတွက် ရိုးမားနဲ့အားပြိုင်နေရတဲ့ နာပိုလီတို့အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ကယ်ဂလီယာရီကတော့ လက်ရှိခြေစွမ်းပိုင်းမဆိုးပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ကစားအားကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း နာပိုလီတို့ ပိုမိုဖိအားပေးနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### အူဒီးနီးစ် - အတ္တလန္တာ ညနေ ၅း၀၀ (၇-၅-၁၇)

ဥရောပဝင်ခွင့်ရဖို့အားစိုက်ကစားနေတဲ့ အတ္တလန္တာခြေက ကောင်းမွန်မှုအပြည့်ရှိပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ဂျူဗင်တပ်ကိုတောင် သရေကစားနိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း ရှုံးပွဲလုံးဝမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အူဒီးနီးစ်ကလည်း အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတတ်ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုထက်မြက်တတ်ပါတယ်။ ဒါကြောင့်လည်းဒီပွဲမှာ အတ္တလန္တာတို့အခက်တွေ့နိုင်ပါတယ်။

### ဂျူဗင်တပ် - တိုရီနို နံနက် ၁း၁၅ (၇-၅-၁၇)

ချန်ပီယံဖြစ်ဖို့အနီးစပ်ဆုံးမှာရှိနေပြီဖြစ်တဲ့ ဂျူဗင်တပ်ဟာအခု ပွဲမတိုင်မီနဲ့ အခုပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ ရှိနေတာကြောင့် ဒီပွဲထက် ချန်ပီယံလိဂ်ကို ပိုမိုအားစိုက်ဖို့ ရှိနေပါတယ်။ ဂျူဗင်တပ်ရဲ့လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်နေသေလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အမှားခံမှာတော့မဟုတ်ပေမယ့် တိုရီနိုကလည်းလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဂျူဗင်တပ်အနိုင်ရခဲ့ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### အမ်ပိုလီ - ဘိုလော့နာ ည ၇း၃၀ (၇-၅-၁၇)

အမ်ပိုလီက တန်းမဆင်းရဖို့မျှော်လင့်ချက်ရှိနေတာကြောင့် အခုလိုအိမ်ကွင်းပွဲမှာ အားစိုက်လာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ အမ်ပိုလီရဲ့အသင်းလိုက်ရှုန်းအားကလည်းကောင်းမွန်မှုရှိနေကာ အိမ်ကွင်းပွဲတွေမှာခြေပိုမိုကောင်းမွန်တတ်ပါတယ်။ ဘိုလော့နာကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပြီး လက်ရှိအချိန်မှာလည်း ခြေစွမ်းကျဆင်းနေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် အမ်ပိုလီပဲအနိုင်ရမယ်။

### ပက်စ်ကာရာ - ခရိုတိုနီ ည ၇း၃၀ (၇-၅-၁၇)

ခရိုတိုနီဟာ အမ်ပိုလီခြေချော်ခဲ့ရင် တန်းတင်ကျန်ရစ်နိုင်ဖို့အတွက်မျှော်လင့်နိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာလည်း ခရိုတိုနီရဲ့ အသင်းလိုက်ရှုန်းအားကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ပက်စ်ကာရာကတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်တန်းဆင်းရဖို့သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အားစိုက်ကစားမှုပါလျော့ကျသွားနိုင်ပါတယ်။

### ဆာစူအိုလို - ဖီအိုရင်တီးနား ည ၇း၃၀ (၇-၅-၁၇)

ဖီအိုရင်တီးနားက လက်ရှိအချိန်မှာခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဒါပေမယ့်လည်း ဖီအိုရင်တီးနားက အဝေးကွင်းပွဲတွေမှာဆိုရင်တော့ ကစားအားအနည်းငယ်ကျဆင်းတတ်ပါတယ်။ အထူးသဖြင့် ဆာစူအိုလိုက အိမ်ကွင်းပွဲတွေမှာဆိုရင်ကစားပုံကောင်းမွန်မှုပိုမိုရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဖီအိုရင်တီးနားတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ ဖီအိုရင်တီးနားအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်ခဲနေပါတယ်။

### ဂျီနိုအာ - အင်တာမီလန် ည ၇း၃၀ (၇-၅-၁၇)

အင်တာမီလန်က အတ္တလန္တာနဲ့ အေစီမီလန်တို့ခြေချော်ခဲ့ရင် ဥရောပဝင်ခွင့်မျှော်လင့်နိုင်တာကြောင့် အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ အင်တာမီလန်ရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအနည်းငယ်ကျဆင်းနေပေမယ့်လည်း ဂျီနိုအာကလည်းခြေစွမ်းပိုင်းပျက်ယွင်းနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ အင်တာမီလန်တို့ ဂျီနိုအာကို ဖိအားပေးကစားနိုင်ဖို့ ရှိနေပါတယ်။ ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့် အင်တာမီလန်ကသာအဝေးကွင်းနိုင်ပွဲ ရယူသွားနိုင်မှာပါ။

### ချီယေဗို - ပါလာမို ည ၇း၃၀ (၇-၅-၁၇)

လက်ရှိအချိန်မှာ ချီယေဗိုခြေက ကျဆင်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းပွဲကစားရမှာဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းက အားနည်းမှုတွေ ရှိနေတာကြောင့် ပါလာမိုကိုအသာရယူနိုင်ဖို့ခက်ခဲနေပါတယ်။ ဒါပေမယ့်လည်း ပါလာမိုကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေတာကြောင့် ချီယေဗိုတို့အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ ချီယေဗိုတို့သရေလောက်တော့ ကစားနိုင်ဖို့ရှိနေပါတယ်လို့ ယူဆမိပါတယ်။

### လာဇီယို - ဆမ့်ဒိုးရီးယား ည ၇း၃၀ (၇-၅-၁၇)

လာဇီယိုကချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ခက်ခဲနေပေမယ့် ဥရောပဝင် ခွင့်ရဖို့အတွက်တော့ မသေချာသေးတာကြောင့် အားစိုက်ကစားလာမှာပါ။ လာဇီယိုကအိမ်ကွင်းပွဲတွေမှာဆိုရင်လည်းခြေစွမ်းပိုင်းကပို မိုကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့် ဆမ့်ဒိုးရီးယားကလက်ရှိ အချိန်မှာ ခြေစွမ်းပိုင်းကပျက်ယွင်းနေကာ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ကစားအားကျဆင်းတတ်ပါတယ်။

### အေစီမီလန် - ရိုးမား နံနက် ၁း၁၅ (၈-၅-၁၇)

ပွဲကောင်းတစ်ပွဲပါ။ လက်ရှိအချိန်မှာမီလန်က ဥရောပဝင်ခွင့် မျှော်လင့်ချက်ရှိနေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိ နေပါတယ်။ ဒါပေမယ့်လည်း မီလန်ခြေက အခုနောက်ပိုင်းပွဲတွေ မှာကျဆင်းမှုတွေရှိနေပါတယ်။ ရိုးမားကလည်းနာပိုလီနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရဖို့အားပြိုင်နေရတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ရိုးမားကအဝေးကွင်းမှာခြေအနည်းငယ်ကျတတ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းမှာတော့ မီလန်ထက်ပိုမိုကောင်းမွန်နေပါတယ်။

# "အလောင်းတော်ကဿပဖူးမြော် သွားကြစို့ကွယ် တူပျော်ပျော်"

**လှိုင်ဘွား(စီမံကိန်း)**

အလောင်းတော်ကဿပသည် ဗုဒ္ဓဝင်ရာဇဝင်နှင့် သမိုင်းအထောက်အထားများ အခိုင်အမာရှိပြီး ထင်ရှားကျော်ကြားလှသည်။

အလောင်းတော်ကဿပကိန်းဝပ်စံပယ်တော်မူရာ နေရာဌာနမှာ မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ် နယ်နိမိတ်ဆုံရာ ကနီမြို့နယ်အတွင်း တည်ရှိသည်။ ဝေဘူလ၊ ဝေဘာဝ၊ သုနန္ဒရတောင်သုံးလုံးတို့၏အကြား ပထိုးလုံးချောင်းလက်တက်ဖြစ်သော အထက်ချောင်းဖျားတစ်နေရာ စမ်းချောင်းဘေးလိုဏ်ဂူတစ်ခုတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ အလောင်းတော်ကဿပစံကျောင်းတော်၊ အလောင်းတော်ကဿပ ပရိနိဗ္ဗာန်ပြုခဲ့သည့် ကျောက်လိုဏ်ဂူ၊ စေတီပုထိုး၊ ကျောင်းဇရပ်များဖြင့် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ ပရိဝုဏ်တစ်ခုဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးရာသီတွင် ပြည်ပခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ဒေသန္တရဗဟုသုတရှာမှီးလိုသူများ နေ့စဉ်လာရောက်ကြသဖြင့် အမြဲစည်ကားလျက်ရှိသည်။

**အလောင်းတော်ကဿပအမျိုးသားဥယျာဉ်**

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို ၁၉၈၁ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ကို ယင်းမာပင်ခရိုင် ကနီမြို့နယ်ရှိ ပုထိုးလုံးကြိုးဝိုင်းတွေနှင့် ကလေးခရိုင် မင်းကင်းမြို့နယ် တောင်တွင်းကြိုးဝိုင်းနှစ်ခုအား ပေါင်းစည်း၍ သစ်တောရေးရာဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၁ ရက် ရက်စွဲပါအမိန့်အမှတ် (၃၁/၈၉) ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ ဧက ၅၄၁ ဒသမ ၆၂ စတုရန်းမိုင်ရှိပါသည်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို အာဆီယံအမွေအနှစ်အဖြစ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က သတ်မှတ်ခဲ့သည်။

အမျိုးသားဥယျာဉ်အတွင်း၌ ဆောင်းခိုငှက်မျိုးစိတ် ၆၀၊ ငှက်မျိုးစိတ် ၃၇၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၈၀၊ လိပ်ပြာမျိုးစိတ် ၂၅၀၊ နို့တိုက်သတ္တဝါမျိုးစိတ် ၃၉၊ တောဆင်ရိုင်းများနှင့် ရှားပါးတိရစ္ဆာန်များ အများအပြားကျက်စားရာ ဒေသတစ်ခုဖြစ်ပြီး အထူးသဖြင့် အာရှဆင် ၁၅၀ မှ ၂၀၀ ရှိခြင်းကြောင့် ကျော်ကြားသည်။ သဘာဝအတိုင်း ကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးစုံကို လေ့လာနိုင်သည်။

အထက်ရွက်ပြတ်ရောနှောတောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အောက်ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတောများ၏ ဂေဟစနစ်များ ထိန်းသိမ်းထားရှိပြီး ၎င်းသစ်တောများအတွင်း သစ်ပင်မျိုးစိတ် ၄၆၅၊ သစ်ခွမျိုးစိတ် ၄၉ မျိုး၊ ပရဆေးမျိုးစိတ် ၁၄၃ မျိုးတို့ ပေါက်ရောက်လျက်ရှိသည်။

**အလောင်းတော်ကဿပထေရုပ္ပတ္တိအကျဉ်း**

လွန်ခဲ့သော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရဘုရားရှင် ခေမာမိဂဒါဥယျာဉ်တော်၌ သီတင်းသုံးနေစဉ် ဝေဒေဟသူဌေးကြီးနှင့် ဇနီးတို့ ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းကာ ဥပုသ်သီလဆောက်တည်၍ ဘုရားရှင်နှင့်တကွ သံဃာခြောက်သောင်းတို့အား ဆွမ်းဘုဉ်းပေးကြွရောက်ရန် အိမ်သို့ပင့်ဖိတ်ပြီး ပြန်ခဲ့လေသည်။ ထိုသို့ ခုနစ်ရက်တိုင်အောင် ဆက်ကပ်လှူဒါန်းပြီး ပဒုမုတ္တမဘုရားရှင်၏ ခြေတော်အစုံကိုဦးခိုက်၍ မိမိအလိုရှိသောဆု "ဤသို့ခုနစ်ရက်ပတ်လုံးပြုလုပ်ခဲ့သော ကုသိုလ်စေတနာကြောင့် အရှင်နိသဘမထေရ်ကဲ့သို့ ဓုတရေဇတဒဂ်ရ တတိယသာဝကဘွဲ့ထူးများကို ချီးမြှင့်မြှောက်စားတော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်လိုက်သည်။ ထိုအခါ ပဒုမုတ္တမဘုရားရှင်သည် ဝေဒဟသူဌေးကြီး၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် ဝေဒဟသူဌေးကြီး "ဤကမ္ဘာနောက် ကမ္ဘာတစ်သိန်းမြောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားပွင့်တော်မူလတ္တံ့၊ ထိုအခါသင်သည် ဂေါတမဘုရား၏ သာသနာတော်၌ မဟာကဿပဘွဲ့အမည်တော်ရ၍ ဧတဒဂ်ရတတိယသာဝကကြီးဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကားမိန့်ကြားခဲ့သည်။ ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရား ထင်ရှားပွင့်တော်မူသောအခါ မာဂဓတိုင်း၌ ကဿပနွယ်ဖြစ်သော မင်းပုဏ္ဏားသားငယ် ဝိပ္ပလိအဖြစ် ဖွားမြင်တော်မူခဲ့သည်။ ဝိပ္ပလိလုလင်ပျို အသက်နှစ်ဆယ်အရွယ်တွင် မယ်ဘဒ္ဒါရဲ့မိဘများနှင့် နှစ်ဖက်မိဘများတိုင်ပင်၍ ထိမ်းမြားပေးရန်စီစဉ်သည်။ ဝိပ္ပလိသည် မိဘများကွယ်လွန်သွားလျှင် လူ့ဘောင်ကိုစွန့်၍ သက်န်းစည်းပြီး တောထွက်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ချစ်နှမမယ်ဘဒ္ဒါ လင်ပစ်မလေးဖြစ်မည့်အရေးကို တွေးသနားပြီး အခြားရွယ်တူ စိတ်တူကြံစည်ပါလော့ဟုချော့၍ လွှတ်လိုက်ရသည်။ မယ်ဘဒ္ဒါကလည်း အိမ်သူရှင်မ မဖြစ်ရလေအောင် ခယတောင်းပန်အကြောင်းပြန်စာပေးပို့ပါသည်။ ရေစက်ပါ၍မပြတ်နိုင်ဘဲ မင်္ဂလာပွဲဖြစ်မြောက်ခဲ့သည်။

တဏှာကာမလွန်စွာစက်ဆုပ် ညီနံပုပ်ဟု အဟုတ်ရှုရှာမုန်းတီးသောကြောင့် နှစ်ယောက်အတူအိပ်စက်သောအခါ ပန်းကုံးခြား၍ သွေဖည်တစ်မျိုးစိတ်ဖောက်ပြားပါက ပန်းကုံးညှိုးပါစေဟု အဓိဋ္ဌာန်ပြုပြီးနေခဲ့ကြသည်။ နှစ်ဖက်မိဘများကွယ်လွန်သောအခါ သံဝေဂပိုရပြီး အရာရာစွန့်၍ ခြေဦးတည့်ရာသွားတော့မည်ဟု စိတ်အေးချမ်းသာနေရစ်တော့ဟု မယ်ဘဒ္ဒါအားပြောလေသည်။ မယ်ဘဒ္ဒါကလည်း အရှင်နည်းတူသံဝေဂရပြီး မောင်တော်ထွက်သွားရာကို နောက်ကမကွာလိုက်ခဲ့မည်ဟု ပြန်ပြောလေသည်။ ကျေးကျွန်များကလည်း အားထားရာကင်းမဲ့ပါပြီဟုဆိုကာ မသွားဖို့ရန် ငိုကြွေးတောင်းပန်ကြသည်။ ဝိပ္ပလိသည် အသင်တို့ ငါတို့ထံတွင် ဆပ်ရန်အကြွေးအသေးအဖွဲ တစ်ပဲတစ်ရွေးမျှပြန်မပေးနဲ့တော့ဟု တရားသဘော အနည်းငယ်ဟောကြားခဲ့သည်။ နှမမယ်ဘဒ္ဒါ သင်သည် ဇမ္ဗူတစ်ခွင်ဝယ် လူတွင်မက နတ်တမျှလှပနေ၍ လူအများအမြင်ဝယ် မသင့်တော် ရဟန်းဘဝရောက်တာတောင် မခွဲချင်ဘူးဟုပြောကြလိမ့်မည်။ ငါ၏နောက် ကောက်ကောက်ပါအောင် မလိုက်ပါနဲ့။ ကြိုက်ရာလမ်းရွေးပါတော့ဟုပြောလေသည်။ မယ်ဘဒ္ဒါကလည်း အရှင်သာလျှင် လက်ျာလမ်းမှကြွမြန်းပါတော့၊ နှမတော်လည်း လက်ဝဲမှသွားပါတော့မည်ဟု လျှောက်ထားလေသည်။ ခွဲရတော့မှာမို့ လက်ျာရစ်သုံးကြိမ်ပတ်ခါ နောက်ဆုံးကန်တော့လေသည်။ ဝိပ္ပလိလုလင်နှင့် မယ်ဘဒ္ဒါတို့လမ်းခွဲပြီး မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်သွားလေသည်။

သုံးလူထွတ်ထားမြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်မှ ဒိဗ္ဗစက္ခုရွှေဉာဏ်တော်ဖြင့် ရှုကြည့်တော်မူရာ ဝိပ္ပလိလုလင်သည် ငါ့ထံရည်မှန်းလာကြောင်းသိ၍ ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူပြီး ဖူးမြော် ကန်တော့ခံယူတော်မူသည်။ ဘုရားရှင်၏ ဒုကုဋ္ဌသင်္ကန်းကိုပေးသနားပြီး ကျောင်းတော်သို့ ရောက်လတ်သော် ဘုရားရှင် ဧဟိဘိက္ခုခေါ်တော်မူသည်။ ရဟန္တာအဖြစ်ကို ခုနစ်ရက်မြောက်သောနေ့၌ရ၍ မူတင်ထေရ်ကိုဆောင်တော်မူလေသည်။ ရှင်မဟာကဿပမထေရ်သည် မလ္လာမင်းတို့၏ အင်ကြင်းပန်းဥယျာဉ်၌ မြတ်စွာဘုရားပရိနိဗ္ဗာန်စံယူပြီးနောက် သင်္ဂါယနာတင်၍ ဓာတ်တော်များကို အဇာတသတ်မင်းလက်သို့အပ်၏။ ရှင်မဟာကဿပမထေရ်ကြီးသည် သက်တော် (၁၂၀) ဝါတော်သိက္ခာ (၅၀) ပြည့်တော်မူသောနေ့၌ ပရိနိဗ္ဗာန်ပြုအံ့သောနေရာ ဝေဘူလ၊ ဝေဘာဝ၊ သုနန္ဒရတောင်သုံးလုံးရှိရာသို့ ရာဇဂြိုဟ်ပြည်မှကြွမြန်းလာရာ အထက်ချင်းတွင်းမြစ်သို့ ရောက်ရှိသည်။ ရှင်မဟာကဿပမထေရ်ကြီး ကြွလာသည်ကို ယာထွန်နေသော တောင်သူကြီးဦးကောင်းစင် မြင်တွေ့ဖူးမြော်ပြီး ပင့်၍ ဆွမ်းကပ်လှူခဲ့ပါသည်။ ရှင်မဟာကဿပမထေရ်သည် ပထိုးလုံးချောင်းတွင် ရေချိုး၍ သင်္ကန်းများကိုလျှော်လှန်းပြီး ခေတ္တနားခဲ့သည်။ ထို့နောက် ချောင်းအတိုင်းဆန်တက်ပြီး ဝေဘူလ၊ ဝေဘာဝတောင်သို့ ရောက်ပြီးလျှင် တောင်ပေါ်သို့တက်၍ မတ်တပ်ရပ်တော်မူပြီး လူနတ်အပေါင်းတို့အကျိုး "သာသနာတော်၌ သက်ဝင်ယုံကြည်သော အမျိုးကောင်းသားသည် ငါးပါးသီလစောင့်ထိန်းခြင်း၊ မိဘဆရာသမားတို့အား ရှိခိုးပူဇော်ခြင်း၊ ရတနာသုံးပါးနှင့် သာသနာစောင့်နတ်တို့အား ရှိခိုးပူဇော်ခြင်းတို့ကို ယုံကြည်စွာသုံးစွဲပါက (၉၆)ပါးရောဂါတို့ ပျောက်ကင်းပါစေသတည်း" အဓိဋ္ဌာန်ပြုတော်မူသည်။ ဤကဲ့သို့ သတ္တဝါအပေါင်းတို့အား သနားတော်မူသောကြောင့် မေတ္တာတော်ရေတွင်းကိုလည်း အဓိဋ္ဌာန်ပြု၍ထားတော်မူသည်။ ထိုရေတွင်းမှတစ်ဖန် တောင်ဘက်သို့လျှောက်လှမ်းကြွတော်မူပြီးလျှင် ကုဋ္ဌာသယတောင်ခြေရင်း၌ ဆွမ်းဘုဉ်းပေးပြီး သပိတ်ကိုဆေးကြောသောချောင်းကို သပိတ်ဆေးချောင်းဟုခေါ်သည်။

ရှင်မဟာကဿပမထေရ်ကြီးသည် နတ်မင်းအပေါင်းတို့ ဖန်ဆင်းထားတော်မူသော မြသလွန်ညောင်စောင်းထက်တွင် မဟာဗောဓိပင်နှင့် ရတနာသုံးပါး ရွှေပလ္လင်မြတ်၌ ဘုရားဓာတ်တော်မြတ်ကိုရှိခိုးပူဇော်ပြီးမှ သစ္စာဓိဋ္ဌာန်ပြုတော်မူလေသည်။ "ဝဇီဝါစာ သစ္စာဓိဋ္ဌာန်များပြုတော်မူပြီးလျှင် မဟာဗောဓိပင်နှင့် ရတနာခုနစ်ပါးဝင်ပြီးသော ရွှေပလ္လင်ကို ဦးခေါင်းပြုတော်မူပြီးသည့်နောက် ဈာန်ဝင်စားတော်မူပြီးလျှင် သိကြားနတ်မင်းတို့ ဖန်ဆင်းထားအပ်သော မြသလွန်ရွှေညောင်ဇောင်းပေါ်၌ ပရိနိဗ္ဗာန်စံယူတော်မူလေသည်။

**ဘုရားဖူးခရီးစဉ်**

စာရေးသူသည် အသက် ၄၀ ကျော်သည့်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာဘက်ကိုမရောက်ဖူးပေ။ ချင်းတွင်းမြစ်ကြီးကိုလည်း မမြင်ဖူးပေ။ စာရေးသူသည် ပထဝီဝင်ဘာသာရပ်ကို စိတ်ဝင်စားပြီး ဒေသန္တရဗဟုသုတ ရှာမှီးလိုသည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဘုရားဖူးခရီးထွက်ဖြစ်ခဲ့သည်။ စာရေးသူသည် ရှမ်းပြည်နယ် ရွာငံမြို့မှာ တာဝန်ကျနေသဖြင့် ရွာငံမြို့မှ ခရီးစတင်ခဲ့သည်။ မိတ်ဆွေဦးသက်ဇင်ငြိမ်းကားဖြင့် သူ၏မိသားစု၊ သူ၏အလုပ်သမားအဖွဲ့၊ သူ၏ဆွေမျိုးသားချင်းများနှင့်အတူ စုစုပေါင်းလူဦးရေ ၅၃ ဦး ဘုရားဖူး ပျော်ပျော်ပါးပါးခရီးထွက်ဖြစ်ခဲ့သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရွာငံမှ ည ၉ နာရီထွက်သည်။ မန္တလေးမြို့ထဲမဝင်တော့ဘဲ မြစ်ငယ်တံတားထိပ်လမ်းခွဲမှ ဖြတ်လမ်းအတိုင်းမောင်းခဲ့ရာ ရတနာပုံတံတားကိုရောက်၏။ နံနက် ၄ နာရီခွဲတွင် မန္တလေး ရတနာပုံတံတားသစ်ဖြတ်ပြီး မျှားမကြာမီ စစ်ကိုင်းကောင်းမှုတော်ဘုရားရောက်သည်။ ဘုရားဖူးအနားယူပြီး ဆက်ထွက်ခဲ့ရာ နံနက် ၇ နာရီတွင် ဗောဓိတစ်ထောင်နှင့် လေးကျွန်းစကြာမာန်အောင်ရပ်တော်မူ ဘုရားသို့ရောက်သည်။ ထို့နောက် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကိုလည်း ဝင်ရောက်လေ့လာဖူးမြော်ခဲ့သည်။ ထို့နောက်ဆက်ခရီးထွက်ခဲ့ရာ မုံရွာမြို့ကိုရောက်၏။ မုံရွာမြို့တွင် နေ့လယ်စာစားကြပြီး မုံရွာ-ကလေးလမ်းအတိုင်း ဆက်လက်ခရီးထွက်ခဲ့ရာ မကြာမီချင်းတွင်းမြစ်ကို လှမ်းမြင်နေရသည်။

ချင်းတွင်းမြစ်ကူးတံတားဖြတ်ပြီး ပုသိမ်-မုံရွာကားလမ်းနှင့် ကလေးလမ်းဆုံသို့ ရောက်၏။ ဆက်လက်ခရီးထွက်ခဲ့ရာ အညာဒေသ၏ နေ့လယ်ခင်းအပူရှိန်ကို တောင်ပေါ်သားများ စတင်ခံစားရတော့သည်။ လမ်းဘေးဝဲယာတွင် ထန်းပင်၊ ထနောင်းပင်၊ တမာပင်၊ ဆီးပင်များနှင့် ရိတ်သိမ်းပြီးစ ယာခင်းပြင်များကိုတွေ့ရသည်။ မကြာမီ မုံရွာ-ကလေးလမ်းမှ အလောင်းတော်ကဿပသို့ လမ်းညွှန်ပြထားသည့်လမ်းဘက်ကို ချိုးလိုက်သည်နှင့် လမ်းဘေးရွာတရော်ကျင်းကျေးရွာသို့ရောက်သည်။ ကျောက်ချောလမ်းဖြင့် စတင်ခရီးဆက်ရတော့သည်။ တချို့နေရာများသည် မြေသားလမ်းအဆင့်ပဲရှိသေးသည်။ အသွား/အပြန် ကားလေး၊ ကားကြီးသွားလာနေကြသဖြင့် ကားလမ်းမထက်ဝယ် ဖုန်တလိမ်းလိမ်းထောင်းထောင်းထနေသည်။ မုံရွာ၊ ယင်းမာပင်၊ ကနီမြို့နယ်များမှလာသောကားများသည် ကပိုင်ကျေးရွာတွင် ဆုံကြသည်။ ကပိုင်ကျေးရွာအထွက်တွင် စစ်ဆေးရေးဂိတ်တစ်ခုရှိသည်။ ကားနှင့်စီးသူဦးရေမမျှတလျှင် ဆက်ထွက်ခွင့်မပြုပေ။ ကပိုင်ကျေးရွာကထွက်လျှင် မကြာမီ တောင်တက်ခရီးစတင်တော့မည်ဖြစ်သဖြင့် ကားနှင့်ခရီးသည်မျှတအောင် စီစဉ်ပေးသည်။ စာရေးသူတို့အဖွဲ့သည် ကားတစ်စီးထပ်ငှားရသည်။ ကားနှစ်စီးမျှ၍ စီးကြသည်။

ကပိုင်ကျေးရွာမှထွက်ခွာပြီး နာရီဝက်ခန့်အကြာတွင် တောင်တက်ခရီးလမ်း စတင်တော့သည်။ တောင်တက်၊ တောင်ဆင်းလမ်းများသည် ကျဉ်းသည်။ မြေသားလမ်းဖြစ်သည်။ အတက်၊ အဆင်းများသည် မတ်စောက်သည်။ အကွေ့အကောက်လည်းရှိသည်။ အချို့နေရာများတွင် ရေချောင်းများဖြတ်ရသည်။ တောဆင်ရိုင်းများသည့်နေရာ အသိပေးဆိုင်းဘုတ်များလည်း တွေ့ရသည်။ ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပ ကားရပ်နားစခန်းအထိ မိုင် ၃၀ ကျော်ရှိသော်လည်း နှစ်နာရီကျော်မောင်းရသည်။ ယာဉ်ရပ်နားစခန်းသို့ ညနေ ၅ နာရီခန့်တွင်ရောက်သည်။

ယာဉ်ရပ်နားစခန်းတွင် ကားကြီး၊ ကားငယ် စားသောက်ဆိုင်များ အသွားအပြန်ဘုရားဖူးများဖြင့် ကြက်ပျံမကျ စည်ကားလှပေသည်။

စာမျက်နှာ (၁၈) သို့

"ပဒုမုတ္တရဘုရားရှင် ခေမာမိဂဒါဥယျာဉ်တော်၌ သီတင်းသုံးနေစဉ် ဝေဒေဟသူဌေးကြီးနှင့် ဇနီးတို့ ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းကာ ဥပုသ်သီလဆောက်တည်၍ ဘုရားရှင်နှင့်တကွ သံဃာခြောက်သောင်းတို့အား ဆွမ်းဘုဉ်းပေးကြွရောက်ရန် အိမ်သို့ပင့်ဖိတ်. . ခုနစ်ရက်ပတ်လုံးပြုလုပ်ခဲ့သော ကုသိုလ်စေတနာကြောင့် အရှင်နိသဘမထေရ်ကဲ့သို့ ဓုတရေဇတဒဂ်ရ တတိယ သာဝကဘွဲ့ထူးများကို ချီးမြှင့်မြှောက်စားတော်မူပါဘုရား" ဟု လျှောက်ထား . . ."

## (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု သန္ဒေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**ချမ်းအေးသာစံ မေ ၃**

(၇၁) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ဦးစီးဌာနများမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၉) လမ်းနှင့် (၈၁) လမ်းထောင့်ရှိ ဗဟိုမီးသတ်စခန်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ဒေသအရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ကြည့်ရှုအားပေးကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များလှူဒါန်းသော သွေးအိတ် ၂၁၀ အား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးကပေးအပ်ရာ မန္တလေးအမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးဒေါက်တာခင်မြတ်မွန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သီဟကိုကို(မန္တလေး)**

## မြစ်ကမ်းပါးပြိုကျ၍ လူနေအိမ်များပြောင်းရွှေ့



**ရေစကြို မေ ၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဘကျေးရွာအုပ်စု ဗလဘကျေးရွာတွင် ဧရာဝတီမြစ်ရေတိုးမြင့်လာခြင်းကြောင့် မြစ်ကမ်းပါးပြိုကျသဖြင့် မေ ၂ ရက် နံနက်ပိုင်းမှစတင်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဆောင်ဦးဆောင်သော ကျေးရွာပြည်သူများ စုပေါင်း၍ လူနေအိမ်ကိုးလုံး အိမ်ထောင်စုကိုးစုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုလဲမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**ပုလဲ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ မေ ၂ ရက် နံနက် ၁၁ နာရီခွဲက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးကျော်ဇင်က "မီးဘေးဆိုတာ လူပြုသောဘေးတစ်ခုဖြစ်သလို သဘာဝဘေးလည်း ဖြစ်နိုင်ပါတယ်။ လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ ဘေးဆိုးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးကာကွယ်ရေးနဲ့ပတ်သက်တဲ့ သိကောင်းစရာများကို ပညာပေးဆွေးနွေးခဲ့ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို လျှပ်စစ်ရုံးဝန်ထမ်းများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဟန်ဇေယျာလင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်မှုကို သရုပ်ပြလေ့ကျင့် ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ဒီပဲယင်းမြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေကျမှုကြောင့် လူနေအိမ်များပျက်စီး



**ဒီပဲယင်း မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျခတ်ကျေးရွာတွင် မေ ၂ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်ပြီး မိုးသီးများကြွေကျမှုကြောင့် လူနေအိမ်များ အမိုးလန်၊ ပြိုလဲ၊ သစ်ပင်ပိမှုများဖြစ်ပေါ်ခဲ့၍ လူနေအိမ် ၃၈ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့်ပတ်သက်၍ ကျခတ်ကျေးရွာနေ ဦးဇော်က "ညနေ ၆ နာရီခွဲမှာ လေပြင်းစတင်တိုက်ခတ်ခဲ့ပါတယ်။ လေပွေသဖွယ်စုပ်ယူပြီး တိုက်ခတ်ပါတယ်။ လူနေအိမ်များ ယိမ်းယိုင်ကာ အိမ်ခေါင်မိုးများလန်ထွက်ပြီး လေပြင်းနောက်သို့လွင့်ပါသွားပါတယ်။ သစ်ပင်တွေလည်း အမြစ်ကနေလန်ပြီးလဲခဲ့ပါတယ်။ လေပြင်းတိုက်ခတ်မှုအချိန်ကတော့ ၁၅ မိနစ်ခန့်သာကြာပါတယ်" ဟု ပြောပြသည်။

လေပြင်းတိုက်ခတ်ခံရသည့် ကျခတ်ကျေးရွာသို့ မြို့နယ်စီ/ခန့်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်/ဆက်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ချက်ချင်းသွားရောက်ပြီး ကူညီရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**အောင်လင်း(ပြန်/ဆက်)**

## မီးသတ်တပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပခုက္ကူ မေ ၃**

မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပခုက္ကူခရိုင်မီးသတ်တပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေး လုပ်အားဒါနပေးပွဲကို ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီး၌ မေ ၂ ရက် နံနက် ၇ နာရီက ပြုလုပ်ကြသည်။

ထိုသန့်ရှင်းရေးလုပ်ငန်းတွင် ပခုက္ကူခရိုင်မီးသတ်တပ်ဖွဲ့ခရိုင်ဦးစီးမှူး ဦးကျော်နိုင်၊ သန္ဒေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သီဟိုဠ်ရှင်ဘုရားကြီးရင်ပြင်ထက်နှင့် ဘုရားကြီးပတ်ဝန်းကျင်တို့၌ စုပေါင်းသန့်ရှင်းရေး လုပ်အားဒါနပြုလုပ်ကြောင်း သိရသည်။ **တင်အောင်ဝင်း**

## ပြည်သူ့ရေးရာဝန်ဆောင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ဂျာမန်ဖောင်ဒေးရှင်း (Konrad–Adenauer–Stiftung) နှင့် ပညာအသင်း Panna Institute တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ရေးရာဝန်ဆောင်မှုသင်တန်း Civil Service Training ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာဦးတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ အရာထမ်း သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုများကြောင့် ကျေးရွာအချို့ပျက်စီးဆုံးရှုံးမှုများအား ကွင်းဆင်းဆောင်ရွက်



**ကနီ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျော်ရွာကျေးရွာအုပ်စုတွင် မေ ၂ ရက် ညနေ ၆ နာရီခန့်က မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နတ်ကြီးကျေးအုပ်စုအတွင်းမှ နတ်ကြီး၊ ဝက်ချောင်းကလေးကျေးရွာ၊ အေးသာယာ၊ ချိုင်ကျေးရွာအုပ်စုမှ ချိုင်ကျေးရွာ၊ သရက်ပင်ကျေးရွာတို့မှ လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိကအဆောက်အအုံများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ပျက်စီးမှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကော်မတီတို့က စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးထိန်လင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်စုသို့ သွားရောက်၍ မြို့နယ်သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ အနီးအနားကျေးရွာများမှ ကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကာ ကျေးရွာအုပ်စုများအတွင်းရှိ လမ်းများတွင်သစ်ပင်များ ပိတ်ဆို့နေမှုနှင့် ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်းဆောင်များ၊ လူနေအိမ်များနှင့် သစ်ပင်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေငွေး၊ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့်အဖွဲ့တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းကျေးရွာအုပ်စုများအတွင်းမှ နတ်ကြီးကျေးရွာမှ လူနေအိမ်တစ်လုံး၊ ဝက်ချောင်းကလေးကျေးရွာမှ လူနေအိမ် အလုံး ၃၀၊ အေးသာယာကျေးရွာမှ လူနေအိမ် ၁၅ လုံး၊ ချိုင်ကျေးရွာမှ စာသင်ကျောင်းတစ်ကျောင်း၊ လူနေအိမ်လေးလုံး၊ ဒင်ပေါက်ကျေးရွာမှ လူနေအိမ်တစ်လုံး၊ သရက်ပင်ကျေးရွာမှ စာသင်ကျောင်းတစ်ကျောင်း၊ လူနေအိမ် ၁၄ လုံး၊ စုစုပေါင်း လူနေအိမ် ၆၅ လုံးနှင့် ကျောင်းနှစ်ကျောင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

# ပဲခူးဒေသ မြို့ပြစီမံကိန်းအသစ်သည် တစ်နိုင်ငံလုံးအတွက် အလွန်အရေးပါ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၂ ရက် နံနက် ၁၀ နာရီက ပဲခူးဒေသ မြို့ပြစီမံကိန်း အသစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေး၌ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကြောင့် ပဲခူးဒေသသည် International Gate-Way တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ပဲခူးဒေသ မြို့ပြစီမံကိန်းအသစ်သည် ပဲခူးမြို့တစ်ခုတည်းအတွက်မဟုတ်ဘဲ တစ်နိုင်ငံလုံး အတွက် အလွန်အရေးပါကြောင်း၊ မြို့ပြစီမံကိန်းအသစ် ရေးဆွဲရာတွင် ပါဝင်သင့်ပါဝင်ထိုက်သည့် အခြေခံအချက် အလက်များ (ဥပမာ-လမ်း၊ ဆေးရုံ၊ စာသင်ကျောင်း၊ စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ အိမ်ရာ) စသည်တို့ ပါဝင်ရန်လို အပ်ကြောင်း၊ နောင်အနာဂတ် နှစ် ၃၀ အထိ မျှော်မှန်းရေးဆွဲထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘုရားကြီးလမ်းဆုံရှိ ဈေးကိုလည်း အထပ်မြင့်ဈေးတစ်ခုအဖြစ် ကြိုတင်စီမံရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ ဟံသာဝတီအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ လာရောက်အလုပ်လုပ်ကိုင်ကြမည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအတွက် နေထိုင်ရာ အဆောက်အအုံ၊ ဈေးများ၊ ဆေးရုံများ၊ စာသင်ကျောင်း များ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပဲခူးဒေသ အတွက် လိုအပ်သည့် မြို့ပြစီမံကိန်းအသစ်ရေးဆွဲခြင်းသည် အလွန်အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းက ယခုတစ်ပတ်အတွင်း ပဲခူးဒေသပတ်ဝန်းကျင်၌ အချက်အလက်များ စုဆောင်းသွားမည်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ် မူတည်ပြီး စီမံကိန်းနယ်မြေအလိုက် ပိုင်းခြားသတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဒီလိုနယ်မြေပိုင်းခြားသတ်မှတ်ခြင်းအားဖြင့် လုပ်ငန်းတူရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တစ်နေရာတည်းစီမံဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်းနှင့် မြို့တစ်မြို့အတွက် လိုအပ်သည့်အချက်အလက်များကို ကောင်းမွန်ပြည့်စုံအောင် ရေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက မြို့ပြစီမံကိန်း အသစ်ရေးဆွဲအတည်ပြုပြီးမှသာ မြေယာနှင့်ပတ်သက်သည့် ကျန်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပဲခူးမြို့သည် လမ်းဆုံမြို့တစ်ခုဖြစ်နေသဖြင့် ဝင်/ထွက် သွားလာမှုများ ပြားနေ၍ လမ်းများထပ်မံဖောက်လုပ်ရန်လိုအပ်ပါက အုပ်ချုပ်ရေးကဏ္ဍအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့ပြ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

## (၇၁)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု သန့်ရှင်းရေးလုပ်အားပေး



**လောင်းလုံး မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ကျက်သရေဆောင် အောင်ချမ်းသာစေတီတော်ဝင်းအတွင်း ဧပြီ ၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီ အထိ မြက်ပင်များရှင်းလင်းခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ မီးသတ်ယာဉ်တစ်စီးဖြင့် စေတီတော်ကြီးအား အကြိုညောင်ရေသွန်းခြင်းကို (ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဘုရားဂေါပကအဖွဲ့များ ပါဝင်ကုသိုလ်ဒါနပြုလုပ်ကြရာ သန္ဓေမီးသတ် ငါးဦး၊ အရန်မီးသတ် ၄၅ ဦး ပါဝင်ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနရုံးရှေ့၌ (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စိုက်ထူကြသည်။ အဆိုပါအဖွဲ့သည် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ဧပြီ ၂၉ ရက်က သန့်ရှင်းရေးများပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**



r*vmawmifheftU, fwyfLSifvSfvuf&Sonf jnf bl [jk&vyf iefpepf(qifjm;) oifwefrS ifwefom;rsm;onfrtU, fwyfLS &rS;cifrm ifDuDuyfvuf{yD&ufu r*vmawmifhefYU, f zk;Mr&yfuuftwifufqifaqmifufcfhumifo&onf ၁၁၈

## လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်သူများတွေ့ဆုံ၊ ONE STOP လုပ်ငန်းများဆောင်ရွက်

**ဒလ မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများတွေ့ဆုံ၍ ပြည်သူများအတွက် ONE STOP လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လူထုတွေ့ဆုံ ရှင်းလင်းခြင်းကို မေ ၂ ရက် မွန်းလွဲ ၁ နာရီက ရာဇသင်္ကြန်ရပ်ကွက်ရှိ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူထုတွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များမှ မြို့နယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်၍ ONE STOP ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များနှင့် တောင်းဆိုချက်များအား မေးမြန်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပိုင်းနှင့် ကျန်ရှိနေသည့်အပိုင်းများကို ဒေသခံပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာဖြင့် အပြန်အလှန်ဆွေးနွေးတင်ပြခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များမှ ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး စည်းဝေး

**လွိုင်ကော် မေ ၃**

ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်မှုကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို မေ ၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လုံခြုံရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တွံတေးတွင် ပထမဦးဆုံးစံပြအဖြစ် အော်ဂဲနစ်စိုက်ခင်းစိုက်ပျိုးပြသ



**တွံတေး မေ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာရှိ Mapcoltd twantay မှ အစ္စရေးနည်းပညာဖြင့် Greenhouse နှစ်လုံးတည်ဆောက်ပြီး ဟင်းသီးဟင်းရွက်ကိုးမျိုးကို သဘာဝဓာတ်မြေဩဇာဖြင့် အော်ဂဲနစ်စိုက်ခင်းကို ပထမဦးဆုံးစံပြအဖြစ် တောင်သူပညာပေးပြသစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မက်ကိုကုမ္ပဏီမှ တောင်သူဦးကြီးများအတွက် ထွန်စက်၊ ရိတ်သိမ်းစက်၊ ကောက်စိုက်စက်တို့ကို အငှားလိုက်သည့်အပြင် တောင်သူဦးကြီးများအား လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ် ကူးပြောင်းပြီးလုပ်ငန်းခွင်၌ အချိန်တိုအတွင်းပြီးစီးနိုင်ခြင်း၊ နည်းစနစ်မှန်ကန်စေခြင်း၊ သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာကိုအကျိုးရှိစွာသုံးစွဲတတ်စေရန်နှင့် တောင်သူဦးကြီးများ အကျိုးရှိဖြစ်ထွန်းစေရန် ရည်ရွယ်၍ စံပြအဖြစ် လယ်ယာလုပ်ငန်းအပြင် ဟင်းသီးဟင်းရွက် စားပင်များကိုပါ အစ္စရေးနည်းပညာဖြင့်ပြုလုပ်ထားသော Greenhouse အတွင်း မုန်ညင်းဖြူ မုန်ညင်းဖူး၊ ဆလတ်တွန့်၊ ခရမ်းလုံးကြီး၊ ခရမ်းလုံးရှည်၊ ငရုတ်ပွ၊ သခွား၊ တိုင်ထောင်ပဲများကို တောင်သူပညာပေး အစ္စရေးနည်းပညာဖြင့် စံပြအဖြစ် ပြသစိုက်ပျိုးထားကြောင်း သိရသည်။

တာဝန်ခံတစ်ဦးက "ကျွန်တော်တို့အဓိကက တော့တောင်သူတွေအတွက် အကျိုးဖြစ်ထွန်းမယ့် အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးလို့ဖြစ်ထွန်းအောင်မြင်တာကို ပြသချင်တာပါ။ စံပြအနေနဲ့စိုက်ပြတာပါ။ မည်သူမဆို လာရောက်လေ့လာနိုင်ပါတယ်။ နည်းပညာတွေလည်းပေးမှာပါ" ဟု ပြောသည်။

**မျိုးလှိုင်(တွံတေး)**

# "တစ်နေ့ကို တစ်နာရီအချိန်ပေးလိုက်ပါ"

သရက်တန်းစိုးရွှေ (စိတ်ပညာ)

တစ်နေ့ကို တစ်နာရီအချိန်ပေးလိုက်ပါ။ သင်ဟာ ဗဟုသုတများစွာရှိပြီး အသိအမြင်ကြွယ်ဝသူဖြစ်လာပါလိမ့်မည်ဟု အာမခံနိုင်ပါသည်။ ထိုတစ်နာရီကိုအသုံးချခြင်းမှာ တစ်ခုတည်းသောအရာကိုသာ စွဲစွဲမြဲမြဲအသုံးချရမည်ဖြစ်သည်။ ထိုအသုံးချခြင်းမှာ စာဖတ်ခြင်း (သို့မဟုတ်) သတင်းစာဖတ်ခြင်းကို ပြုလုပ်ရန်သာလျှင်ဖြစ်သည်။ ထိုသို့ပြောသမျှ စာရေးသူသည် လက်တွေ့မကျဟု ပြောဆိုနိုင်ပါလိမ့်မည်။ သို့အတွက် ဥပမာတစ်ခုကို ပြသပါက တစ်နေ့ကို တစ်နာရီအချိန်ပေးကာ စာဖတ်ခြင်း၏အကျိုးကျေးဇူးကို သိရှိသွားမည်ဖြစ်ပေသည်။

၂၁-၄-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာတစ်စောင်ကို တစ်နာရီအချိန်ပေးကာ စတင်ဖတ်ရှုလိုက်သည်ဆိုသည်နှင့် ပထမဦးစွာ ယနေ့သည် သောကြာနေ့ ၂၁ ရက် ဧပြီလဖြစ်သည်။ ၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်ဖြစ်သည်ကိုသိရှိကာ နေ့စွဲတို့ကို စိတ်ဝင်စားသွားပေသည်။ နေ့စွဲကို စိတ်ဝင်စားခြင်းမှ ထိုနေ့၏ လုပ်ဆောင်မှုများကိုပါ အာရုံစိုက်သွားမည်ဖြစ်ပေသည်။ စတင်ဖတ်လိုက်သည်ဆိုသည်နှင့် အတ္တဝဂ်(ဓမ္မပဒ-၁၆၆) တွင် ပြဆိုကာ ဆုံးမထားသည့် အဆုံးအမက နှလုံးသားထဲအထိ ထိုးဖောက်ဝင်ရောက်သွားပေသည်။

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိအကျိုးစီးပွားဆုတ်ယုတ်အောင်မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအားအကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကိုသိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင်အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွားဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏) ဟု ဆိုထားပြီး ခေါင်းစဉ်ကလေးက ရင်ထဲစွဲသွားကာ အသိတစ်ခုရလိုက်သည်က စီးပွားတိုးအောင်အားထုတ်ဟူသော အရာပင်ဖြစ်သည်။

ဆက်လက်ဖတ်ရှုလိုက်သည်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံရှိ ရိုတာဒမ်ဆိပ်ကမ်းအားလှည့်လည်ကြည့်ခြင်းမှအစပြုကာ ရိုတာဒမ်ဆိပ်ကမ်းကို မြင်ဖူးသွားပေသည်။ ထို့အတူပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ဆိုသည်ကို သိရှိလိုက်ရပေသည်။ ထို့နောက် သဘာဝဘေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ဆိုသည့် အယ်ဒီတာ့အာဘော်အောက်တွင် မြန်မာနိုင်ငံဟာ သဘာဝဘေးဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ခြေ နိုင်ငံအဆင့် ၁၇၁ တွင် ထိခိုက်ဆုံးရှုံးနိုင်မှု အဆင့် ၄၂ တွင်ရှိကြောင်း သိလိုက်ရပေသည်။ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုအနေအထားတွင်လည်း အနည်းဆုံးနိုင်ငံအဆင့် ၁၅ တွင်ရှိသည့်အတွက် ထိခိုက်ဆုံးရှုံးမှုများနိုင်ကြောင်း သိလိုက်ရပေသည်။ ၂၀၀၈ နာဂစ်မုန်တိုင်းတိုက်ခတ်မှုတွင် လူတစ်သိန်းကျော်သေဆုံးသွားခဲ့ခြင်းကိုပင် ပြန်သတိရကာ ဘာလုပ်ရမည်ဆိုသည်များကိုပင် အသိဝင်သွားပေသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် ငွေလဲလှယ်နှုန်းများကိုပင် ချက်ချင်းသိလိုက်ရပေသည်။ ထိုအသိနှင့်အတူ ငွေကြေးအခေါ်အဝေါ်များအဖြစ် အမေရိကန်တွင် ဒေါ်လာ၊ ဥရောပကယူရို၊ တရုတ်ကယွမ်၊ ထိုင်းကဘတ်၊ မလေးရှားကရင်းဂစ်၊ အိန္ဒိယကရူပီး၊ ဂျပန်ကယန်း၊ တောင်ကိုရီးယားကဝမ်၊ ဩစတြေးလျကဒေါ်လာ၊ စင်ကာပူကဒေါ်လာဆိုသော ငွေကြေးအခေါ်အဝေါ်များကိုပင် သိရှိလိုက်ရပေသည်။

> တစ်နေ့ကို တစ်နာရီအချိန်ပေးကာ သတင်းစာ (သို့မဟုတ်)စာအုပ်စာပေများကို ဖတ်ရှုလိုက်ပါက အသိသုတများစွာရရှိကာ ပညာတတ်တစ်ယောက်ဖြစ်လာမည်ဖြစ်ပေသည်။ သို့အတွက် လူတိုင်းကို အသိတစ်ခုပေးလိုသည်က တစ်နေ့ကို တစ်နာရီ . . .

မြန်မာတစ်ပြည်လုံးတွင်ဖြစ်ပွားနေသော ကောင်းသတင်း မကောင်းသတင်း၊ သာရေးနာရေးမှအစ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရှေးဟောင်းယဉ်ကျေးမှုများကိုပါ သိလိုက်ရပေသည်။ တရားဥပဒေနှင့်ပတ်သက်လျှင် စီရင်ထုံးများကပြောပြနေသည့် တရားစီရင်ရေးဆိုင်ရာ အခြေခံသဘောထားများကို နားလည်သဘောပေါက်ခြင်း၊ အာမခံပေးခြင်း၊ အာမခံမပေးခြင်းများကို ခွဲခြားပြခြင်းများအစ သိရှိလိုက်ရပေသည်။ ထိုမှတစ်ဆင့် အကယ်ဒမီများရှင် ဒေါ်မေသစ်အကြောင်းကို အစုံသိခွင့်ရလိုက်ပြန်ပါသေးသည်။

နိုင်ငံတကာ အားကစားသတင်းများကို ရင်ခုန်စွာသိခွင့်ရလိုက်သလို အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါ ပြန်ပေါင်းထုပ်မည်လားဆိုသော သုံးသပ်ချက်နှင့်အတူ ထိုအဖွဲ့အစည်းများအကြောင်း တိုက်ခိုက်မှုများအကြောင်းကို စုံစုံလင်လင် သိခွင့်ရသွားပေသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်ရရှိခဲ့သော အတွေးတစ်စ ခေါင်းစဉ်အောက်မှပင် ပြုပြင်သင့်သည်များ ချမှတ်သင့်သည်များကို မှတ်သားလိုက်ရပေသည်။ မြန်မာမျိုးရင်းဒေါင်းစိမ်းများ ထာဝရစိမ်းလန်းစေချင်ဆိုသောခေါင်းစဉ်အောက်မှ ဒေါင်းများအကြောင်း ကောင်းကောင်းသိသွားခဲ့ပေသည်။

ကုန်းပေါ်မှအမှိုက်၊ ရေထဲမှအမှိုက်များအကြောင်း ခွဲခြားသိရှိခွင့်ရကာ ပင်လယ်ထဲကို တစ်နှစ်မှာ ပလတ်စတစ်ပစ္စည်းတန်ချိန် ၈ ဒသမ ၈ သန်းခန့်စွန့်ပစ်နေကြောင်းနှင့် စည်းကမ်းရှိရမည့်အကြောင်း၊ ထိန်းသိမ်းရမည့်စနစ်များနှင့်အတူ ပလတ်စတစ်တွေကိုစားသုံးပြီး ကုလားအုတ်တွေသေဆုံးသည့်အကြောင်း၊ ထိုသို့မဖြစ်ရေး စည်းကမ်းရှိဖို့နှင့် အောက်ခြေမှစတင်ကာ အရေးယူသင့်ကြောင်းအဆိုကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ကင်မရွန်းနိုင်ငံသား အသက် (၁၁) နှစ်အရွယ် ကျောင်းသားလေးအိုလီဗာရဲ့ စွမ်းဆောင်မှုတွေကိုပါ သိလိုက်ရပေသည်။

နိုင်ငံတကာတွင်ဖြစ်ပျက်နေသော သတင်းများ၊ လေလှိုင်းသယံဇာတ မျှတအောင်စီမံဖို့အတွက် နည်းလမ်းများ၊ ဆိုင်ကယ်မောင်းနှင်ရာမှာ ဖြည်းဖြည်းမောင်းနှင်ခြင်းနှင့်အတူ စာနာစိတ်များဖြင့် ဦးစားပေးစနစ်လိုက်နာရန်လိုအပ်ကြောင်း၊ သတိဖြည်း. . ဖြည်းဟုဆိုကာ အသိပေးထားသည့်အကြောင်းအရာများမှအစ မြန်မာ့ဘောလုံးအသင်းအကြောင်းကြော်ငြာများ၊ အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ပေါင်းစုံသိခွင့်ရလိုက်ပေသည်။ ထိုအရာမှာ သတင်းစာတစ်စောင်ကို တစ်နာရီအချိန်ပေးကာ ဖတ်လိုက်ရခြင်း၏ အကျိုးပင်ဖြစ်သည်။ သုတ၊ ရသ များစွာသိရှိခွင့်ရလိုက်သလို ထိုအသိများကိုအခြေခံကာ မိမိသည် မည်သို့ပြုမူကျင့်ကြံနေထိုင်ရမည်ဆိုသည်များကို သိရှိသွားခဲ့ပေသည်။ ဗဟုသုတတို့ရရှိသွားပေသည်။

တစ်နေ့ကို တစ်နာရီအချိန်ပေးကာ သတင်းစာ (သို့မဟုတ်)စာအုပ်စာပေများကို ဖတ်ရှုလိုက်ပါက အသိသုတများစွာရရှိကာ ပညာတတ်တစ်ယောက်ဖြစ်လာမည်ဖြစ်ပေသည်။ သို့အတွက် လူတိုင်းကို အသိတစ်ခုပေးလိုသည်က တစ်နေ့ကို တစ်နာရီ အချိန်ပေးလိုက်ပါ ဟူ၍သာ။ ။

## အလောင်းတော်ကဿပဖူးမြော် သွားကြစို့ကွယ် တူပျော်ပျော်

စာမျက်နှာ(၁၅)

ယာဉ်ရပ်နားစခန်းနှင့် အလောင်းတော်ကဿပ နှစ်မိုင်ခန့်ဝေးကွာသည်။ ၅ နာရီကျော်ပြီဖြစ်၍ ဆင်ဖြင့်ဘုရားဖူးခရီးသည်ပို့ဆောင်မှုကို တစ်နေ့တာရပ်နားချိန်ဖြစ်ပြီး စာရေးသူတို့အဖွဲ့ အတက်ခရီး ဆင်စီးခွင့်မရခဲ့ပေ။ အထုပ်အပိုးထမ်းမည့်သူ သုံးယောက်ငှား အလောင်းတော်ကဿပသို့ ခြေကျင်တက်ခဲ့သည်။ အပြန်ခရီး ဆင်စီးသူများ၊ ခြေကျင်လျှောက်သူများ အနည်းငယ်သာတွေ့ရပြီး အတက်ဘုရားဖူးခရီးသည်များသာ လမ်းတစ်လျှောက် အများအပြားတွေ့ရသည်။ လမ်းမှာ ကမ်းပါးယံဖြတ်ဖောက်ထားသည့် မြေသားလမ်းဖြစ်ပြီး အကျယ် ၁၀ပေ ခန့်သာရှိသည်။ လမ်းတစ်လျှောက် စတီးလက်ရန်းတပ်ဆင်ပေးထားသည်။ ဘုရားဖူးခရီးသည်များ မောလျှင် အနားယူအပန်းဖြေနိုင်ရန် ကွန်ကရစ်ထိုင်ခုံတန်းလျားများ ဆောက်လုပ်ပေးထားသည်။ ၄၅ မိနစ်ခန့်လမ်းလျှောက်ပြီးသည်နှင့် အလောင်းတော်ကဿပစံကျောင်းတော်အနီး ဆင်စီးကွင်းသို့ ရောက်သည်။

ဆင်စီးကွင်းမှ တစ်ညတာတည်းခိုမည့်ဇရပ်ကျောင်းဆောင်များရှိရာနေရာသို့ ဆက်တက်ရသည်။ ဂေါပကရုံးသို့ သတင်းပို့ရာ ဥပါသကာများက ခေတ္တတည်းခိုမည့် ဇရပ်ကျောင်းဆောင်သို့ လိုက်ပို့သည်။ မှောင်ပျိုးစဖြစ်နေ၍ အေးစိမ့်စိမ့်ဖြစ်နေသော်လည်း အပြေးအလွှားရေမိုးချိုးရသည်။ နံနက်စောစော အလောင်းတော်ကဿပသို့ သွားရောက်ဖူးမြော်ကြမည်ဖြစ်၍ စားသောက်ဆိုင်တွင် ညစာစားပြီး စောစောအိပ်ရာဝင်ခဲ့ကြသည်။ နံနက် ၅ နာရီအချိန်တွင် ဆွမ်းတော်ကပ်လှူနိုင်ရန် စားသောက်ဆိုင်တွင် ဆွမ်းတော်ပွဲပြင်ပေးရန် တစ်ခါတည်းမှာသည်။ နံနက်စောစော ၄ နာရီ အိပ်ရာမှထကြ၍ ဆွမ်းတော်ပွဲသွားယူပြီး အလောင်းတော်ကဿပကိုရည်စူးပြီး ဆွမ်းတော်ကပ်လှူရန် စံကျောင်းတော်ဗိမာန်သို့ ဆင်းခဲ့သည်။

စံကျောင်းတော်ဗိမာန်ထဲတွင် အလောင်းတော်ကဿပအားရည်စူး၍ ဖူးမြော်သူဆွမ်းကပ်သူများပြည့်နေသည်။ စာရေးသူလည်း ဆွမ်းတော်ကပ်ရှိခိုးကန်တော့ပြီး ပရိတ်ရွတ်၊ ပဋ္ဌာန်းများရွတ်ဖတ်ပူဇော်ခဲ့သည်။ ပြီးသည်နှင့် မိုးလင်းနေပြီဖြစ်၍ အလောင်းတော်ကဿပကိန်းဝပ်စံပယ်တော်မူသော ကျောက်လိုဏ်ဂူရှိရာတောင်ဘက်လူသွားလမ်းလေးအတိုင်း လျှိုထဲသို့ဆင်းခဲ့သည်။ အဆင်းလမ်း၊ အတက်လမ်း လူသွားလမ်းမှာ နှစ်သွယ်ရှိသည်။ ကျောက်ကမ်းပါးယံတွင်ဖောက်လုပ်ထားသည့် ကွန်ကရစ်လှေကားအတိုင်း ၅ မိနစ်ခန့် ဆင်းရသည်။ လျှိုထဲတွင် စမ်းချောင်းလေးစီးနေသည်။ လိုဏ်ဂူသို့ သစ်သားတံတားပေါ်မှသွားရသည်။ အလောင်းတော်ကဿပ ပရိနိဗ္ဗာန်ပြုခဲ့သည့် ရွှေရောင်ဝင်းနေသော ကျောက်လိုဏ်ဂူအပြင်နံရံအား ရဟန်းရှင်လူပြည်သူအပေါင်းက အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် ပူဇော်ကြသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။

ကျောက်လိုဏ်ဂူမှပြန်တက်ပြီး ဈေးတန်းတွင် အလောင်းတော်ကဿပ သမိုင်းစာအုပ်ဝယ်သူကဝယ်၊ ဗီဒီယိုခွေဝယ်သူကဝယ်၊ ဆင်မြီးလက်စွပ်နှင့် လက်ဆောင်ပစ္စည်းများဝယ်ကြသည်။ ဆင်စီးကွင်းတွင် အတက်အဆင်းခရီးသည်များ ဆင်စီးရန်စောင့်ဆိုင်းနေသူများဖြင့် စည်ကားလှသည်။

စာရေးသူတို့အဖွဲ့လည်းဆင်စီးရန် တိုကင်ဖြတ်ကာ စောင့်ဆိုင်းနေရင်း အမှတ်တရဓာတ်ပုံရိုက်ကြသည်။ နာရီဝက်ခန့်ကြာသွားသည်။ ဆင်စတင်စီးသည်နှင့် နာရီကြည့်မိရာ နံနက် ၉ နာရီကျော်နေပြီဖြစ်သည်။ လေ့လာကြည့်ရာ ခရီးသွားများအဆင်ပြေစေရန်ဆင်အကောင်ရေ ၈၀ ပြေးဆွဲပေးလျက်ရှိသည်။ ဆင်တစ်ကောင် လေးဦးခန့်စီးနိုင်ပြီးတစ်နေ့ ငါးခေါက်မှ ၁၀ ခေါက်ထိရရှိသည်။ တစ်ကြောင်းကိုငွေကျပ် ၈၀၀၀ ပေးရပါသည်။ နေ့စဉ် နံနက် ၇ နာရီမှ ၁၀ နာရီအထိ မွန်းလွဲ ၂ နာရီမှ ၅ နာရီခန့်အထိ ပြေးဆွဲပေးလျက်ရှိသည်။

အပြန်ခရီးကိုဆင်စီးပြီးဆင်းခဲ့သည်။ ဆင်ပေါ်မှ တောတောင် သဘာဝအလှအပနှင့် အသွား/အပြန်ခရီးသွားများ စည်ကားပုံအား မှတ်တမ်းတင် ဗီဒီယိုရိုက်ခဲ့သည်။ ဆင်စီးရသည်မှာကြာလိုက်သည်မထင်ပေ။ ယာဉ်ရပ်နားစခန်းသို့ အရောက်တွင် ၉ နာရီခွဲရှိပြီးဖြစ်သည်။ စာရေးသူတို့အဖွဲ့သည် ဆင်စီးသူကစီး၊ ခြေကျင်လျှောက်သူကလျှောက် တကွဲတပြားဖြစ်နေသဖြင့် လူစုစည်းပြီး အထုပ်အပိုးများကို စနစ်တကျတင်ကာ အပြန်ခရီးစတင်ခဲ့သည်။ ကပိုင်ရွာသို့ မွန်းတည့် ၁၂ နာရီခန့်တွင်ရောက်သည်။

ကပိုင်တွင်နေ့လယ်စာစားကြပြီး နေပူရှိန်ပြင်းလွန်းသောကြောင့် ဆက်မထွက်ဘဲ အနားယူကြသည်။ ညနေ ၃ နာရီခန့်တွင်ကပိုင်မှ ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်-မုံရွာလမ်းဆုံသို့ ညနေ ၆ နာရီခွဲတွင်ရောက်သည်။

မှောင်ရီပျိုးစဖြစ်နေ၍ လမ်းဆုံတွင်ညစာထမင်းစားကြပြီး ည ၇ နာရီတွင် မုံရွာ-ပုသိမ်ကားလမ်းအတိုင်း ရွှေစက်တော်ဘုရားသို့ ခရီးဆက်ခဲ့သည်။ နောက်တစ်နေ့တွင် ရွှေစက်တော်သို့ရောက်သည်။ ရွှေစက်တော်တွင် တစ်ညအိပ် အထက်စက်တော်ရာ၊ အောက်စက်တော်ရာဖူးခဲ့သည်။ နောက်တစ်နေ့နံနက်တွင်လယ်ကိုင်းကျောင်းတော်ရာ မင်းဘူးစက္ကိန်းတဲဘုရားသွားရောက်ဖူးမြော်ခဲ့ပြီး နဂါးပွက်တောင်ကို သွားရောက်လေ့လာခဲ့သည်။ ဆက်လက်၍ မကွေးမြို့မြသလွန်ဘုရားကိုလည်းသွားရောက်ဖူးမြော်ခဲ့ပြီး မကွေး-နတ်မောက်-ပျော်ဘွယ်-ကလော-အောင်ပန်းလမ်းကပြန်ခဲ့သည်။ မရောက်ဖူးသေးသော အရပ်ဒေသများသို့ တစ်နှစ်တစ်ကြိမ်ဘုရားဖူးခရီး၊ လေ့လာရေးခရီးသွားသင့်ပါသည်။ ပျော်ရွှင်ဖွယ်ရာ၊ ကြည်နူးဖွယ်ရာ အသွင်သစ် အမြင်သစ်များတွေ့မြင်ခံစားရပြီး ဘဝအမောများ ပြေစေသည့်အပြင် ဒေသန္တရဗဟုသုတများလည်း ရရှိစေပါသည်။

၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလထဲတွင် အလောင်းတော်ကဿပသို့ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း၊ မိသားစုများနှင့်အတူ ပျော်ပျော်ပါးပါးသွားရောက်ဖြစ်ခဲ့ပုံများကို ပြန်လည်သတိရသဖြင့် အလောင်းတော်ကဿပထေရုပ္ပတ္တိအကျဉ်း၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အကြောင်း လေ့လာထားသမျှကို ဗဟုသုတတိုးပွားစေရန်အလို့ငှာ ခရီးသွားဆောင်းပါးအဖြစ်ရေးသားဖော်ပြအပ်ပါသည်။ ။

# ချစ်သူသစ်နဲ့ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း လီဒေါင်ဂန်းပြောကြား

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဒေါင်ဂန်းဟာ လက်တွဲလာခဲ့တာ နှစ်လခန့်သာရှိသေးတဲ့ ချစ်သူသစ် မင်းသမီး ဂျိုယွန်ဟီးနဲ့ လတ်တလောမှာတော့ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့အတွက် ပရိသတ်တွေက ရုတ်တရက်ဖြစ်ခဲ့တဲ့ လီဒေါင်ဂန်းရဲ့ လက်ထပ်ပွဲအတွက်အံ့အားသင့်ခဲ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



လီဒေါင်ဂန်းနှင့် ဂျိုယွန်ဟီးတို့ကို အတူတွေ့ရစဉ်။

လီဒေါင်ဂန်းဟာ သူနဲ့ ဂျိုယွန်ဟီးတို့ချစ်သူတွေဖြစ်နေကြောင်း ပြီးခဲ့တဲ့ မတ်လအတွင်းကမှ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး နှစ်လအကြာမှာတော့ မင်္ဂလာသတင်းကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဖော်ပြချက်နဲ့အတူ လီဒေါင်ဂန်းက နောက်ထပ်အံ့အားသင့်ဖွယ်သတင်းတစ်ရပ်ကိုလည်း အတူဖော်ပြခဲ့ပါတယ်။ လီဒေါင်ဂန်းက သူ့ရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး စာအရှည်ကြီးရေးသား ဖော်ပြခဲ့ရာမှာတော့ ဂျိုယွန်ဟီးဟာ လက်ရှိမှာ သူနဲ့ရခဲ့တဲ့ ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၂ ရက်မှာတော့ လီဒေါင်ဂန်းက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး "ကျွန်တော်နဲ့ မင်းသမီး ဂျိုယွန်ဟီးတို့ဟာ မကြာသေးမီက တရားဝင်လက်ထပ်လိုက်ပြီဖြစ်တဲ့အတွက် ဇနီးမောင်နှံတွေဖြစ်သွားကြပြီဆိုတာ ပရိသတ်ကြီးကို သိစေချင်ပါတယ်။ ကျွန်တော်တို့ နှစ်ဦးအကြားက ချစ်ခြင်းတွေနဲ့ ယုံကြည်မှုတွေ သေချာခဲ့ပြီဖြစ်တဲ့အတွက် လက်ထပ်ခဲ့ကြတာပါ။ ကျွန်တော်တို့လက်မှတ်ရေးထိုးပြီးပြီဖြစ်လို့ တရားဝင်ဇနီးမောင်နှံတွေဖြစ်သွားကြပါပြီ။ ကျွန်တော်တို့လက်မှတ်ရေးထိုးဖို့ ပြင်ဆင်နေချိန်အတွင်းမှာပဲ ကျွန်တော်တို့ရဲ့ ဘဝသစ်တစ်ခုကိုလည်း ကြိုဆိုခွင့်ရခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ရဲ့ ရင်သွေးလေးမွေးဖွားလာမယ့်ရက်ကို ရင်ခုန်စွာ စောင့်ဆိုင်းနေကြပါတယ်"လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး လီဒေါင်ဂန်းက အနာဂတ်အနုပညာလှုပ်ရှားမှုအစီအစဉ်တွေနဲ့ ပတ်သက်ပြီးလည်း "ကျွန်တော့်ရဲ့ ရုပ်ရှင်သစ် Queen of the 7th အပေါ်မှာ အာရုံစိုက်သွားဖို့လည်း ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်တို့ဟာ နှစ်ဖက်မိဘတွေနဲ့ ဆွေးနွေးပြီးတဲ့နောက်မှာတော့ မင်္ဂလာအခမ်းအနားကို နီးစပ်တဲ့ မိဘအသိုင်းအဝိုင်းနဲ့ အကျဉ်းချုံးကျင်းပသွားဖို့လည်း စီစဉ်ထားပါတယ်။ ကျွန်တော့်ကို အစဉ်တစိုက်အားပေးလာကြတဲ့ ပရိသတ်တွေအနေနဲ့ ဒီသတင်းကို ကြားရတဲ့အခါမှာ ဘယ်လိုတုံ့ပြန်မလဲဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ စိတ်ပူမိပါတယ်။ ဒါပေမယ့် ပိုမိုကောင်းမွန်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ဖို့ ပိုမိုပျော်ရွှင်တဲ့ဘဝကိုပိုင်ဆိုင်နိုင်ဖို့ ကျွန်တော့်အနေနဲ့ ပရိသတ်တွေကို အသိပေးဖို့ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော်ရဲ့မင်္ဂလာပွဲကို ပရိသတ်တွေကလည်း ဆုတောင်းပေးကြဖို့ မျှော်လင့်ပါတယ်"လို့လည်း ဖော်ပြခဲ့ကြောင်း သိရပါတယ်။

လီဒေါင်ဂန်းဟာ ပြီးခဲ့တဲ့ မတ်လအတွင်းက ဂျိုယွန်ဟီးနဲ့ ချစ်သူတွေဖြစ်နေကြောင်းတရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Laurel Tree Tailors"မှာ အတူပါဝင်သရုပ်ဆောင်ခဲ့ရင်းချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးရေးတွေပြီးဆုံးသွားခဲ့ပေမယ့် သူတို့နှစ်ဦးကတော့ ချိန်းဆိုတွေ့ဆုံမှုတွေရှိနေသေးတာဖြစ်ပြီး



ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်က လီဒေါင်ဂန်းနှင့် ဂျီယောင်းတို့ကို တွေ့မြင်ရစဉ်။

သူတို့နှစ်ဦးရဲ့ဓာတ်ပုံကို မီဒီယာတစ်ခုက ဖော်ပြခဲ့ပြီးနောက် ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။ ချစ်သူတွေဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် နှစ်လခန့်အကြာမှာတော့ ယခုလို လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။

ချစ်သူသစ်ရသွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းမပြုမီ တစ်လခန့်ကမှ လီဒေါင်ဂန်းဟာ အရင်ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့တာလည်း ဖြစ်ပါတယ်။ လီဒေါင်ဂန်းဟာ ဂျိုယွန်ဟီးနဲ့ လက်မတွဲမီက အောင်မြင်တဲ့အမျိုးသမီးတေးဂီတအဖွဲ့ "T-ara"မှ အဖွဲ့ဝင်တစ်ဦးလည်းဖြစ် သရုပ်ဆောင်တစ်ဦးအဖြစ်လည်းကျော်ကြားတဲ့ ဂျီယောင်းနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ လီဒေါင်ဂန်းနဲ့ ဂျီယောင်းတို့ဟာ ချစ်သူသက်တမ်းနှစ်နှစ်ခန့်လက်တွဲခဲ့ပြီးနောက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းကမှ လမ်းခွဲကြောင်း ကြေညာခဲ့ကြတာဖြစ်ပါတယ်။

လတ်တလောမှာ မင်္ဂလာသတင်းကို ရုတ်တရက်အံ့အားသင့်ဖွယ်ထုတ်ဖော်ပြောကြားလာခဲ့တဲ့ လီဒေါင်ဂန်းဟာ ချစ်သူဟောင်းနဲ့ လမ်းခွဲပြီး ၂၆ ရက်အကြာမှာ ချစ်သူသစ်ရသွားပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ကာ ချစ်သူသစ်နဲ့ လက်တွဲတာနှစ်လအကြာမှာတော့ မင်္ဂလာသတင်းကို တရားဝင်ကြေညာခဲ့ပြန်တဲ့အတွက် အံ့သြဖွယ်ရာတွေနဲ့ ပြည့်နေတဲ့ လီဒေါင်ဂန်းလို့ဆိုရမှာပဲဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

# ဒိုင်ယာလော့ခ်တွေကို အလွတ်ကျက်ဖို့ငြင်းဆိုခဲ့တဲ့ ဂျွန်နီဒပ်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျွန်နီဒပ်ဟာ သူ့ရဲ့ရုပ်ရှင်ရိုက်ကွင်းတွေပေါ်မှာ သူပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ဝင်ခန်းတွေမှာ ပြောဆိုရမယ့် စကားလုံး(ဒိုင်ယာလော့ခ်)တွေကို အလွတ်ကျက်မှတ်ကာ သရုပ်ဆောင်ဖို့ကိုငြင်းဆိုခဲ့ပြီး နားကြပ်တပ်ကာ သရုပ်ဆောင်သွားဖို့ တောင်းဆိုခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Pirates of the Caribbean" ရုပ်ရှင်တွေမှာ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် ပင်တိုင်ပါဝင်သရုပ်ဆောင်ထားသူ ဂျွန်နီဒပ်ဟာ ဒိုင်ယာလော့ခ်တွေကို အလွတ်မကျက်ဘဲ နားကြပ်ရဲ့အကူအညီယူကာ သရုပ်ဆောင်ခဲ့ပြီးသူ့အတွက် အချိန်ပြည့် အသံအင်ဂျင်နီယာတစ်ဦးကို တစ်နှစ်လုံးငှားရမ်းထားပေးခဲ့ရကြောင်း ဂျွန်နီဒပ်ရဲ့ မန်နေဂျာဟောင်းတွေက ဖွင့်ဟပြောကြားလာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလိုအသံအင်ဂျင်နီယာတစ်ဦး အမြဲလိုအပ်နေတဲ့အတွက် တစ်နှစ်တာမှာ အမေရိကန်ဒေါ်လာ ထောင်နဲ့ချီကာ ဂျွန်နီဒပ်အတွက် သုံးစွဲခဲ့ရကြောင်းလည်း သိရပါတယ်။

ဂျွန်နီဒပ်ရဲ့ မန်နေဂျာဟောင်းတစ်ဦးက "ဒပ်ဟာ ဘယ်သူ့စကားကိုမှ နားမထောင်ခဲ့ဘူး။ သူ့ရဲ့အကြံပေးတွေရော ထိန်းသိမ်းရေးအဖွဲ့ရဲ့စကားတွေကိုရောပေါ့။ သူဟာ အလွန်အကျူးကို ဇိမ်ရှိတဲ့ ဘဝနေထိုင်မှုပုံစံမျိုးကို တောင်းဆိုခဲ့တယ်။ ဒပ်ရဲ့အပြုအမူတွေကို သူ့ရဲ့ညီမဖြစ်သူရော၊ သူ့ရဲ့ကိုယ်ပိုင်မန်နေဂျာရောအသိပဲဖြစ်ပါတယ်။ ဒပ်ရဲ့ အသုံးစရိတ်တွေကိုလည်းအားလုံးကို ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်"လို့ အဆိုပါမီဒီယာကို ပြောကြားခဲ့ပါတယ်။

ဒပ်ဟာ မကြာသေးမီက သည်ဝေါစထရိထ်ဂျာနယ်နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ "ဒီပိုက်ဆံတွေဟာ ကျွန်တော့်ပိုက်ဆံတွေပါပဲ။ ကျွန်တော်ဟာ တစ်နေ့ကိုချည်လုံးတစ်သောင်းခွဲ ဝယ်တယ်ဆိုရင်တောင် အဲဒါကျွန်တော့်ကိစ္စပါပဲ"လို့ ဖြေကြားခဲ့ဖူးပါတယ်။ လတ်တလောအချိန်အထိ ဂျွန်နီဒပ်ဟာ နေအိမ် ၁၄ လုံး၊ ဇိမ်ခံကား ၄၅ စီး၊ စုဆောင်းထားတဲ့ ဂီတာအလုံး ၇၀၊ ကျော်ကြားတဲ့ပန်းချီပညာရှင်တွေရဲ့ ပန်းချီကားချပ် ၂၀၀၊ ဟောလိဝုဒ်ရဲ့ သမိုင်းဝင်အမှတ်တရပစ္စည်းဆယ်နဲ့ချီကာ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် ဂျွန်နီဒပ်ရဲ့ မန်နေဂျာဟောင်းတွေက သူ့ရဲ့တရားစွဲဆိုခံရခဲ့မှုတွေအတွက် ဒဏ်ကြေးပေးဆောင်ခဲ့ရမှုတွေလည်း အကြိမ်ကြိမ်ရှိခဲ့ပြီး ငွေပမာဏအများကြီးကို သုံးစွဲခဲ့ရကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ဂျွန်နီဒပ်ဟာ ဇနီးဟောင်းဖြစ်သူ အမ်ဘာဟာ့ဒ်နဲ့လည်း ပြီးခဲ့တဲ့နှစ်အတွင်းက တရားဝင်ကွာရှင်းဖို့ဆောင်ရွက်ခဲ့ပြီး လျော်ကြေးငွေများစွာပေးခဲ့ရတာဖြစ်ပါတယ်။

နောက်ဆုံးသောရုပ်ရှင် "Pirates of the Caribbean: Dead Man Tell No Tales"ကို ရိုက်ကူးစဉ်က ဂျွန်နီဒပ်ဟာ သူ့ရဲ့လက်ချောင်းကိုထိခိုက်ခဲ့တဲ့အတွက် ခွဲစိတ်ကုသမှုခံယူဖို့ ရိုက်ကွင်းမှ အမေရိကန်နိုင်ငံသို့ ပြန်သွားကာ ယင်းကုသမှုကြောင့် အမေရိကန်ဒေါ်လာ သန်းပေါင်းဆယ်နှင့်ချီကာ ကုန်ကျခဲ့ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ဂျွန်နီဒပ်နဲ့ပတ်သက်တဲ့ အခြားသောကုန်ကျစရိတ်များစွာလည်း ရှိနေခဲ့တာဖြစ်ပါတယ်။

ဒါ့ကြောင့် လတ်တလောမှာ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတွေဟာ ဂျွန်နီဒပ်နဲ့ ဆက်လက်လက်တွဲသွားဖို့အတွက် ဆွေးနွေးမှုတွေကို တစ်လကြာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သူ့ရဲ့ရုပ်ရှင်သစ် "Pirates of the Caribbean: Dead Man Tell No Tales"အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀၀ ခန့် ယူဆောင်လာပေးနိုင်ရမှာဖြစ်ပြီး မျှော်မှန်းဝင်ငွေမရခဲ့ပါက ဂျွန်နီဒပ်လည်း ဒစ်စနေရုပ်ရှင်လောကကနေ နှုတ်ဆက်သွားရတော့မှာဖြစ်ကြောင်းလည်း ကောလာဟလတွေပေါ်ထွက်နေကြောင်းလည်း သိရပါတယ်။

# ဟယ်ရီစတိုင်ရဲ့ တေးသီချင်းသစ် စတင်ထုတ်လွှင့်

"One Direction"တေးဂီတအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ မကြာမီထုတ်လွှင့်သွားမယ့် သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ကို လတ်တလောမှာတော့ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂ ရက်မှာတော့ ဟယ်ရီစတိုင်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တစ်ကိုယ်တော်တေးသီချင်းသစ် "Sweet Creature"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ "Sweet Creature""ဟာ ဟယ်ရီစတိုင်ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့်တေးသီချင်းတွေအနက် ဒုတိယမြောက်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း တေးဂီတအဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို ခေတ္တရပ်နားသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားပြီးနောက်ပိုင်း ဟယ်ရီစတိုင်ဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပြင်ဆင်ခဲ့တာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ ယခုလအတွင်း ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ တေးအယ်လ်ဘမ်ရဲ့အမည်ကိုတော့ လတ်တလောအချိန်အထိ ဖော်ပြခဲ့ခြင်းမရှိသေးပေမယ့် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းတွေအနက် "Sign of the Times"ကို ပထမဆုံးထုတ်လွှင့်ခဲ့တာဖြစ်ပြီး ပရိသတ်တွေရဲ့အထူးအားပေးမှုကိုရရှိခဲ့ကာ တေးဂီတဇယားတွေကိုလည်း ဦးဆောင်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Live"မှာတော့ "Sign of the Times" နဲ့အတူ အခြားသောတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Ever Since New York" ကို သီဆိုဖျော်ဖြေခဲ့ပြီး "Ever Since New York" ကိုတော့ ထုတ်လွှင့်ပေးခဲ့ခြင်းမရှိဘဲ ဒုတိယမြောက်တစ်ကိုယ်တော် တေးသီချင်းအဖြစ် လတ်တလောမှာ "Sweet Creature" ကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဟယ်ရီစတိုင်ရဲ့ တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့် မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်ထုတ်လွှင့်ပြီးနောက် နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်သွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# ကော့သောင်းမြို့ အရှေ့ပင်လယ်ကမ်းခြေ မြေပြင်ချဲ့ထွင် ခရီးသွားဧည့်သည်များ အနားယူ အပန်းဖြေနိုင်



**ကော့သောင်း မေ ၃**
ကော့သောင်းမြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြို့အဝင် ၃ မိုင် သီရိမြိုင်ရပ်ကွက် အရှေ့ပင်လယ်ကမ်းခြေ မြေပြင်ချဲ့ထွင်ခြင်းစီမံကိန်းလုပ်ငန်း၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည့် မြေထိန်းနံရံ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းခြေတစ်လျှောက် ပင်လယ်ဒီရေရောက်သည့် မူလသဘာဝကမ်းခြေနေရာမှ ပင်လယ်အတွင်းသို့ မြေပြင်အဖြစ် မြေသားဖို့မြေပြင်ချဲ့ထွင်ခြင်းစီမံကိန်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေ ၃၄ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆက်စပ်လုပ်ငန်းများအဖြစ် Box Culvert နှစ်စင်း အသစ်တည်ဆောက်မှုလုပ်ငန်းနှင့် ဖို့မြေများ ပင်လယ်ရေတိုက်စားပြိုကျမှုမဖြစ်ပေါ်ရေး မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိရာ လာမည့်မိုးရာသီမကျမီ လုပ်ငန်းများအမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းခြေမြေသားဖို့ချဲ့ထွင်ခြင်း၊ မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါက မြို့၏လိုအပ်ချက်တစ်ခုဖြစ်သည့် မြို့နေပြည်သူများ အနားယူအပန်းဖြေရာနှင့် ပွဲလမ်းသဘင်အခမ်းအနားများ ကျင်းပနိုင်ရန်နေရာအဖြစ်လည်းကောင်း၊ မြို့သို့လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ပင်လယ်လေကောင်းလေသန့်ရှူရှိုက်ရင်း နေဝင်ဆည်းဆာချိန်အလှအား ခံစားအနားယူအပန်းဖြေရာနေရာတစ်ခုအဖြစ် အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

---

## ကောလင်းမြို့ပေါ်ရပ်ကွက်များရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ချောင်း၊ ရေမြောင်းများ ပြန်လည်ဆယ်ယူမည်

**ကောလင်း မေ ၃**
ကသာခရိုင်အတွင်းရှိ ကောလင်းမြို့ပေါ်ရပ်ကွက်များ၌ မိုးရာသီတွင် ရေကြီးရေလျှံမှုများကို နှစ်စဉ်ကြုံတွေ့လျက်ရှိရာ ယခုနှစ်တွင်ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပွားစေနိုင်ရန်အတွက် မြို့အတွင်းဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းများနှင့် ရေမြောင်းများအား ပြန်လည်ဆယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ကောလင်းမြို့ပေါ်ရပ်ကွက်များတွင် အုတ်ကန်-ကျောက်တန်းရွှေမင်းဝံလမ်းမကြီးတွင် ရေထွက်ပေါက်ခြောက်ခု၊ မီးရထားသံလမ်းအရှေ့ဘက်ပိုင်းတွင် ကိုးပေါက် စုစုပေါင်းရေထွက်ပေါက် ၁၅ ခုရှိခဲ့ပြီး နှစ်စဉ်မိုးရာသီတွင် တောင်ကျရေများဝင်ရောက်မှုရှိသော်လည်း ရေထွက်ပေါက်များမှ စီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ခဲ့သော်လည်း ရေမြောင်းအသုံးပြုမှုနှစ်ကြာလာခြင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရေထွက်ပေါက်များပျက်စီးလာပြီး ယခုအခါတွင် ရေထွက်နှစ်ခုသာ ရေစီးရေလာကောင်းမွန်တော့သဖြင့် မြို့ပေါ်ရပ်ကွက်များ၌ မိုးရာသီတွင်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း သိရသည်။

“မြေစာရင်းမှတ်ပုံတင်ထားတဲ့ ဧရိယာအကျယ်အဝန်းပိုရင် ချောင်းမြေဖြစ်တယ်ဆိုတာကို ရပ်မိရပ်ဖတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတွေခေါ်ယူပြီး မှတ်ပုံတင်ထားတဲ့ အမှန်တကယ်ပိုင်မြေနဲ့ ပိုတဲ့မြေတွေကို မူလချောင်းမြေကို ပိုင်းခြားသိရှိစေဖို့အတွက် ပြန်လည်တိုင်းတာမယ်။ ပြည်သူတွေနားလည်အောင် ရှင်းလင်းပြောကြားပြီး ချောင်းမြေနယ်နိမိတ်သတ်မှတ်ပြီး ချောင်းပြန်ဖော်မယ်။ အဲဒါမှ မြို့တွင်းရေကြီးရေလျှံမှုတွေ ကင်းဝေးသွားမှာပါ” ဟု ကောလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကောလင်းမြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းကောက်ချောင်း၊ ခေါ်ပင်ချောင်း၊ ရွှေလုံချောင်းနှင့် ရေမြောင်းများအား ပြန်လည်တူးဖော်ရေးလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေါင်းမြူချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

---

## ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**ပုလဲ မေ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀၀ ဖြင့် ရွှေမိုးဖြိုးသွန်းကုမ္ပဏီက ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက် မြေသားလမ်းအရှည် ခြောက်မိုင်ခွဲကို လမ်းအကျယ် ၁၂ ပေ ၉ လက်မဒု ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်သို့ ဧပြီ ၂၉ ရက် မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။


လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ရာသီမရွေးသွားလာဖြတ်သန်းနိုင်ရေးအတွက် လုပ်ငန်းအပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဂျင်များဖြင့် ကျောက်ချောလမ်းပေါ် ဖုံးအုပ်နိုင်ရေးဆောင်ရွက်ပေးရန် ရွှေမိုးဖြိုးသွန်းကုမ္ပဏီမှ တာဝန်ရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀၀ ဖြင့် I3 နည်းပညာကုမ္ပဏီက တာဝန်ယူ၍ လက်ပံချောင်းကူး သံပေါင်ရက်မသစ်သားတံတား အရှည်ပေ ၁၂၀၊ အမြင့် ၁၂ ပေ၊ အကျယ် ၁၄ ပေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစွာဖြင့် တံတားကြံ့ခိုင်မှုရှိအောင်နှင့် အမြန်ဆုံးပြီးစီးရေးအတွက် အားထည့်ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက်လမ်းသည် မိုးတွင်းကာလတွင် ဆိုင်ကယ်နှင့်ကားများ သွားလာ၍မရဘဲ ခြေကျင်ခရီးသာ သွားလာနိုင်ခြင်း၊ ကျေးရွာချင်းဆက်လမ်းပိုင်းရှိ လက်ပံကျေးရွာအဝင်ချောင်းသည် ချောင်းရေကျချိန် ရေကြီးချိန်များတွင် ဖြတ်ကူးရန်ခက်ခဲခြင်းများကို ပြည်သူများက ကြုံတွေ့ခဲ့ရပြီး ယခုအချိန်တွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ချောင်းကူးတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်းများလည်း ပြီးစီးမည်ဖြစ်ရာ ပြည်သူများအနေဖြင့် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ ကျေးလက်လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးတင်ငွေ၏ပြောကြားချက်အရ သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

---

## မြစ်သာမြစ်ကူးကြိုးတံတား ဖြတ်သန်းသွားလာနိုင်



**ဂန့်ဂေါ မေ ၃**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါ မြစ်သာမြစ် လူကူးကြိုးတံတားမှာ ကြိုးများလျော့နေပြီး လှုပ်ရမ်းမှုရှိလာကာ အချို့နေရာတွင် လက်ရမ်းများပျက်စီးသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အသေးစားပြင်ဆင်မှုများကို ဧပြီစတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်က ပြီးစီးသွားပြီဖြစ်သည့်အတွက် တံတားဖြတ်ကူးသူများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။

အဆိုပါနေရာ၌ ၁၉၉၀ ခုနှစ်ကျော်ကာလများက ကြိုးတံတားကို နှစ်ကြိမ်ဆောက်လုပ်ခဲ့ရာ မိုးများ၍ မြစ်သာမြစ်ရေမြင့်တက်သည့်နှစ်များတွင် မျောပါပျက်စီးမှုများရှိလာသည့်အတွက် ယခုကြိုးတံတားကိုမူ ရေရှည်ခိုင်ခံ့နိုင်ရန် စီစဉ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိဖြတ်သန်းနေသည့် ကြိုးတံတားကို နိုင်ငံတော်ခွင့်ပြုငွေကျပ် ၇၃၁ သိန်း၊ စည်ပင်သာယာခွင့်ပြုငွေကျပ် ၁၂၂ သိန်းတို့ဖြင့် ၂၀၁၂ ခုနှစ်က ဆောက်လုပ်ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ပြင်ဆင်မွမ်းမံမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တံတားပြင်ဆင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက ကွင်းဆင်းအားပေးခဲ့ကြကြောင်း သိရသည်။ **(၄၆၅)**

---

## ကျေးရွာပေါင်း ၃၀ ကျော်ကို အကျိုးပြုမည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ကျောက်ထုံးကြီး(စံပြ)ကျေးရွာ၌ဖွင့်

**ကသာ မေ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ထုံးကြီး(စံပြ)ကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။


“ဒီဆေးရုံဖွင့်လှစ်နိုင်ခြင်းအားဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများအားလုံး ဒီဆေးရုံကို အားကိုးအားထားပြုပြီး ကျန်းမာရေးကိစ္စတွေ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီဆေးရုံဖွင့်ပြီးနောက်မှာ ကသာခရိုင်ဆေးရုံကြီးမှ တိုက်နယ်ဆေးရုံကို ဒီကျေးရွာသို့ အပ်နှံဖွင့်လှစ်ခြင်းဖြစ်လို့ ဆေးရုံဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ပရိဘောဂနှင့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများကို ခရိုင်ဆေးရုံကြီးနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်မှာဖြစ်တယ်။ လူမှုဘဝတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုလုံးကို သင့်တော်သလို ခွဲဝေပေးတဲ့ငွေကြေးအပေါ်မှာမူတည်ပြီး လူမှုဘဝဖွံ့ဖြိုးရေးကို လုပ်ဆောင်ရခြင်းဖြစ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောကြားခဲ့သည်။

ဒေသခံပြည်သူတစ်ဦးက “ ဒီဘက်ရွာမှာ ဖြစ်တတ်တဲ့ရောဂါတွေက အလွန်ပေါပါတယ်။ ငှက်ဖျားနှင့် အသည်းရောင်အသားဝါရောဂါကတော့ အဖြစ်များတာပေါ့။ ရောဂါတစ်ခုခုဖြစ်လို့ရှိရင် ကသာဆေးရုံကို သွားကုသရတယ်။ ကသာဆေးရုံက ကုသဖို့လက်မခံနိုင်တော့မှ မန္တလေးဆေးရုံကို သွားကုသရပါတယ်။ အခုကတော့ ကူညီရေးအသင်းအဖွဲ့များရှိတော့ အဆင်ပြေတယ်။ အရင်ကဆိုရင် ကျန်းမာရေးမကောင်းရင် နွားလှည်းတစ်တန် စက်လှေတစ်ထောက်စီးပြီး ဧရာဝတီမြစ်ကိုဖြတ်ပြီး သွားရတဲ့အတွက် အလွန်ခက်ခဲပါတယ်။ အခုဆိုရင် ဒီကျေးရွာမှာ တိုက်နယ်ဆေးရုံဖွင့်ပြီဆိုတော့ တော်ရုံရောဂါအတွက်တော့ အဝေးကြီးသွားစရာမလိုဘဲ အနီးအနားမှာသာ သွားရောက်ပြီး အချိန်မီကုသနိုင်တော့မှာဖြစ်လို့ အလွန်ပင်ဝမ်းသာပါတယ်” ဟု ပြောဆိုခဲ့သည်။

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပြီး ကျောက်ထုံးကြီး တိုက်နယ်ဆေးရုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ယင်းတိုက်နယ်ဆေးရုံအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၄၀၃ သိန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေ ကျပ် ၄၈၈ သိန်း စုစုပေါင်းငွေကျပ် ၈၉၁ သိန်းတို့ဖြင့် တည်ဆောက်ခဲ့ပြီး ကျေးရွာပေါင်း ၃၀ ကျော်မှ လူဦးရေ ၂၇၀၀၀ ကျော်တို့အတွက် အားကိုးအားထားပြုရသော တိုက်နယ်ဆေးရုံကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**







## အင်္ဂလိပ်-မြန်မာဘာသာပြန်ရည်ညွှန်း

ဆရာရဲကျော်မြင့်ရေးသားသော အင်္ဂလိပ်-မြန်မာ ဘာသာပြန်ရည်ညွှန်း စာအုပ်သည် ဘာသာရပ်ကို လေ့လာလိုက်စားသူများအနေဖြင့် မူရင်းပြောဆိုနေသော မိခင်ဘာသာစကားကို ကျွမ်းကျင်နားလည်ပါမှ အခြားဘာသာစကားကို အလွယ်တကူ လေ့လာနိုင်မည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုလိုသူများအတွက် အခြေခံမှစတင်၍ ရေးသားပြုစုထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**ဤစာအုပ်ကို မချိုမစာပေ၊ အမှတ် (၂၃၇) (ပထပ်-ဝဲ)၊ ၃၉ လမ်း (ပေါ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃၊ ၀၉-၂၆၃၈၀၆၆၀၀ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**





## နိုင်ငံတည်မော်ကွန်းများ

စာအုပ်များစွာကို ရေးသားပြုစုလျက်ရှိသည့် သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဆရာဦးမြတ်သူက မြန်မာ့နိုင်ငံရေးတွင် မှတ်သားစရာဖြစ်သည့် "နိုင်ငံတည် မော်ကွန်းများ"ကို ပြုစုရေးသားထုတ်ဝေလိုက်သည်။

လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံကို တည်ဆောက်ရာ၌ နိုင်ငံနှင့်ပြည်သူအတွက်အလွန်အရေးကြီးသည့် မော်ကွန်းမှတ်တိုင်များ ရေးထိုး ခဲ့ကြသည်။ ထိုရေးထိုးခဲ့ကြသော မော်ကွန်းမှတ်တိုင်များတွင် မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသားများအတွက် အသက်တမျှအရေးကြီးသည့်ဖွဲ့စည်း ပုံအခြေခံဥပဒေကို ပြည်သူများသိရှိနားလည်လိုက်နာကျင့်သုံးတတ်ရန်လိုပြီး ထိုသို့သိရှိကျင့်သုံးတတ်ရန်အတွက် ဆရာက ဖွဲ့စည်းပုံများ၏အနှစ်ချုပ်ကိုထုတ်နုတ်စုစည်းတင်ပြထားသည်။ လွတ်လပ်ပြီးမြန်မာနိုင်ငံတွင် ခေတ်သုံးခေတ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးမျိုးရေးထိုးခဲ့ကြသည်။ လွတ်လပ်ရေးမရမီနှင့်ရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ် ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဆိုရှယ်လစ်ခေတ် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းစကာလ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးမျိုးတို့ကို အားသာချက်၊ အားနည်းချက်များဖြင့် ပြတ်ပြတ်ထင်ထင် ရှင်းရှင်းလင်းလင်း တင်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စိတ်ဝင်စားနေသော မျက်မှောက်ကာလအတွက် အချိန်ကိုက်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ရှင်းရှင်းစာပေတိုက်၊ အမှတ်(၄၈)၊ မြေညီထပ်၊ လမ်း(၂၀)၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၄၂၀၉၁၇၇၇၈ က တန်ဖိုးကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ဆီးချိုနှင့်ဆက်နွှယ်သောမျက်စိရောဂါများ

မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသိမ်း (မျက်စိ) ရေးသားသည့် ဆီးချိုနှင့် ဆက်နွှယ်သော မျက်စိရောဂါများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆီးချိုကြောင့် မျက်စိ အမြင်အာရုံ ယိုယွင်းပျက်စီးမှုကို ရေးသားထားပြီး စာအုပ်ကို ဖတ်ရှုရာတွင် အဆင်ပြေစေရန် ရောင်စုံဓာတ်ပုံ ၈၀ ကျော်ကို သက်ဆိုင်ရာပုံနှင့် တိုက်ဆိုင်ဖတ်ရှုပါက အတော်အသင့် ပြည့်ပြည့်စုံစုံသိရှိနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ဦးမြင့်သိန်း (၈၀၀၉၄)၊ နှစ်ဆယ့်ခွန်စာပေ၊ အမှတ် (၂၃၃) သီရိမြိုင် (၉) လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**





## အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေအပေါ် ဆွေးနွေးကြားနာမှုမှတ်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဆွေးနွေးကြားနာမှုမှတ်တမ်း" စာအုပ်ထွက်ရှိလာသည်။

မြန်မာသံတော်ဆင့်အပတ်စဉ်သတင်းစာတွင် ဖော်ပြပါရှိခဲ့သော အမျိုးသားလွှတ်တော်တွင် ကျင်းပခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးကြားနာခဲ့မှု မှတ်တမ်းများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် မတ်လ ၆ ရက်နေ့မှ မတ်လ ၁၇ ရက်နေ့အတွင်း နိုင်ငံရေးပါတီ ၂၀ ပါတီမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးနိုင်သည့် ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်၊ မှတ်ပုံတင်ထားသော အရပ်ဘက်အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးလိုသူ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခဲ့ကြသည့် ကြားနာမှုများကို မှတ်တမ်းအဖြစ် မြန်မာသံတော်ဆင့်သတင်းဌာနက စုစည်းဖော်ပြလိုက်ရာ မြန်မာနိုင်ငံပညာရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲရန်းကန်တော်လှန်ခဲ့မှုများကို အထင်အရှားသိရှိရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို မော်ကွန်းသံတော်ဆင့်စာပေ၊ အမှတ်(၂၁)၊ ဗိုလ်တေဇလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၉၁၉၀၅၄၇ က တန်ဖိုး ကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိထားသည်။**




## သင်္ချာဉာဏ်စွမ်းရည်တိုးတက်လိုသူများအတွက် အိုလံပစ်သင်္ချာ

ဆရာဘိုကြီးရေးသားပြုစုထုတ်ဝေထားသော ဤစာအုပ်သည် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ထက်မြက်စေသော သင်္ချာပုစ္ဆာများပါဝင်ပါသည်။ ဥပမာပုစ္ဆာများနှင့် အလားတူလေ့ကျင့်ရန် သင်ခန်းစာများကို အဖြေများနှင့် ပူးတွဲဖော်ပြထားသည့်အတွက် ဆရာမကူ၊ ကိုယ်တိုင်လေ့ကျင့်နိုင်စေရန် စီစဉ်ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**ထိုစာအုပ်ကို မချိုမစာပေ၊ အမှတ် (၂၃၇) (ပထပ်-ဝဲ)၊ ၃၉ လမ်း (ပေါ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃၊ ၀၉-၂၆၃၈၀၆၆၀၀ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ကမ္ဘာ့စီးပွားရေးမဟာတတိယလှိုင်းနှင့် ဒေါ်လာဈေးတက်တာစိုးရိမ်စရာလား

ခင်မောင်ညို(ဘောဂဗေဒ)ရေးသားပြုစုသည့် "ကမ္ဘာ့စီးပွားရေး မဟာတတိယလှိုင်းနှင့် ဒေါ်လာဈေးတက်တာ စိုးရိမ်စရာလား"စာအုပ်ထွက်ရှိလာသည်။

မျက်မှောက်ကာလ ဒေါ်လာဈေးတက်မှုကြောင့် ငွေကြေးဖောင်းပွမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု တို့နှင့်ကြုံတွေ့နေရချိန်တွင် ဆရာခင်မောင်ညို (ဘောဂဗေဒ)က ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာ အသိပညာပေးစာအုပ်ကို ရေးသားပြုစုလိုက်သည်မှာ အချိန်အခါကိုက်ဟုဆိုရမည်ဖြစ်သည်။ ဆရာ၏စာအုပ်မှာ ငွေကြေးဘောဂဗေဒဆိုင်ရာ အသိအမြင်များ၊ သုံးသပ်တွေ့ရှိချက်များ၊ ပြင်ဆင်ဆောင်ရွက်သင့်သည်များ၊ ဖြစ်ပေါ်လာနိုင်သည်များ၊ ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများစသည့်ငွေကြေးဆိုင်ရာအကြောင်းအရာများကို ပြည်တွင်း၊ ပြည်ပချိန်ထိုးပြသထားသည်။ စီးပွားရေးထွန်းသစ်စ နိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံ၏စီးပွားရေးကို ဦးမော့လာအောင်ဆောင်ရွက်ရာတွင် အထူးအရေးပါသည့် ငွေကြေးဆိုင်ရာနည်းနာများနှင့် ကြုံလာနိုင်သည့်အနေအထားများကို မီးမောင်းထိုးပြထားသည်။

**အဆိုပါစာအုပ်ကို စိတ်ကူးချိုချိုအနုပညာ စာပေတိုက် အမှတ် ၉(က)၊ (၁၆၄)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်-မြို့၊ ဖုန်း ၀၁-၅၄၆၈၄၅ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

# တိုက်ကြီးမြို့နယ်တွင် အဆင့်မြင့်စက်မှုလယ်ယာစနစ်ကျလယ်ယာဖော်ထုတ်

**တိုက်ကြီး မေ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုနှင့် ကျိုက်စကိုင်းကျေးရွာအုပ်စုတို့တွင် အဆင့်မြင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

အဆိုပါ အဆင့်မြင့်စက်မှုလယ်ယာစနစ်ကျလယ်ယာဖော်ထုတ်လျက်ရှိသော ကျေးရွာအုပ်စုများသို့ မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးများပါဝင်သောကော်မတီသည် မေ ၃ ရက် နံနက် ၉ နာရီတွင် ရင်းတိုက်ကွင်းကျေးရွာအုပ်စုသို့ လုပ်ငန်းပြီးစီးမှုများကို သွားရောက်စစ်ဆေးခဲ့ကြသည်။

လယ်ယာကဏ္ဍ အဆင့်မြင့်လာစေရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်လျက်ရှိသော ရင်းတိုက်ကွင်းကျေးရွာအုပ်စုတွင် လယ်သမား ၅၇ ဦး၏ လယ်မြေဧက ၂၈၃ ဒသမ ၃၈ ဧကကို မြဘုန်းသခင်ကုမ္ပဏီ ကတာဝန်ယူပြီး ဧကကွက်များ၊ ဖော်ထုတ်ခြင်း ရေသွင်းရေထုတ်မြောင်းများ ကုန်ထုတ်လမ်းများဖော်ဆောင်ခဲ့သည်။

ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကုမ္ပဏီ ဒါရိုက်တာ ဦးအောင်ကျော်သန်းက ရှင်းလင်းတင်ပြခဲ့သည်။ လုပ်ငန်းပြီးစီးနေပြီဖြစ်၍ မြို့နယ်ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ကျေးရွာကော်မတီအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လယ်သမားများကို ခွဲဝေပေးရန်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကြီးကြပ်မှုကော်မတီသည် ကျိုက်စကိုင်းကျေးရွာအုပ်စုတွင် လယ်သမား ၂၄ ဦး၏လယ်မြေ ၁၆၈ ဒသမ ၈၄၆ ဧကကို ထွန်းမြန်မာကုမ္ပဏီက တာဝန်ယူ၍ အဆင့်မြင့်စက်မှုလယ်ယာစနစ်ကျလယ်ယာ ဖော်ထုတ်နေမှုကို သွားရောက်စစ်ဆေးရာ တာဝန်ခံက အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ လုပ်ငန်းပြီးပါက လယ်သမားများကို စနစ်တကျခွဲဝေပေးရန် မှာကြားခဲ့သည်။

ထိုအဆင့်မြင့်လယ်ယာမြေများကို တာဝန်ယူ၍ ဧကကွက်များ ဖော်ထုတ်ပေးသော ကုမ္ပဏီများအနေဖြင့် တစ်နှစ်အတွင်းလယ်ကန်သင်းများ၊ ရေသွင်းထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများပျက်စီးပါက အခမဲ့ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရပြီး ရင်းတိုက်ကွင်းအုပ်စုနှင့် ကျိုက်စကိုင်းအုပ်စုတွင် အဆင့်မြင့်စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ဖော်ထုတ်မှုစုစုပေါင်း ၄၅၃ ဒသမ ၁၂၈ ဧက ဖော်ထုတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နောင်အနှစ်( ၂၀ )အတွင်း ယခုတစ်ကြိမ်သာ လှူဒါန်းခွင့်ရရှိမည့် မီးပူဇော်ခွင့် မဟာအခွင့်အရေး



မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နှစ်ပေါင်း( ၂၀ )ကြာအထိ ကောင်းမွန်စွာအသုံးပြုနိုင်မည့် Fiber Optic ကြိုးများဖြင့် ကမ္ဘာ့အဆင့်မီ မီးထွန်းညှိပူဇော်သည့်စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ပူဇော်မည်ဖြစ်ပါသည်။ Fiber Optic ကြိုးများ အသုံးပြုထားခြင်းကြောင့် ဘုရားခန်းအတွင်း အပူမထွက်ခြင်း၊ လျှပ်စစ်စီးကြောင်းမရှိသဖြင့် မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ရုပ်ရှင်တော်မြတ်ကြီးအား မီးပူဇော်ရာတွင် အလင်းအားကို နေရာအလိုက် ချိန်၍ ထွန်းညှိပြီး ဘုရားဆောင်အတွင်း မလိုအပ်သောနေရာများကို အလင်းလျှော့ပေးခြင်းကြောင့် ရုပ်ရှင်တော်မြတ်ကြီးအား ပိုမိုသပ္ပါယ်စွာ ဖူးမြော်နိုင်မည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းကို ဒိန်းမတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံမှ အင်ဂျင်နီယာများကိုယ်တိုင် အကြိမ်ကြိမ်လာရောက်တိုင်းတာ၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအတွက် အထူးသီးသန့်ထုတ်လုပ်ထားသော Fiber Optic ကြိုးများနှင့် တပ်ဆင်လှူဒါန်းခြင်းဖြစ်၍ ထူးကဲမြင့်မြတ်လှစွာသော မီးအလှူတော်ကြီးဖြစ်သည့်အပြင် ကြုံကြိုက်ခဲလှစွာသော ကုသိုလ်ထူးကြီးတွင် ပါဝင်နိုင်ကြပါရန် လေးမြတ်စွာအသိပေး နှိုးဆော်အပ်ပါသည်။

**( တစ်ဆင်လှူဒါန်းမည့် ပစ္စည်းနှင့်လက်ခ တန်ဖိုးငွေကျပ်သိန်းပေါင်း( ၂၇၀၀ )ခန့်လှူဒါန်းမည်ဖြစ်ပါသည် )**

**ဆက်သွယ်လှူဒါန်းရန်** - မဟာမုနိဂေါပကအဖွဲ့ရုံး၊ မိုးကောင်းဓမ္မာရုံ၊ ဖုန်း - ၀၉ - ၄၄၄၀၄၄၄၇၅၊ ၀၉ - ၂၂၂၈၀၁၂ နှင့်
- UAB (၈၄)လမ်းဘဏ်ခွဲ ( ၃၇လမ်း × ၈၄လမ်းထောင့် )

**စာရင်းအမှတ် ၀၁၇၀၇၀၁၀၀၀၀၅၂၂၉** သို့လူကိုယ်တိုင်ဖြစ်စေ၊ နီးစပ်ရာဘဏ်ခွဲများမှတစ်ဆင့်ဖြစ်စေ၊ i-Banking စနစ်မှတစ်ဆင့်ဖြစ်စေ ထည့်ဝင်လှူဒါန်းပူဇော်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

မဟာမုနိဂေါပကအဖွဲ့


လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်**
**ENGLISH 4 SKILLS Level (1)**တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ May 6 စမည်။

**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**

ပြည်တွင်း ပြည်ပတွင် နိုင်ငံတကာမှ အမှုထမ်း အရာထမ်းများနှင့် ပုခုံးချင်းယှဉ် ရင်ဘောင်တန်းပြီး ပြောဆို ဆက်ဆံ ဆွေးနွေးနိုင်စေဖို့

လေ့ကျင့်သင်ကြားပေးမည့် **Certificate in Business English Speaking ၃ လ အထူး**

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် **စနစ်တကျ အသံထွက်** လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်

**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။**

**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS ၄ လ** အထူး လက်ခံပြီ။

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အမှတ် ၁၈၊ ၅-လွှာ၊
**အင်း၀** စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798



**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ ပင်လုံလမ်း၊
09401505559 စမ်းချောင်း



**ခရီးစိမ်းမင်း** 09-444450446, 09-444450558 09-250144709 (အပတ်စဉ်-သောကြာ)

+ မန္တလေး ပြင်ဦးလွင်၊ ဂု-မိုင်ကမ်းခြေ (၃)ရက်။ စစ်ကိုင်း၊ ပုပ္ပား ပါ (၄)ရက်။
+ ပုဂံ၊ ရွှေဘိုလေးဆူ၊ ပြည့်ငါးပြည်၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (၃)ရက်။
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဝမ်း(၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်။
+ ဘားအံ၊ ပြဝတီ၊ မဲဆောက် (၃)ရက်။ (3 Star Hotel Package-စားရိတ်ငြိမ်း)

ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင်

+ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ +ရှင်သီဝလိငြခြေတော်ရာနှင့် ပိန္နဲဘုရားစုံ | ငနွေချောင်းပြန်
+ ဘားအံ သမိုင်းဝင်ဂူ(၅)ဂူ၊ ချစ်သူမြိုင်ဥယျာဉ်၊ ကျောက်ကလပ် (အပတ်စဉ်-စနေ)

ခရီးစဉ်အားလုံး Guest House, Hotel တည်း၊ ဖြစ်ပိုဒ်ဆောင်ပေးပါသည်။



**GZ Real Estate Company**

GZ Real Estate Services မှ လူကြီးမင်းတို့၏ ကွန်ဒို ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ ဂိုဒေါင်၊မြေကွက်များ ရောင်းပယ်ငှားရမ်းလိုပါကအမြန်ဆုံးထိရောက်အောင်မြင်စေရန် ဆောက်ရွက်ပေးနေပါသဖြင့် ယခုပင် ယုံကြည်စွာဆက်သွယ်အပ်နှံနိုင်ပါပြီ။

အခန်းပေါင်း ၁၀၀၀ကျော်မိတ်ဆက်ပေးရန်လည်း အဆင်သင့်ပါ။ပယ်ယူသူ ၊ ငှားရမ်းသူများကြား စိတ်ကျေနပ်မှုအကောင်းဆုံးရရှိစေရန် ဝန်ဆောင်မှုပေးနေပါသည်။

ဆက်သွယ်ရန် 09-458285095, 09-45775 1526
အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ရုံးချိန် - တနင်္လာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)



# မြဝတီဘဏ်လီမိတက်၏ (၅၁) ဘဏ်မြောက် 'ညောင်လေးပင်' ဘဏ်ခွဲကို

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့တွင် ၄.၅.၂၀၁၇ ရက် (ကြာသပတေးနေ့) ၌ ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း မိတ်ဆွေသူများအား သတင်းကောင်းပါးအပ်ပါသည်။

" လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ် "

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက် (ညောင်လေးပင်)
အမှတ် (၁၅၁)၊ ဗိုလ်ချုပ်လမ်း၊ မြို့မ (၃) ရပ်ကွက်၊
ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း - ၀၅၂ ~ ၅၀၀၃၄၊ ၅၀၅၀၄
၅၀၇၀၆၊ ၅၀၅၃၇
ဖက်(စ်) - ၀၅၂ ~ ၅၀၄၈၄၊ ၅၀၅၈၄

## ESf(60)jynfhpdwk*v

ကျေးဇူးကြီးမားလှစွာသော ဖေဖေ ဦးထွန်းတင်နှင့် မေမေ ဒေါ်စန်းစန်းတို့၏ ၄-၅-၂၀၁၇ရက်တွင် ကျရောက်သော နှစ်(၆၀)ပြည့် စိန်ရတုမင်္ဂလာမှသည် ကံရှိသရွေ့ လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

**ချစ်သား၊ သမီးများ**
**ဒေါ်ခင်သီတာ-ဦးကိုကိုအောင်**
**ဒေါ်ခင်ဆွေဝင်း-ဦးလင်းထွန်းမြင့်**
**ဦးကျော်လင်း-ဒေါ်နီနီအောင်**
**ဒေါ်မြသွေးနွယ်-ဦးမြင့်လှိုင်**
**ဒေါ်တင်ဥမ္မာ-ဦးဝင်းဗိုလ်**
**ဒေါ်နီလေးလွင်**
**ဦးဇော်မင်း-ဒေါ်မြသူဇာ**
**မြေး(၁၂)ယောက်နှင့် မြစ်(၃)ယောက်**



ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ မဲဇော်၊ ဘားအံဘုရားဖူးနှင့် ချမ်းသာမြိုင်
Hotel (Visa) (75000)
May-9 (30000)
09421073634, 777636630

ဟိန်း
01,2330054
095160048
09-782470755
www.heincarrental.com

KKL Car Rental
ခရီးသွားကားဝင်းလုံးငှားလုပ်ငန်း
Ph:09-5001347,
09-421070845

Air-Con, ရေခဲသေတ္တာ
အဝတ်လျှော်စက်၊ ကျွမ်းကျင်
နှင့်အလုပ်သင်ဝန်ထမ်းများ
အလိုရှိသည်။
09-5191361

NELC
Don't Worry, Just Speak!
Communicative English Classes
》 Intro
》 Level -1,2,3
》 Listening /Speaking -1 & 2
》 Grammar
》 IELTS Foundation
စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။
မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572


အင်္ဂလန် တက္ကသိုလ်ကြီးများတွင် ဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ ဘွဲ့လွန်ဒီဂရီများ
တက်ရောက်လိုသူများအတွက် တစ်ဦးချင်းပညာရေးဆွေးနွေးအကြံပေးမှုများပြုလုပ်မည်...

University of Hertfordshire
Master of Science in
- Cardiology & Stroke
- Dermatology Skills & Treatment
- Medical Imaging & Rediation Sciences
- Medical & Healthcare
- Public Health

University of Portsmouth
Master of Science in
- Biomedicine
- Medical Biotechnology
- Pharmacy Practice
- Biotechnology
- Social Work

■ လာရောက်ဆွေးနွေးသင့်သူများ
* ဆရာဝန်ဘွဲ့ရများ * ဆေးဝါးကျွမ်းကျင်ဘွဲ့ရများ
* NGOs ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ
■ ဆွေးနွေးပေးမည့်အကြောင်းအရာ
* ကျောင်းဝင်ခွင့်လိုအပ်ချက်များ * ကျောင်းလခနှင့်ကုန်ကျစရိတ်များ
* ဘာသာရပ်အလိုက်အလုပ်အကိုင်အခွင့်အလမ်းများ
* ယူကေဗီဇာအတွက်လိုအပ်ချက်များ
■ ဆွေးနွေးပွဲသို့ ပညာရေးအထောက်အထားစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာပြီး ၂၀၁၇ စက်တင်ဘာလတွင် ဖွင့်လှစ်မည့်ဘွဲ့လွန်တန်းများ ကျောင်းဝင်ခွင့်ကို လျှောက်ထားနိုင်ပါသည်။

FREE 1-TO-1 CONSULTING
နေ့ရက် – ၆.၅.၂၀၁၇ (စနေနေ့)
အချိန် – နံနက်(၁၀)နာရီမှ (၄)နာရီထိ

AT&S
/eduGlobalVillage
အမှတ် (၆၇) မြေညီထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(ဖုန်း) ၀၁-၅၂၁၁၂၅၊ ၀၉-၇၇၇ ၂၂၃ ၂၂၁၊ ၀၉-၇၉၉ ၅၉၅ ၉၄၉


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


အခမဲ့ Facebook နှင့် ပိုကောင်းပြီး ပိုတန်တဲ့ ဒေတာ pack များကို ရယူလိုက်ပါ
ooredoo







| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
| --- | --- | --- |
| ၁,၀၀၀ ကျပ် – ၂,၉၉၉ ကျပ် | Facebook Viber / BeeTalk အူရီဒူး အချင်းချင်း ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် – ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ

စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။
www.ooredoo.com.mm သို့ဝင်ရောက်ပြီး အသေးစိတ်အချက်အလက်များကိုကြည့်ရှုပါ။

nurture®
Private Primary School
We nurture tomorrow leaders!

a part of GETC

# ကိုယ်ပိုင်မူလတန်းကျောင်း

"ကျောင်းနေပျော်၍
ခဦးစားတွေးခေါ်တတ်ရမည်"

- အစိုးရသင်ရိုးနှင့် Cambridge သင်ရိုး
- အရည်အသွေး၊ အရည်အချင်းနှင့် သဘောထားပြည့်ဝသောဆရာ/မ
- ထိရောက်သောသင်ကြားရေးစနစ်
- မြန်မာကလေးများလိုအပ်သောထပ်ဆောင်းသင်ရိုး
- ကန့်သတ်ထားသောလူဦးရေ

၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်အတွက်
ဝင်ခွင့်လျှောက်လွှာများစတင်လက်ခံနေပါပြီ

အမှတ် -၂၀(B)၊ စေတနာမွန်လမ်း၊ တောင်သုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ (ကွယ်ကဘော်နှင့် အင်းစိန်ဆေးရုံအနီး) ဖုန်း ၀၉၄၂၀၆၂၂၂၂၇/၈

✦ ၅-တန်းမှ ၈-တန်းအထိ (နှစ်ပေါက်သင်တန်း)
✦ ဂုဏ်ထူးလည်းရ၊ စကားပြောလည်းသွက်အောင်
✦ ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး

## ဆရာမဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

မေလဆန်း မွှင့်ပြီ

အင်္ဂလိပ်စာဂုဏ်ထူးပန်ဆင်တန်းခွဲများ

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 09-5080104, 09-5047516

## ဦးဝင်းကို

B.Com(Q), C.P.A, ACCA,
Accounting Gold Medalist

LCCI LEVEL 1&2,3

☞ စာရင်းကိုင်သင်တန်းများ ☜

ကျောင်းအပ်လက်ခံပြီ။

အမှတ်(၂၃-B)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
Tel: 09 550 7139, 09 511 8648

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကတ/၁၃/၁၈/၀၅၂)

ထူးချွန်ထောင်အောင်မြင်လိုသူများအတွက် ၄-၅-၂၀၁၇ ကျောင်းကြီးဖွင့်မည်။

# ထိပ်တန်း

အတတ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း

အထူးဂရုစိုက်စာသင်ဝိုင်းများနှင့် ဘော်ဒါ (၅)တန်းမှ(၁၀)တန်းအထိ

ထိပ်တန်း ကျောင်းသား



မောင်ဘုန်းမင်းခန့်
ဆတညာ-၃၀၀
ဘာသာစုံဂုဏ်ထူးရှင်

အငှမတန်းအောင်ချက်-၁၀၀% | ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် | ကျောင်းအပ်လက်ခံပြီ

အမှတ် (၂၀၁)၊ သိမ်ဖြူလမ်းမကြီး၊ ကန်တော်လေးစာတိုက်မှတ်တိုင်၊ ပုဇွန်တောင်ညွှန့်မြို့နယ်။
ဖုန်း-၀၁-၃၇၂၆၄၈၊ ၀၉-၅၁၆၅၆၄၇၊ ၀၉-၇၃၀၀၅၇၆၇၊ ၀၉-၄၄၈၅၄၃၉၇၇

YCTC
Business Institute

**Certificate In Financial Management** — Batch-16, May 14th စမည်
ဒေါ်ဌေးဌေးမြင့် (B.Com(Hons)., M.Com)
Cert in Government Financial Management [Sunday (4:30 PM to 7:30 PM)]

**Certificate In Project Management** — Batch-3, May 11st စမည်
ဦးသူရိန် (Mr. Surendra Verma)
(MBA & IT, Staffardshire University, UK), Area Manager, ABE (UK)
Thursday & Friday (6:00 PM to 8:00 PM)

PASAS (Singapore) မှ အသိအမှတ်ပြု — (Batch 32) May 14th စမည်
**Executive Cert in Business Management** (3 Modules)
(M 1) Cert in Human Resource Management
Dr. ဒေါ်ဥမ္မာမြင့် Ph.D (HRM, Delhi University), M.Com., YIE (9:00 am to 12:00 pm)
(M 2) Cert in Leadership and Organizational Development
Dr. ဒေါ်ဝင်းသီတာ Ph.D (1:00 pm to 4:00 pm)
(M 3) Professional Cert in Marketing Management
Asst. Prof. ဦးဝင်းမင်းသိမ်း (Principal of YCTC) (4:00 pm to 7:00 pm)

Sunday Only (6 Weeks) တစ်ဘာသာချင်းစီ တက်ရောက်သူများကိုလည်း
YCTC မှ Competence Certificate ချီးမြှင့်ပါမည်။

အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)
Ph : 01-393076 , 09-420118100, 09-250640429

AUTRON | နားကြားကိရိယာ



BIG SALES!
(2~9.MAY.17)

ဆိုင်ဖွင့်ချိန်
9:00 am to 6:00 pm

AUTRON Hearing Care Centre မှ နားမကြားသူ မိဘပြည်သူများ၏ နားလေးနှုန်း မည်မျှရှိသည်ကို ခေတ်မီနားတိုင်းစက်များဖြင့် "အခမဲ့" တိုင်းတာပေးပြီး နားကြားကိရိယာများကို အထူးဈေးနှုန်း (5% to 10%)ထိ လျှော့ချပေး၍ "ကံစမ်းမဲ" များကိုလည်း မေတ္တာလက်ဆောင် ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် ၃၇၇၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၄၃၆၄၄၊ ၃၈၅၂၄၅
အမှတ်(၄၃၂)၊ မြေညီထပ်၊ ဗညားဒလလမ်း၊ ရန်ကုန်။ ဖုန်း - ၀၉၄၅၅၂၀၇၄၄၀၊ ၀၉၅၁ ၂၉၅၆၈

မြန်မာပြည်မှာဆို ဘာပဲရှိရှိ ?

# မြန်မာစီးပွားရေးလမ်းညွှန် ၂၀၁၇

ထွက်ပြီ



အထက်ပိုင်း မြို့ပေါင်း (၁၃၃)မြို့ ပါဝင်သည်။
အောက်ပိုင်း မြို့ပေါင်း (၁၀၈)မြို့ ပါဝင်သည်။

www.myanmarbusiness-directory.com | YANGON ☎ 09 44 800 1662 | MANDALAY ☎ 02 4000 611

YOUR GUIDE TO MYANMAR
Myanmar Business DIRECTORY

## ကြော်ငြာ

## ဦးသန်းလှိုင် (၇၇)နှစ်
**B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ အမှတ်(၆)၊ အောင်ချမ်းသာ (၅)လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်-ဒေါ်ကျင်နု)တို့၏ သား၊ (ဦးထွန်းရွှေ-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်ကြင်ကြင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောထွန်းထွန်းလေး-ဒေါ်ဝင်းယုယုလှိုင်(ခေတ္တ-ကနေဒါ)၊ ဦးပြည်စိုး-ဒေါ်သင်းစုစုလှိုင်၊ ဦးရဲဝင်းလှိုင်- ဒေါ်နီလာစန်း(ခေတ္တ-ကနေဒါ)တို့၏ ချစ်လှစွာသောဖခင်၊ မဖြူမီနိုင်၏ ချစ်လှစွာသော အဘိုးသည် ၂-၅-၂၀၁၇(အင်္ဂါနေ့) ည ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းလှိုင် (၇၇)နှစ်
**B.Sc, H.G.P, RL**
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ အမှတ် (၆)၊ အောင်ချမ်းသာ (၅)လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်-ဒေါ်ကျင်နု)တို့၏သားလတ်၊ (ဦးဝင်းတင်-ဒေါ်အေးပို)၊ (ဦးသန်းဝင်း)-ဒေါ်မြကြည်၊ (ဦးကျော်မင်း-ဒေါ်ခင်ရီ)တို့၏ညီ၊ ဦးသန်းငွေ (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဝင်းဆွေ၊ (ဦးစိုးတင့်)-ဒေါ်ပွင့်လေးခိုင်တို့၏အစ်ကို၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေးသည် ၂-၅-၂၀၁၇ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသူရကြီးစိန်(ငြိမ်း) သူရဲကောင်းမှတ်တမ်းဝင်
## အသက် (၆၈) နှစ်
**ကြည်း/၁၄၃၄၄**

မြိတ်မြို့၊ ထုံးဖိုလမ်း၊ အမှတ်(၁၉)၊ ကံဖျားရပ်နေ (ဦးပါငယ်-ဒေါ်ချစ်ရင်)တို့၏သား၊ မြစ်ကြီးနားမြို့နေ(ဦးဘမောင်-ဒေါ်နှင်းအေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၁၁)လမ်းနေ ဒေါ်ချစ်မြ၊ ဒေါ်ချစ်ရှင်၊ ဒေါ်သောင်းသောင်းနုတို့၏တူ၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥယျာဉ်လမ်းသွယ်၊ အမှတ်(၃၉၁/၁၆)နေ ဒေါ်ကြည်မြ၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းမင်းအောင်-မခင်လေးသွယ်၊ ကိုအောင်စိုးမိုး-မသင်းသင်းမူ၊ ကိုမင်းညို-မစန္ဒာအေး၊ ကိုအောင်သူရ၊ ကိုတင့်နိုင်ထွန်း-မအိချောစု၊ မအိမြတ်နိုးဦး၊ မောင်ဟိန်းသံဇဉ်ဦးတို့၏ဖခင်၊ မြေးခြောက် ယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်သန်း(ဘ·ခ·ရ-ငြိမ်း) (၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၆)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်နေ (ဦးချစ်တီး-ဒေါ်အေးကြည်)တို့၏ ဒုတိယသား၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြင်းကပါရွာနေ (ဦးအောင်သင်-ဒေါ်ကြည်)တို့၏ သားသမက်၊ တောင်ဥက္ကလာပနေ (ဦးစောလွင်)-ဒေါ်မေသစ်၊ ဦးကျော်ဝင်း-ဒေါ်သောင်းတင်၊ မကွေးမြို့နေ ဦးတင်ငွေး-ဒေါ်ခင်မြင့်ကြည်၊ ညောင်လေးပင်မြို့နေ ဒေါက်တာမောင်မောင်အောင်ကျော်-ဒေါ်မေမြင့်ထွန်းတို့၏ ညီ/မောင်၊ (ဦးခင်ဝင်း)၊ ဦးအောင်သန်းဝင်း-ဒေါ်ခင်ဝင်း၊ ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်ချိုချိုနွယ်၊ ဒေါ်သီသီနွယ်၊ ပခုက္ကူမြို့နေ ဦးတင်ဦး(ဓာတ်ခွဲခန်းမှူး)-မကေသီ၊ ဦးရဲထွဋ်-ဒေါ်အေးအေးသန့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၇)လမ်း၊ အမှတ်(၁၅)နေ ဒေါ်ယဉ်ယဉ်(B.N.Sc၊ သူနာပြုဆရာမကြီး၊ SSCဆေးရုံ)၏ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ ကိုသန်းငွေးဝင်း-မဇင်မာငွေး၊ ကိုဖြိုးစည်သူ(CB Bank)တို့၏ချစ်လှစွာသောဖခင်သည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာမာစန်း
## အသက် (၅၅) နှစ်

အထက(ဗထူး) ကျောင်းသားဟောင်း ဦးလှဦးမောင်(အာလူး)၏ ဇနီး ဒေါ်မာမာစန်းသည် ၂-၅-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**အ. ထ. က(ဗထူး)ဆရာ/ဆရာမဟောင်းများနှင့်**
**ကျောင်းသား/သူဟောင်းများ**

## ဦးစိုးတင့် (၆၂)နှစ်
**B.E. Civil (RIT)**
**MD, New Westminster Co., Ltd**

ရန်ကုန်မြို့၊အမှတ်(၁၀-က)၊ (၁၅၅)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်နေ (ဦးကြာ-ဒေါ်နှင်းရွှေ)တို့၏ သား၊ ဒေါ်ရင်ရင်အေး (Director- New Westminster Co., Ltd)၏ခင်ပွန်း၊ ဦးသက်နိုင်စိုး (CEO-New Westminster Co.,Ltd,Director-Polyline Studio Pte.Ltd, Singapore)-ဒေါ်ဇင်မျိုးထက်(Head of Finance-New Westminster Co., Ltd)၊ ဦးဇော်ဇော်အောင် (Research Specialist-ITP Lab,University of Calgary,Canada)တို့၏ဖခင်၊ ဗိုလ်မှူးကြီး ဦးကျော်မြင့်(ငြိမ်း)-ဒေါ်အေးအေးစိုးတို့၏ညီသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်ဝင်းမင်းအောင်
## အသက် (၃၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ အမှတ်(၂၄)၊ ကောင်စီလမ်းနေ (ဦးကျွန်းလင်း-ဒေါ်ညိုညို)တို့၏မြေး၊ (ဦးအုန်းလွင်-ဒေါ်ခင်ညွန့်ဝေ)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆၉)၊ ရွှေတောင်တန်းလမ်းနေ ဦးသိန်းမြိုင်-ဒေါ်အေးအေးတို့၏ သားသမက်၊ မနီနီအောင်(စင်ကာပူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇော်ထက်ကို-မစန်းစန်းရီတို့၏ ချစ်လှစွာသောမောင်၊ ဒေါ်ထွေးထွေး၊ ဒေါ်အုန်းမြင့်၊ ဒေါ်ငွေးငွေး၊ ဒေါ်မွှေးမွှေးမြင့်၊ဦးစန်းလွင်၊ ဦးသိန်းဆွေ၊ ဦးလှအောင်-ဒေါ်သန်းသန်းအေးတို့၏ချစ်လှစွာသောတူသည် ၃-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် သန်လျင်အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ရှုကြည်(မအူပင်မြို့) (၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက်အမှတ် (၃၁၂/၃၁၈)၊ အခန်းအမှတ် (၂၀၂)၊ ဂရိတ်ဝေါကွန်ဒို(A)နေ (ဦးယုံစိန်)၏ ဇနီး၊ (ဦးထွန်းမြင့်)-ဒေါ်တင်တင်နွယ်၊ ဒေါ်ပိုပိုကြည် (ညွှန်မှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)၊ ဦးထွန်းတင့် (လ/ထ ကထိက-ငြိမ်း၊ နည်းပညာတက္ကသိုလ်-မန္တလေး)-ဒေါ်ချိုနီတို့၏ချစ်လှစွာသောမိခင်ကြီး၊ ဦးဇော်လွင်မိုး-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ချောစုစုလွင် (လ/ထ ညွှန်မှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)-ဦးဘုန်းမြင့်သူ(ဒု-ခရိုင်ဥပဒေအရာရှိ မြင်းခြံခရိုင်ရုံး)၊ ဒေါက်တာမန်းသူဇာထွန်း-ဦးသန်းဇော်ဝင်း၊ ဒေါက်တာမန်းဘဟန်ထွန်း-ဒေါက်တာယဉ်ဖြူကို၊ ဦးမျိုးမြတ်သူ (ခေတ္တ-ကိုရီးယား)-ဒေါ်ဝေလွင်အောင်၊ ဦးမျိုးမင်းသူတို့၏ ချစ်လှစွာသော အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများ၊ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ၈-၅-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇော်(ကျန်းမာရေးဦးစီးဌာန) (၇၃)နှစ်
**(စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ)**
## မောင်လွမ်းနွယ်(အောင်လံ)

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ မြို့သစ်အဝင်လမ်း၊ အမှတ်(၂၀၇၀)နေ (ဦးငြိမ်း-ဒေါ်အေးကြိုင်)တို့၏သား၊ အောင်လံမြို့နယ်၊ ပြလို့ရွာနေ ဆရာမကြီး (ဒေါ်ခင်မြငြိမ်း)၏ခင်ပွန်း၊ ဦးနေမြတ်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ငြိမ်းငြိမ်းထိုက်(ခ)မမိုးတို့၏ဖခင်၊ မယဉ်မင်းအေး၊ မောင်ချမ်းမြေ့ဝင်းတို့၏အဘိုးသည် ၂၉-၄-၂၀၁၇ (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အုံးမြ အသက် (၇၀)
**(အထည် ၁၁၊ စက်မှုဝန်ကြီးဌာန-ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ သီရိဇေယျာကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒ၏ ဒါယိကာမကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းဘူတာရုံလမ်း၊ အမှတ်(၆၅၆)နေ ဦးဝင်းမောင်(PPE-ငြိမ်း)၏ဇနီး၊ ကိုကျော်ကျော်မိုး-မအေးအေးဝင်း၊ ကိုနေဇော်အောင်-မကြူကြူဝင်းတို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်အုံးမြသည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
**(ပျဉ်းမနားအသင်း)**
## ဒေါ်ရီရီခိုင် (၇၃)နှစ်

ပျဉ်းမနားမြို့နေ ရွှေကုန်သည် ဦးညို-ဒေါ်သန်းရင်တို့၏သမီး၊ ရွှေကုန်သည် ဦးပန်းမြ-ဒေါ်စောလှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအနောက် (၁)လမ်း၊ အမှတ်(၂၂-က/A)၊ ပထမထပ်နေ ဦးမောင်မောင်ခိုင် (သာကေတမြို့နယ် NLD နာယကကြီး)၏ ဇနီး၊ ဦးသက်ဦး-ဒေါ်အေးအေးရီ၊ ဦးစိုးဝင်း-ဒေါ်နီလာခိုင်၊ ဦးကျော်ငွေးထွန်း-ဒေါ်မိုးကေသီခိုင်၊ ဦးဝင်းထွန်း-ဒေါ်ကေသွယ်ခိုင်၊ ဒေါ်ဝင်းပပခိုင်၊ ဦးသီဟမောင်မောင် - ဒေါ်သက်သက်မာ၊ ဦးကျော်ဇေယျ-ဒေါ်သင်းသင်းနွယ်တို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ အမှတ်(၂၂-က/A)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## အင်နာဂျွန်(ခ)ဒေါ်အေးသန်း
## အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်)၊ အမှတ် (၄၂)၊ ဒုတိယထပ် (ဝဲ)ဘက်ခန်းနေ [ဦးဂျေအေဒီဟော့(စ်)-ဒေါ်မေရီဒီဟော့(စ်)]တို့၏ သမီး၊ [အက်(စ်)ဗင်ကာတာ(ခ)ဦးမောင်လှ]၏ဇနီး၊ Mr.Max-Anita ခင်အေးလှ၊ ကို Tony သန်းလှ-မအေးအေးသွဲ့တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ Teresa John ၏ချစ်လှစွာသောအဘွား အင်နာဂျွန်(ခ)ဒေါ်အေးသန်းသည် ၂-၅-၂၀၁၇ ရက် ညနေ ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၅-၂၀၁၇ ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်ခင်ကြီး
## အသက် (၇၆)နှစ်
**Senior Maths Teacher**
**Diplomatic School Yangon**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံငြိမ်းလမ်း၊ အမှတ်(၁၃)၊ ဒုတိယထပ်၊ ညာဘက်အခန်းနေ (ဦးထွန်းသိုက်-ဒေါ်မယ်မယ်)တို့၏ သမီး ဒေါ်ခင်ခင်ကြီးသည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် Sakura Hospital ၌ ကွယ်လွန်သွားပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်း(ခ)ကိုအေး(မုဒုံ)
## အသက် (၆၅)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်နေ ဦးကြူမင်း(တိုင်စင်း)-ဒေါ်သိုက်ငွေးတို့၏ သား၊ ဗဟန်းမြို့နယ်၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်နေ ပခုက္ကူအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင် (OK Myamnar Co. Ltd)- ဒေါ်မိုးမိုးထွေး (Golden Ok Pte Ltd)တို့၏ အစ်ကို ဦးမျိုးမင်းသည် ၂-၅-၂၀၁၇ရက် နံနက်တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များသိစေအပ်ပါသည်။ ပခုက္ကူအသင်း(ရန်ကုန်)

## မငွေဇင်လှိုင် (၃၄)နှစ်
**ဒုဦးစီးမှူး**
**ဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၉၅၂/ခ)၊ ကျွန်းရွှေဝါလမ်းနေ(ဦးမြလှိုင်)-ဒေါ်ခင်ဝင်းတို့၏ သမီး၊ ဦးအောင်ကျော်စိုး၊ ဦးမျိုးဇော်သူ-ဒေါ်စုစုလှိုင်၊ ဦးအောင်သက်ထွန်း-ဒေါ်အိအိသက်၊ ဦးအောင်မျိုးဦး-ဒေါ်အေးအေးမြတ်တို့၏ ညီမသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မြင့် (၇၄)နှစ်
**(ကျောက်တံခါးမြို့)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးလှဒင်-ဒေါ်အေးပို)တို့၏ သား၊ ဦးအောင်ထွန်း-(ဒေါ်အေးယုံ)တို့၏သားသမက်၊ (ဦးသောင်း-ဒေါ်ငွေကျင်)၊ ဦးပန်းစံ-(ဒေါ်အုံးကြည်)၊ ဦးစိုးလွင်-ဒေါ်ခင်ရီ၊ (ဦးအောင်ဒင်)-ဒေါ်ခင်ထွေးတို့၏မောင်၊ ဦးလှသန်း-ဒေါ်ထွေးသိန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၁၇)လမ်းအရှေ့၊ အမှတ်(၅၁/ဘီ)နေ ဒေါ်ခင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်နိုင်ဦး-ဒေါ်စန်းစန်းမြင့် (အထက်တန်းသူနာပြု၊ အရိုးဆေးရုံ၊ ကြည့်မြင်တိုင်)၊ ဒေါ်ခင်မိုးနှောင်း၊ ဒေါ်ခင်မို့မို့ထွေး (ဓာတ်မှန်ဌာန၊ သယ်န်းကျွန်းစံပြဆေးရုံကြီး)၊ မချစ်စန်းနိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိဖြိုးသွယ်၊ မမေဖြိုးသွယ်တို့၏အဘိုး ဦးမောင်မြင့်သည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ရက် ညနေ ၃နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မြင့် (၇၄)နှစ်
**(ကျောက်တံခါးမြို့နယ် အသင်းနာယက)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးလှဒင်-ဒေါ်အေးပို)တို့၏သား၊ ဦးအောင်ထွန်း-(ဒေါ်အေးယုံ)တို့၏ သားသမက်၊ (ဦးသောင်း-ဒေါ်ငွေကျင်)၊ ဦးပန်းစံ-(ဒေါ်အုံးကြည်)၊ ဦးစိုးလွင်-ဒေါ်ခင်ရီ (ဦးအောင်ဒင်)-ဒေါ်ခင်ထွေးတို့၏မောင်၊ ဦးလှသန်း-ဒေါ်ထွေးသိန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၁၇)လမ်းအရှေ့၊ အမှတ်(၅၁/ဘီ)နေ ဒေါ်ခင်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်နိုင်ဦး-ဒေါ်စန်းစန်းမြင့်(အထက်တန်း သူနာပြု၊ အရိုးဆေးရုံ၊ ကြည့်မြင်တိုင်)၊ ဒေါ်ခင်မိုးနှောင်း၊ ဒေါ်ခင်မို့မို့ထွေး (ဓာတ်မှန်ဌာန၊ သယ်န်းကျွန်းစံပြဆေးရုံကြီး)၊ မချစ်စန်းနိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိဖြိုးသွယ်၊ မမေဖြိုးသွယ်တို့၏အဘိုး ဦးမောင်မြင့်သည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] အလုပ်အမှုဆောင်အဖွဲ့

**ရဟန်းဒါယကာကြီး**
## ဦးအောင်အောင်(စမ်းချောင်း)
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆၁)၊ မြောင်းကြီးလမ်း၊ ရေကျော် (၈)ရပ်ကွက်နေ (ဦးလှသိန်း-ဒေါ်လှမြင့်)တို့၏သား၊ ဦးမြင့်အောင်-ဒေါ်တင်တင်ဦးတို့၏သားသမက်၊ ဒေါ်တင်မြင့်ကြည်၊ ဒေါ်မေလတ်ကြည်၊ (ဦးကျော်ကျော်)၊ ဒေါ်စန်းစန်းငွေးတို့၏မောင်၊ ဒေါ်အေးအေးစန်း၊ ဦးဇော်လင်း၊ ဦးကျော်စွာသိန်း၊ (ဦးသိန်းမြင့်စိုး)တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်း၊ မပြည့်အိခိုင်၊ မောင်နေလင်းထွန်းတို့၏ မွေးသဖခင်ကျေးရှင်သည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ သာသန
**(ရတ္တညူမဟာနာယက၊ မြသိန်းတန်စေတီတော် ဩဝါဒါစရိယ)**
## သိက္ခာတော်(၇၀) ဝါ၊ သက်တော် (၉၁) နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ သဒ္ဓမ္မသိပ္ပံကျောင်းတိုက် ဦးစီးပဓာနနာယက ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တသာသန မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၆ရက်) ၁-၅-၂၀၁၇(တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) ၅-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သဒ္ဓမ္မသိပ္ပံကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးကြေညာအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးကျော်ညွန့်(ရွာကလေးရွာ၊ လက်ပံတန်း) (၉၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ တိုးချဲ့ (၂)လမ်း၊ အမှတ် (၂၃/က)နေ (ဦးပု-ဒေါ်မွှေး) တို့၏ သား၊ (ဒေါ်ခင်လေးမ)၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်တိုး၊ ဦးကြည်(ဦးကျင်) (စာရင်းကိုင်ချုပ်၊ Ruby Dragon Group of Companies)၊ ဒေါ်တိုးဝင်း၊ ဦးဟန်ဝင်း-ဒေါ်မြင့်မြင့်ရီတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ် ၁၅ယောက်တို့၏ဘိုးဘိုးကြီး ဦးကျော်ညွန့်သည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ကျင်ကြည်(မော်လမြိုင်) (၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ တိုက် (၂၇၃)၊ အခန်း (၉)နေ (ဦးရှင်ထိုင်-ဒေါ်ငုံညော်)တို့၏ သမီး၊ (ဦးတင်စော)၏ဇနီး၊ (ဦးအောင်တိတ်-ဒေါ်ကျင်ပို့)၊ ဒေါ်ကျင်ပန်၊ (ဦးတိတ်ရှိန်-ဒေါ်ကျင်ငွေး)တို့၏ ညီမ၊ (ဦးတိတ်ကြည်-ဒေါ်ကျင်သောင်း)၊ (ဦးတိတ်လွင်)-ဒေါ်နုနုရီ၊ ဦးအေးလွင်-ဒေါ်အေးမြင့်တို့၏အစ်မ၊ ဦးဇော်ဝင်း-ဒေါ်အေးအေးစော၊ ဦးသိုက်ညွန့်-ဒေါ်ညိမ်းညိမ်းစော၊ ဒေါ်ကြည်ကြည်စော၊ ဒေါ်ထွေးထွေးစော၊ ဒေါ်မိမိစော၊ ဦးကြည်လွင်-ဒေါ်ခင်နွဲ့ရီ၊ ဒေါ်သီတာစော၊ ဦးအေးသိုက်-ဒေါ်ဝင်းစုစုထွေးတို့၏မိခင်၊ မောင်ဘုန်းသစ်-မစုမြတ်မွန်၊ မခိုင်စုလွင်၊ မောင်မင်းသူလွင်၊ မောင်ကောင်းမြတ်ထွဋ်၊ မောင်သန့်ထူးအောင်၊ Raymond သိုက်၊ Emily သိုက်တို့၏အဘွား၊ Stella လင်းသစ်၏ ဘွားဘွားကြီးသည် ၃-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးအောင်သင်း (၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၀)၊ (၁၇)လမ်းနေ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်ကျင်ထွေး၊ ဦးသိန်းလှိုင်-ဒေါ်သန်းသန်းအေး၊ ဦးစန်းလွင်-ဒေါ်ခင်အေးသန့်၊ ဦးလှဝင်း-(ဒေါ်ခင်စန်းဝေ)တို့၏မွေးသဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၇ရက် နံနက် ၅း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်ထင်(ချောက်) (၇၇)နှစ်
**လ/ထ ကထိက (ကလော/ချောက်/အေးသာယာ/အင်းစိန်၊ မိတ္ထီလာ GTI-ငြိမ်း)**
**အထပြ (ချောက်၊ အထက-၁/အထက-၂၊ ငြိမ်း)**

ချောက်မြို့နေ (ဦးမြထင်-ဒေါ်ခင်ထား)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်စိုးရှင်)တို့၏ သမီးချွေးမ၊ ဒေါ်ခင်ဝင်းကြည်-ဦးရဲမြင့်၊ (ဦးသိန်းဝင်း)-ဒေါ်လှလှသန်း၊ ဒုဗိုလ်မှူးကြီးထင်ကျော်(ငြိမ်း)-ဒေါ်နန်းမွှေး၊ ဒေါ်ခင်ခင်ရွှေ-(ဦးမြင့်ဆွေ)၊ (ဦးထင်ဇော်)-ဒေါ်ရီရီညွန့်တို့၏အစ်မကြီး၊ ဦးမြင့်စိုးအောင်[စက်မှုအထက-၂အေးသာယာ(GTI)၊ မိတ္ထီလာ GTI ကျောင်းအုပ်ကြီး-ငြိမ်း]၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ထင်သည် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၄နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [သယ်န်းကျွန်းမြို့နယ်၊ သုမန (၄)လမ်း၊ အမှတ်(၈၅၄) နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစုများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းလွင် (၇၁)နှစ်
**(အပတ်စဉ်-၁၁၊ နှစ်ရှည်စက်မှုသင်တန်း-ကစလ၊ ၁၉၆၈ ခုနှစ်)**
**မရမ်းကုန်းမြို့နယ်၊ သတင်းစာကိုယ်စားလှယ်**

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့နယ်၊ ကြောင်ရေရွာနေ (ဦးလှမောင်-ဒေါ်သိန်းလှ)တို့၏သား၊ (ဦးအောင်အောင်)-ဒေါ်ခင်ရီတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၂၁၂/ခ)၊ မြေညီထပ်နေ ဒေါ်သန်းသန်းလှိုင် (Heather Perkin's)၏ခင်ပွန်း၊ (ဦးသန်း)-ဒေါ်နီလာလွင်၊ ဦးအောင်စိုး (No.6,YBS)- ဒေါ်ချိုမာလွင်၊ ဦးသန်းထိုက်ဦး-ဒေါ်လဲ့လဲ့လွင်၊ ဦးဝင်းလင်း (M.D မြန်မာသံလွင် သတ္တုတူးဖော်ရေးကုမ္ပဏီ)-ဒေါ်အေးသီတာလွင်(Open Tea Shop၊ လှိုင်တော်ဝင်း)၊ ဦးနေမျိုးလွင်-ဒေါ်အိမေလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်လတ် (၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၁၁၉၇)နေ ဦးဘသင်-ဒေါ်ခင်ညွန့်တို့၏သား၊ ဦးထင်အောင်ဝင့်-ဒေါ်အေးငြိမ်းလတ်၊ ဦးဟန်မင်းလတ်တို့၏ဖခင်၊ (ဒေါ်ဖြူဖြူလှ)၏ ခင်ပွန်း ဦးတင်လတ်သည် ၂၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၀)ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**ရန်ကုန်  မေ  ၃**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ စတင်ကျင်းပပြီး အစည်းအဝေးအား သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများ၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲထံမှ သိရသည်။

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှာပါတဲ့ ခေါင်းစဉ်ရပ်တွေကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❂

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၃**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းနှင့် အားကစား/ကာယပညာဦးစီးဌာန အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

လက်ရွေးစင်ကစားသမားအများစု ပါဝင်နေပြီး အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် အသင်းများ၏ တွေ့ဆုံမှုဖြစ်သောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အခွင့်အရေးများ အသုံးမချနိုင်ခဲ့သောကြောင့် သရေပွဲဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ အားကစား/ကာယပညာဦးစီးဌာန အသင်းသည် သုံးပွဲကစားအပြီးတွင် ရှုံးပွဲမရှိ ပေးဂိုးမရှိသေးဘဲ ခုနစ်မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး သစ္စာအားမာန်အသင်းသည် သုံးပွဲကစား ငါးမှတ်ရရှိထားသည်။ ပွဲစဉ် (၃) နောက်ဆုံးနေ့ကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**



မြန်မာခြင်းလုံးအသင်း လေ့ကျင့်နေစဉ်။

# ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော်  မေ  ၃**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာခြင်းလုံးအသင်း ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဆီးဂိမ်းအကြို အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၇ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၏ လမ်းညွှန်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာတို့၏ ဘိုးဘွားအမွေအနှစ်ဖြစ်သော ခြင်းလုံးခတ်ကစားခြင်းကို နိုင်ငံအနှံ့သိရှိ ဂုဏ်ယူနိုင်စေရန်၊ နိုင်ငံတကာမှ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းအား စိတ်ဝင်စားကာ ပြိုင်ပွဲများ ဝင်ရောက်လာကြစေရန်၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းအား အရှေ့တောင်အာရှမှ အာရှ၊ အာရှမှ ကမ္ဘာ့အဆင့်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ရိုးရာခြင်းလုံးအားကစားနည်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ၂၀၁၃ ခုနှစ်မှစ၍ ပါဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင်မူ အမျိုးသားပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

# စီးတီးရန်ကုန်ကို မြဝတီအသင်း အနိုင်ရ

**ရန်ကုန်  မေ  ၃**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့် ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြဝတီနှင့် ဖီးနစ်အသင်းတို့ ဒုတိယအဆင့် တက်ရောက်ခဲ့သည်။

ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် ထိပ်ပိုင်း၌ အပြိုင်ဖြစ်နေသည့် မြဝတီနှင့် စီးတီးရန်ကုန်အသင်းတို့ အကြိတ်အနယ်ကစားခဲ့ရပြီး မြဝတီအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။ မြဝတီအသင်းသည် ဒုတိယအဆင့်တွင် နာမည်ကြီးရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စီးတီးရန်ကုန်အသင်းသည် ပင်နယ်တီမှ ချေပဂိုးရခဲ့သော်လည်း ပင်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် ရလဒ်မကောင်းခဲ့ပေ။

နှစ်သင်းစလုံး နောက်တစ်ဆင့် တက်ရောက်ရေးအတွက် အမာခံကစားသမားများစွာဖြင့် ပွဲထွက်လာခဲ့ပြီး အပြန်အလှန် တိုက်စစ်ဆင်ခဲ့သည်။ နိုင်ငံခြားသားကစားသမားများပါဝင်သည့် စီးတီးရန်ကုန်အသင်းသည် ဂိုးသွင်းခွင့် ပိုရခဲ့သော်လည်း မြဝတီအသင်းက ခပ်မာမာတုံ့ပြန်ကစားခဲ့သည်။ စီးတီးရန်ကုန်အသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ မိနစ် ၄၀ တွင် မြဝတီအသင်း ဂိုးပေးလိုက်ရသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖




မြဝတီအသင်းအတွက် ဦးဆောင်ဂိုးကို ကောင်းစည်သူ သွင်းယူရာ ဂိုးဝင်သွားစဉ်။




လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျက်ရှိသော Lable Sticker များအတွက်

သတင်းကောင်းလေး ပေးပါရစေ

LABEL PRINTING SERVICE.

Lable Sticker ဆိုဒ်အမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိပ်အနေဖြစ်၄င်း အရွက်အနေဖြစ် ၄င်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဂန်ဆောင်မှုပေးလျှက်ရှိပါသည်။

Main Label
Label Printing Services

No.38A, Ka Naung Min Thar Gyi Road, Hlaing Thar Yar Industrial Zone(1), Hlaing Thar Yar Township,Yangon, Myanmar . Tel: +95 1 682034